www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၂၁၈၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၂၃၆၀၆၁၀
ထုတ်ဝေခြင်း
၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ၊
ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀)ကျပ်
ထုတ်ဝေသူ
ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အမှတ် (၁၁၁)၊ (၃၃)လမ်း၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်အိမွန်သက်လွင် (မြ-၀၀၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်
အမှတ် (၁၀၆)၊ တာမွေလမ်း။
တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
အောင်လွင် (CONQUEROR)
ပြင်ပဆက်သွယ်ရေးမှူး
ခင်ဟာဆွေ
ဖြန့်ချိရေးမှူး
မြတ်မာမာမွှင်း
အတွင်းဖလင်/စာအုပ်ချုပ်
T.S.M
သစ္စာမွန် Publishing Center မှ
တာဝန်ယူ စီစဉ်ပါသည်။

## အပိုင်း (၁)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

နေလေးပူတူန်း အဝတ်စိုတွေ ထုတ်လှမ်းနေဆဲ မီးဖိုထဲက ဟင်းအိုးတူးနံ့ကြောင့် အဝတ်တွေကို ချိတ်မနေအားတော့ဘဲ ကိုင်လျက်ဘန်းလန်းနှင့် အိမ်ပေါ်ပြေးတက်ခဲ့ရပြန်သည်။

ကြည့်စမ်း စောစောကပဲ မဆလာနံ့သင်းသင်းနှင့် မွှေးကြိုင်သင်းပျံ့နေသော ကြက်သားအိုးက ခြစ်တူးတူးနံ့ထွက်၍ အနားစပ်တွေကာပဲနေပြီ။

ဟင်းအိုးကို ကပျာကယာ ဆွဲချတာ ပြင်ထားပြီးသည့် မုံလာချဉ်ရည်ဟင်းအိုးကိုတောက်တင်။

ကြက်သားဟင်းရဲ့အဖြစ်ကို ပြုပြင်မလို့ ကြည့်နေတုန်း ဖျတ်ခနဲ မီးလာ၏။ လျှပ်စစ်မီးဖိုကိုင်က ရဲခနဲ တောက်လာတော့ ခလုတ်ပြေးပိတ်။

တစ်ယောက်တည်း အသက်တောင် ရှုမိရဲ့လားမသိ။

မသေသေးသည်မို့ အသက်ရှူနေသေးတယ် ထင်ပါသည်။

"အန်တီစိုး အန်တီစိုး"





"ဟေး"

ခြံဝက ခေါ်သံကြောင့် လှမ်းထူးရင် မီးသွေးမီးဖိုပေါ်က ဟင်းအိုးကို ကိုင်ပေါ်ပြန်တင် ခလုတ်ဖွင့် ပန်းပေါ်မှာ ဖြစ်သလို တင်ထားသည့် အဝတ်တွေက ဟိုကကျ ဒီကကျ။

"မီးလာပြီလေ. . . သမီးတို့ကို ရေထည့်ပေးပါအုံး"

"ဪ. . . အေးဟေ့. . . ထည့်ပေးလိမ့်မယ်. . . ကန်ထဲမှာ ရေတောင် ကျန်သေးရဲ့လား မသိဘူး"

ပြောရင်း လက်နှီးခု ကိုင်လျက်အပြင်ထွက်လာခဲ့တော့ ထုမင်းရောင်းသည့် တင်တင်မြင့်ကို ခြံဝမှာရပ်လို့ တွေ့ရသည်။

"ရေမကျန်တော့ဘူးလို့ မလုပ်ပါနဲ့ အန်တီစိုးရယ်. . . သမီးတို့ ရေချိုးစရာတောင် တစ်စက်မှ မရှိတော့ဘူး. . . လာထည့်ပေးပါနော်"

"အေးပါ. . . ကလေးတွေ ကျောင်းကပြန်လာရင် ထည့်ပေးလိမ့်မယ်. . . မနက်က လမ်းထိပ်မှာ ထည့်ထားကြတာ. . . ကျုပ်တို့နေတော့ ထည့်ပေးမှာပေါ့. . . နေ့လည်က အန်တီစိုးက မအားလို့ နေ မောင်းထားခဲ့ဘူးလေ"

"ဒါဆို သမီး ပိုက်ဆွဲသွားလိုက်မယ်. . . ရေထည့်ရင် သမီးတို့အိမ် အရင်ထည့်ပေးနော် အန်တီစိုး"

"အေး. . . ဆွဲထား. . . ဆွဲထား"

တင်တင်မြင့် ထွက်သွားတော့ ပန်းပေါ်က အဝတ်တွေကို လှမ်းဖို့သတိရကာ အိမ်ရှေ့ ပြန်ထွက်ဖို့ ပြင်လိုက်မိပြီးမှ လက်ထဲက လက်နှီးခုကို မြင်တော့. . .

"ဟောတော့. . . မီးသွေးတွေ ကုန်ပါပြီ"

မီးဖိုထဲမှာ ရဲတောက်နေသည့် မီးသွေးတွေကို မီးညှပ်နှင့်ယူ၍



www.burmeseclassic.com

www.burmeseclassic.com

အိုးထဲပြောင်းထည့်ကာ အိုးကိုလေလုံအောင် ပိတ်ပစ်လိုက်၏။

ဟင်း. . . မလွယ်ပါလား

သက်ပြင်းကြီးချ၍ ကိုယ့်ကိုယ်ကိုတောင် သနားလာရတဲ့အဖြစ်။ မီးပျက်နေတဲ့ နေ့တွေဆို မီးသွေးနဲ့ ချက်ပြုတ်ရတိုင်း ဒေါ်စိုးစိုးထက် တစ်ခုမဟုတ်တစ်ခု ဒုက္ခရောက်ရသည်ချည်းပင်။

မီးသွေးက မွှေးပြီးပြီဆိုကတည်းက အဆက်မပြတ် တည်နိုင်မှမဟုတ်လျှင် မီးသွေးက လေသလို စိတ်ပင်ပန်းရရော အလွန်ကောင်းမေသည်။

ကိုယ့်မှာ အစုမဲ့တွေ ကိုင်ထားတာက တစ်ဖက်၊ ခွေတိုးချေတဲ့အလုပ်ကလည်းရှိ။ ညသည်က အချိန်မရွေးလာသည်။

နောက်ပြီး 'လှာမှာစွဲ' နာမည်နှင့် မုန့်မျိုးစုံ လုပ်ငန်းကလည်းအကြီးအကျယ်ကြီး မဟုတ်ပေမယ့် ကိုယ်ပဲ ဦးစီးနေရသည်။

လမ်းထဲမှာ ရေထည့်တော့လည်း ကလေးတွေ မရှိလျှင် ကိုယ်ပဲ။ ရေထည့်ဖို့ လူငှားထားပြန်တော့ ကိုယ့်စီးပွားလို သဘောထားပြီး စေတနာပါပါ မလုပ်သည့်အပြင် ရေဘိုးပိုက်ဆံကို အတွက်ကျပြန်မရဘဲ စာရင်းကအမြဲကွာသည်။

ဒါ့ထက်ဆိုးတာက ရေမောင်းသည့် မော်တာကို ဂရုမစိုက်တော့ခဏခဏ မော်တာလောင်သည်။

တစ်ခါကုန်လိုက်လျှင် နှစ်သောင်းကျော်. . .

ထို့ကြောင့် ဒေါ်စိုးစိုးထက် ရေထည့်ဖို့ လူငှားမထားတော့ပါ။

ကလေးတွေကလည်း တစ်ယောက်က သမိုင်းအဓိကနှင့် နောက်ဆုံးနှစ် တစ်ယောက်က ဥပဒေ ပထမနှစ်။

သမိုင်းအဓိကသမားက သားအကြီးဆိုပေမယ့် နေရာတကာ





အလိုက်တသိ ညာတာမှုရှိ၍ ဒေါ်စိုးစိုးထက် အားကိုးရသည်။

အငယ်မကတော့ ပေါက်ကျော်မ။

သူ့ကိုယ်သူ တက္ကသိုလ်ကျောင်းသူဆိုတာတောင် တစ်ခါတစ်ခါမေ့နေတတ်သူ။

"အမေ. . ."

"ဟော. . . သားကြီးပြန်လာပြီ"

"အမေ. . . အမေ့သမီး. . . လမ်းထိပ်မှာ ကလေးတွေနဲ့ရော့ပြီးမဲနှိုက်နေတယ်"

"ကြည့်စမ်း"

ကိုယ့်မှာတော့ သူတို့ပြန်လာတာနှင့် စားနိုင်အောင် ချက်ပြုတ်ရင်းပြေးဒီလွှား။

"ဘယ်လမ်းထိပ်လဲ သား. . . ဘာမဲတွေ နှိုက်နေတာလဲ. . . ဒီ. . . ကောင်မ အရှက်မရှိ"

"ကလေးတွေ ဆော့တဲ့ ရိန်းဂျား၊ ရုပ်လေးတွေနဲ့ ကားလေးတွေ အအေးဘူးလေးတွေ သွားနှိုက်အမေ. . . မြန်မြန်သွား ကျွန်တော် ခေါ်တာ . . .ဝမရဘူး"

"အေး. . . သွားမယ်"

● ● ●

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့. . . ဒါပစ်တာ ဝင်တယ်လေ"

"ဟင်. . . ဘာမှမဝင်ဘူး. . . ထိရုံထိပြီး ဖန်ခွက်က လဲသွားတာ"

"ဘာလို့ ပေးရမှာလဲ"

"တက်တိုး. . . နင်မညစ်နဲ့နော်. . . ငါ ပိတ်ထုပစ်လိုက်မှာ"

"သူ့ကို မထုနဲ့ ငါထုတာ အရင်ခံ"

"ဒေါက်"

"အား"

ခေါင်းမှာ ပူခနဲ ဖြစ်သွားလျက် လက်သံရှင်ကို လှည့်မကြည့်ရပါဘဲ မင်းထက်ရှား သိလိုက်သည်။

"လာခဲ့. . . ရှာဆော်ကဲမ. . ."

"အာ. . . အမေနော်. . . နာတယ်. . ."

နားရွက်ကို အလိမ်ခံလိုက် ရပြန်သည်။

မင်းထက်ရှား မျက်နှာလေး ရှုံ့မဲ့သွား၏။





လမ်းထိပ် လက်ဖက်ရည်ဆိုင်က လှမ်းမြင်သမျှ လူတွေပြုံးစိစိနှင့်ကြည့်နေကြ၏။

ဒီလိုကျတော့ မင်းထက်ရှား ရှက်ရွံ့သတိရ၏။

"ညည်းက ဒီအဖေးဘူးတို့ မသောက်ဖူးလို့ ကလေးတွေကြဲဝင်လု နေရတာလား. . . ဟင်. . . မရှက်ဘူးလား. . . မင်းထက်ရှားရဲ့"

ကျေနပ်နေတဲ့ အချိန်ဆို သမီးရေ ထက်ရှားရေနှင့် အမေတို့က ချောလို့. . .

ဒီလိုများ ပြောခွင့်ရပြီဆို "မင်းထက်ရှား" ဆိုတဲ့ အသံကြီးက အတုံးလိုက်အတစ်လိုက်။

ဆူဆူ ပွပွနှင့် လွယ်အိတ်ကို ကြီးကုနေ တန်းလန်းဆွဲလျက်နှင့် မင်းထက်ရှား အမေ့ရှေ့က ထွက်ခဲ့သည်။

ကြည့်စမ်းပါအုံး လှပေါင်းစုံနေတဲ့ လမ်းထိပ်မှာ မြေကြီးပေါ် အဝတ်စဖြန့်ခင်း၍ အပုံလိုက် ကလေးတွေ ချထားတဲ့ ဂဏန်းတွက်ထဲမှာ ဘူးခွံတွေလိုက် ကောက်၍ဆေးသကြားနဲ့ ဆေးရောင်တွေ ရောဖျော်ကာ အအေးဘူးလုပ်ထားတဲ့ ဟာတွေရော၊ ဆေးရောင်ပြယ်နေတဲ့ ကော်ကား အစုတ်လေးတွေရော၊ ရုပ်ပုံကားချပ်တွေ ရှုပ်ယှက်ခတ်လျက်။

ဒင်းမို့ ကိုယ့်အရွယ်ကြီးနဲ့ မရှက်မကြောက်။

မလစ်လိုက်နဲ့ မအေလစ်တာနဲ့ မင်းထက်ရှားတို့ ဆော့ပြီ ရေထည့်ပြီဆိုလည်း. . .

ကျောက်ဒိုး ဝင်ထုလိုက ဂျင်ပေါက်လိုပေါက်။

တခါတလေ ရေထည့်နေတဲ့အိမ်မှာ ဗွီစီဒီဝင်ဆိုနေလို့ ရေတွေက လျှံချင်တိုင်းလျှံကာ အိမ်ထဲမှာ ချောင်းစီးနေမှ အိမ်ရှင်က ထအော်တော့တဲ့ အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းထက်ရှား ဒင်းသိမယ်။

အားလုံးဖွေကြည့်ရင်း ဒေါ်စိုးစိုးထက် သမီးလုပ်သူကိုပဲ ဒေါ်သဖြစ်လို့မဆုံး။ ကကယ်ဆို သူမရဲ့ တစ်ဦးတည်းသော သမီးလေး။

ဟိုတစ်ယောက်က မွေးစားသားပါ။

ကိုယ်မွေးတဲ့သမီးက မိဘကို ကူရမှန်းမသိတဲ့ သွေးမတော်သည့် ယောက်ျားလေးက အစစ သိတတ်နေသည်။

တစ်နေ့တစ်နေ့ ဒီသမီးကို အချိုးပြောင်းသွားအောင် လုပ်ဖို့နည်းလမ်းရှာရခက်နှင့် အကြံချုပ်လျှင် လက်မှာအပ်ဆူးသည်။

ထမင်းအိုးငှဲ့လျှင် အပူလောင်၏။

ဘယ်အချိန်မှာ ဘာအလုပ်ပဲလုပ်နေနေ ဒီသမီးအကြောင်းပဲ။

"ညည်းကြောင့် ခက်တယ် မင်းထက်ရှား... ကြည့်စမ်း... လမ်းထိပ်မှာ ညည်းမို့ အရှက်မရှိ ကလေးတွေနဲ့ ရောပြီးတော့များ..."

"ဟာ... အမေကလည်း ပူစူးမက အအေးဘူး လိုချင်တယ်ဆိုလို့ ထက်ရှား သူ့အတွက် ဝင့်ပစ်ပေးတာပါ"

"ဟဲ့... အဲဒါ ဝင်ပစ်စရာလား... ညည်း ဝင်ပြိုင်တဲ့ ကလေးတွေကို ကြည့်စမ်း... လူမြင်လို့ ကောင်းရဲ့လား"

မင်းထက်ရှားက လွယ်အိတ်ကို စားပွဲပေါ် ပစ်တင်၍ ရေချိုးနေသည့် နေရှင့်ကို အံတကြိတ်ကြိတ်နှင့် ကြည့်၏။

နေရှင့် ဖွတ်ခနဲ လှမ်းကြည့်ကာ...

"ဘာကြည့်တာလဲ"

"မုန်းလို့ကြည့်တာ... အမြင်ကတ်လို့ ကြည့်တာ... တင်ကိုယ်လုံး ပုတ်ပွ ကောက်လိမ်နေတဲ့ ချွန်တွန်းကြီး"

"ဟဲ့..."





"ဟာ... အမေ... အမဲ့သမီး ပြောတာ ကြည့်စမ်း"

ဒေါ်စိုးစိုးထက် သူ့လွယ်အိတ်ထဲက ကွန်ပါဘူးကို ဆွဲထုတ်ကာ လက်မြှောက်လိုက်သည်နှင့် မင်းထက်ရှား ဖွဲ့ခနဲ ထပြေးပြီးသား...

"အမေနော်... အမေ... ထက်ရှားကိုပဲ ရိုက်ဖို့ပြင်နေ... သူသက်သက် ချွန်တွန်းလုပ်နေတာ... ငပုတ်ကြီး"

"ဟဲ့... ပြောလေ... ကဲလေ"

ဒေါ်စိုးစိုးထက် လိုက်တော့ မင်းထက်ရှား ခြေသံတဒုံးဒုံးနှင့် အပေါ်ထပ်တက် ပြေးလေသည်။

"သူများကို ချွန်တွန်းလိုက်တဲ့ ပုဂ္ဂိုလ်မြတ်ကြီး အဲဒီမှာ ရေချိုးရင်းနဲ့ ချော်လဲပြီး ခေါင်းကွဲပါစေ... အအေးပတ်ပြီး အဖျားကြီးပါစေ... ညည်းစာနဲ့ ချိန်းတွေ့ရင် နှာခေါင်းပိတ်တာနဲ့ တိုးပါစေ"

တက်သွားတဲ့ လောက်လျှောက်မှာ ပါးစပ်က တအားအော်သွားလိုက်တာ ဒေါ်စိုးစိုးထက် မျက်လုံးအပြူးသားနှင့် ကျန်ခဲ့လေသည်။

နေရှင့် မျက်နှာကြီးနီလျက် အတင်းဖွဲ့ထားရသည့် နှုတ်ခမ်းတွေက ရယ်ချင်ပတ်ကို ဖြစ်နေတာကို ထိန်းမရ...

မင်းထက်ရှားတို့ လုပ်ချလိုက်လျှင် အဲဒီလို။

www.burmeseclassic.com

www.burmeseclassic.com

"ကိုကို"

"ဘာလဲ"

"အမလေး. . . အသံကလဲ မာလိုက်တာ"

သူစာကြည့်စားပွဲဘေးမှာ ထိုင်ချကာ မင်းထက်ရှား နုတ်ခမ်းကို မဲ့ရွဲ့ဆိုသည်။

တစ်ခုခုလိုပြီဆို ကိုကို။

သူခံရပြီဆို ကြိမ်းပုံကြိမ်းနည်းပေါင်းစုံတွေ ထွက်လာလိုက်တာ မကြုံဖူး မကြားဖူးတာတွေ။

"ကိုကို မနက်ဖြန် သန်လျင်ဘက်သွားမှာဆို"

"ဟုတ်တယ်. . . ယောက်ျားလေးတွေချည်း ဆယ့်နှစ်ယောက်ပ တယ်. . . တစ်နေ့တန်နေမှာ ဒီပြင်ကောင်တွေမှာ အတွဲတွေလည်းပါခ ပါမှာ. . . ခင်ဗျားလိုက်လို့ မရဘူး"

"ဖြစ်ရလေတယ်. . . ပြောဘဲမပြောရသေးဘူး. . . ကြိုသိ





လိုက်တာ. . . အရမ်းအရမ်းကို အခြေအမြင်ကြီးတဲ့ ပုဂ္ဂိုလ်ပါလား"

နေရှုက မော့မကြည့်ဘဲ စာရေးမပျက်ကနေ ဟင့်ခနဲ မဲ့ပစ်သည်။

"မပြောခင်က ကြိုလုပ်ထားရတာလေ. . . ခင်ဗျားနဲ့ ပတ်သက် ရင် ခေါင်းကြီးလွန်းလို့"

"နေပါအုံး. . . သူများတွေက အတွဲတွေပါချင်ပါမှာဆိုတော့ . . . ဒီမှာ ငုတ်တုတ်ထိုင်နေတဲ့ သူဘော်တောင်ကြီးက ဘာကိုယ်တည်း လို့ဆိုချင်တာလား"

"ဟဲ. . . ဟဲ. . . ပြောလို့တော့မရဘူး. . . ဘရက်ဂ် ပါချင်ပါမှာ"

"ဘရက်ဂ်ဆိုတာ ဟို ဆံပင်နီနီ မတိုမရှည်နဲ့ အရုပ်မြင့်မြင့် ဒေါက်ဖိနပ် မြင့်မြင့်နဲ့ဟာလား. . . လမ်းသွားရင် မျက်နှာတရှေ့ရောက်ပြီး ဖင်ကနောက်ကျန်နေခဲ့တဲ့ တစ်ယောက်လေ"

"သွားပါပြီကွာ"

လက်ထဲက ဘောလ်ပင်နံကို ပစ်ချကာ နေရှု မျက်နှာကြီး မရှုမလှ ဖြစ်နေသည်။

"ဘာလဲ. . . ဘာသွားတာလဲ. . . မဟုတ်လို့လား. . . နာမည် ကသာ ဘရက်ဂ်တဲ့ ဘရက်ဂ်ဆိုတာ နတ်သမီးပေါ့. . . ဒါပေမယ့် [illegible] တော့ ငရဲပြည်ကနေ လတ်လတ်ဆတ်ဆတ် တက်လာပုံပဲ"

"ထက်ရှားနော်"

"ဟုတ်တယ်လေ. . . ကိုကိုထားတဲ့ ရည်းစားကလည်း [illegible] ဦး. . . ကြွက်ကိုက်ထားသလို တိုတဲ့ဆံပင်ကတို ရှည်တဲ့ဆံပင်က[illegible] ဆေးဆိုးထားတော့ နီကြောင်ကြောင် အသားဖြူရတဲ့အထဲ မိတ်ကပ်တွေ ဘအားလူးထားတော့ တစ်ကိုယ်လုံး ဖွေးဆွတ်ကြီး [illegible]ရောင်များ



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ဆာရင် နှုတ်ခမ်းနီနီရဲရဲနဲ့ [illegible]
ဟီး...ဟီး...လူကပိန်ပိန် လမ်းသွားတော့"

"ကဲ...အဲဒါပြောအုံး"

နေရွှ ခေါက်ခနဲ ခေါက်ချလိုက်သည်။

မင်းထက်ရှားကလည်း မြန်သည်။ နေရွှလက်မောင်းကို တအားထိုးလိုက်၏။

"ဟာ...ကြည့်စမ်း"

အောင့်ဘက်သွားသည့် လက်မောင်းကို ဆုပ်ကိုင်၍ နေရွှ ဟန်ပြင်တော့ မင်းထက်ရှား ဖျတ်ခနဲ ထရပ်ကာ...

"ဟော့ဒီမှာ အမေရေ..."

တအားကုန် အော်သည်။

"အမေ တုရားရှိခိုးနေတယ်... ဘာလို့ တအားအော်တာလဲ"

"အော်မှာပဲ...ကိုကို...ဘာလို့လက်ရွယ်လဲ"

"နင် သိတာ"

လက်သီးဆုပ်ပြ၍ နေရွှပြန်ထိုင်တော့ မင်းထက်ရှား ပခုံးလေးတွန့်ကာ ခပ်ယို့ယို့လေး ပြန်ထိုင်သည်။

မဟုတ်လို့ကတော့ မင်းထက်ရှားတဲ့။

"ကိုကို"

နေရွှက မထူးဘဲ စာငုံ့ရေးနေသည်။

"မနက်ဖြန် ထက်ရှားတို့လည်း ဒလဘက်သွားကြမှာ သူငယ်ချင်းအိမ်လိုက်လည်မှာလေ...အဲဒါ မုန့်ဖိုး မရှိလို့"

ပြောပြီး နေရွှ မျက်နှာကိုလည်း အကဲခတ်လိုက်သေးသည်။

"ကိုကို"





နေရွှ မထူး။

"ကိုကို"

"ဘာလဲ"

"ထက်ရှားကို ငါးထောင်လောက်ပေး"

"ဘာ"

မျက်မှောင်ကုတ်ကုတ်နှင့် ခဲမှာကြည့်သည်။

မင်းထက်ရှားက မျက်စောင်းလေးထိုး၍...

"အမေ့ဆီတောင်းရင် နည်းနည်းပဲရမှာ ကိုကိုက ငါးထောင်ပေးနော်"

"မပေးနိုင်ပါဘူး"

"ကိုကိုကလဲ"

"ဘာကိုကိုကလဲ...ရှပ်ကိုက လိုချင်စရာရှိရင် တစ်မျိုး...မကျေနပ်ရင် တစ်မျိုး"

"ဒါကတော့ မကျေနပ်ဖြစ်လာရင် ဘယ်သူက ပန်းကုံးပြေးစွပ်မှာလဲ...ကိုကိုက မုန့်ဖိုးပိုရတဲ့ဟာ...ပြီးတော့ သိပ်လည်း သုံးတာမဟုတ်ဘူး...ပေးပါကိုကိုရယ် နော်"

"မပေးဘူး...ရှိလည်းမရှိဘူး"

"ရှိပါတယ်"

"ရှိတော့ရော ငါလည်း လည်မှာပတ်မှာပဲ...နင့်ကို ဘယ်လိုသုပ်ပေးရမလဲ"

"ကိုကို့မှာ ဒီလောက်မကရှိပါတယ်...ကိုကိုနော်...ကိုကိုပေးရင် ထက်ရှား ကိုကိုနဲ့လိုက်ခဲ့မှာ"

"လာပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . မလိုက်ဘူး မထင်နဲ့. . . ဟိုတစ်ခါ ချောင်းသာသွားကြတဲ့အဖြစ်ထက် မဆိုးရင် ကြိုက်သလိုပြော"

မင်းထက်ရှား အကျပ်ကိုင်သည်။

တကယ်လည်း ပြောသလို လုပ်ခဲ့တာ နေရွှေလက်တွေ့။

ချောင်းသာသွားကာ လိုက်ပါရစေ အတင်းပူဆာနေပါလျက် လိုက်ခွင့်မရ၍ နောက်ကနေ တစ်ယောက်တည်း လိုက်ချလာသည်။

ဟိုကျတော့ နှမတစ်ဖက်၊ ဗရုတ်သုတ်ခ အပေါင်းအသင်းတွေက တစ်ဖက်နှင့် နေရွှေ ဘာမှလည်း မပျော်ခဲ့ရ။

အဲဒီ ပေါက်ကျော်မကိုပဲ နွားကျောင်းသလို ကျောင်းနေခဲ့ရသည်။ မျက်နှာပျက်သွားသည့် နေရွှေကို အကဲခတ်မိကာ မင်းထက်ရှား ပြုံးသည်။

"ဘယ်လိုလဲ. . . ပေးမှာလား. . . ပြော ကိုကိုရာ. . . ကြာတယ်"

"သုံးငေ ်ပေးမယ်"

"လုံးဝ မလျှော့ဘူး ငါးထောင်ပဲ"

"နင်ဟာလေ တော်တော် မေတ္တာတုံးဖို့ကောင်းတဲ့ ကောင်မလေး. . ."

"ကိုကို့ကိုလည်း ဘယ်သူကမှ မချစ်ခိုင်းဘူး"

နေရွှေ မျက်စောင်းမထိုးတတ် ထိုးတတ်နှင့် ရွယ်သည်။

"သွား. . . သွား"

"အံမယ်. . . လူကိုများ. . . ခွေးမောင်းတာ ကျနေတာပဲ"

"သိပ်တော့ မကွာပါဘူး"

"ကိုကိုနော်"





ဘာပြောပြော ဒီလောက်ထိ စိတ်မဆိုးပေမယ့် ခွေးနှင့်နှိုင်းလျှင် မင်း ထက်ရှားက ဆတ်ဆတ်ခါအောင် နာတတ်သည်။

"မနက်ကျ ပေးမယ် သွားတော့"

"မရဘူး ခုပေး. . ."

"ဟာ. . . နင် တော်တော် ကပ်ပါလား"

"ကပ်တယ်. . . တော်တော်ကြာ ကိုကို အစောကြီး ထသွားရင် ထက်ရှားက ဘယ်သူ့ဆီ လိုက်တောင်းရမှာလဲ"

"တောက်"

နေရွှေ နေရာမှထကာ သူ့အဝတ်ဘီရိုကို သွားဖွင့်သည်။

ပြန်လှည့်လာတော့ လက်ထဲမှာ ငါးရာတန် ဆယ်ရွက်ပါလာ၏။

"ကျေးဇူးပဲ. . ."

အနားမရောက်ခင် ဈေးခနဲ ခုန်ဆွဲ၍ မင်းထက်ရှား ပြေးထွက်သွားသည်။

သို့သော် အခန်းဝရောက်မှ ကိုယ်တစောင်း ပြန်လှည့်ကာ. . .

"ကိုကိုနော် ထက်ရှား ပိုက်ဆံတောင်းတာ အမေ့ကို သွားမပြောနဲ့နော်. . . ပြောလို့ကတော့ ကိုကို ငရဲသားနဲ့ ကြိုက်နေတာ ဇရဲပြည်မှာ နစ်ပါးသွား သွားကတာ ထက်ရှားတို့က ပြောပြီးသားပဲ"

"ညိမ်းချောက်သွားသိုက်လေးနဲ့. . ."

• • •

ရည်မွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ငွေစိုး. . . နေရှင့်အိမ် ခဏဆင်းအုံးမယား"

တုံ့ပြန်သံ မကြား။

လမ်းထဲသို့ ဘက်ခ်ဆုတ်၍ ခပ်ဖြည်းဖြည်း ဝင်ရသည်မို့ တုံ့ပြန်သံမကြားပေမယ့် ဖြိုးဝဠာ ရုတ်တရက် မကြည့်အား။

နောက်ကထိုင်နေသည့် လင်းဟိန်းက ငွေစိုး ငေးနေတဲ့ အရာကို သူပါ လည်ပင်းရှည်၍ လိုက်ကြည့်သည်။

"အောင်မာ. . . သနကောင့်သားက လမ်းကြိုလမ်းကြားမှာ မျက်စိစားပွဲထိုင်နေသေးဘယ်"

ငွေစိုးက ရေဒလဟော ထွက်နေသည့် ပိုက်ကိုကိုင်၍ အိမ်တင်မနဲ့ကာစ်အိမ် ပြေးဝင်ပြေးထွက်လုပ်နေသော ကောင်မလေးကို အငမ်းမရ သိုက်ဝေးနေလျက် လင်းဟိန်း စကားကို တုံ့မပြန်။

ကောင်မလေးက ရှော့ပင်န် အနက်ကလေးနှင့် စပို့ရှပ် လက်ပြတ်အပြာနုလေး ဝတ်ထားကာ မြှုတ်ထွက်နေသည့် ပိုက်ဆက်နှစ်ခုကိုလာပြေးဆက်သည်။





ပိုက်ခေါင်းနှစ်ခုတွေ့၍ မရမက ဆက်သွင်းနေသည့်မို့ ရေတွေက ဘေးဘက်ကို ဖြာထွက်ထောင်ပန်းကာ သူမ မျက်နှာနှင့် ရင်ဘတ်တွေမှာ စိုရွှဲသွား၏။

ငွေစိုးက ပန်းနုရောင်မို့မို့ ပါးပြင်မှာ ဖြိုးတော့ ကော့သောမျက်ခတောင်ရလေးတွေမှာ ရေစက်လေးတွေ တင်နေပုံကို တဖြည်းဖြည်း နီးလာဘာမို့ အသေအချောကြီး ငေးကြည့်ကာ. . .

"သလိုက်ဘာကွာ"

"ဖြစ်ပြီ. . . သူ"

"အဲဒါ နေရှင့် နှမကွ"

"သိရပြန်ပြီ"

"ပါးလေးတွေကို ရဲနေတာပဲ"

"သေချာ ထပ်ကြည့်ပါအုံး. . . ဟုတ်လို့လား"

ကားမောင်းနေသည့် ဖြိုးဝဠာတပါ အနားကဖြတ်တော့ ငုံ့ကြည့်ဖြစ်လိုက်သည်။ တော့ဆက်ထားသည့် ပိုက်ဆက်နေရာကို သားရေကြိုးမဲလေးနှင့် သေသေချာချာ တုပ်ချည်နေသည့် ကောင်မလေး။

မျက်လွှာချထားတာတောင် မျက်တောင်တွေတို့က ညွတ်ပျံနေသည်။ စင်းကျနေသည့် နှာတံလုံးလုံးလေးက ထင်းနေလျက်။

မိန်းကလေး လှလှမြင်လျှင် ကဗျာတစ်ပုဒ်ဖြစ်အောင် စပ်ဘတ်သည့် ငွေစိုး အလွဲအလိမ့် ဖြစ်နေတာကို သူပြုံးလိုက်မိသည်။

"ရောဂါစသွားပြီ. . . ဒီကောင်"

လမ်းလယ်မရောက်တရောက်မှာ တစ်ထပ်ပျဉ်ထောင်အိမ်နှင့်ခြံကို သံပန်းတံခါးခတ်ထားသည့် နေရှင့်တို့ အိမ်ကို ရောက်လာသည်။

"ပွမ်"



www.burmeseclassic.com

www.burmeseclassic.com



ဟွန်းသံပေးလိုက်သည်နှင့် နေရွှ ထွက်လာ၏။

"ဟာ...ဟိတ်ကောင်တွေ...မင်းတို့ မသွားဖြစ်ကြဘူးလား"

"လူမှမစုံတာကွာ...မင်းကလည်း မလိုက်...ဟိုနှစ်ကောင်ကလည်းမပါ"

"အေးပေါ့...ဒါနဲ့ မင်းက ဘာလို့မလိုက်တာလဲ"

ခြံရှေ့မှာ ကားရပ်၍ သူတို့တွေ အိမ်ထဲဝင်လာခဲ့ကြသည်။

"အေးကွဲ...ညက အမေ သိပ်နေမကောင်းတာနဲ့ ငါလည်း ခရီးသွားဖို့ မပြောရဲတော့ဘူး"

"ခုရော နေကောင်းသွားပြီလား"

"နေမကောင်းသေးဘူး...အပေါ်မှာ အိပ်နေတယ်..."

သူတို့ စကားပြောနေတုန်း မင်းထက်ရှား အသံစူးစူးလေး လမ်းပေါ်ကနေ ပျံ့လွင့်လာသည်။

"ဒီမှာ အထဲက ပုဂ္ဂိုလ်တို့ ကားဘီးက ပိုက်ကိုနင်းထားတယ် ဒီမှာ ရေမလာတော့ဘူး...ကားလာရွှေ့ပေး"

မင်းထက်ရှား အသံကို နေရွှ သိပေမယ့် သူတို့က မသိ။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်စပစ်နေကြ၏။

"နေရွှ...အဲဒါ ငါတို့ကို ပြောတာလား"

"ဟုတ်တယ်...မင်းတို့ကား ရေပိုက်ကို နင်းထားတယ် ထင်တယ်...ညီးနည်း သွားရွှေ့ပေးလိုက်ဦး"

ရေပိုက်ဆိုတော့မှ စောစောက ရေလိုက်ထည့်နေသည့် ကောင်မလေးနှင့် ဆက်စပ်မိသွားကာ ငွေစိုးက အရင်ထ၏။

"နေ...နေ...ငါသွားရွှေ့ပေးလိုက်မယ်"





အလုပ်ဆို အလွန်တွက်ကပ်တတ်သူက သဘောကောင်းနေတော့ အားလုံး ပြုံးစိစိဖြစ်ကုန်သည်။ နေရွှ မျက်နှာပူနေ၏။

တအောင့်ကြာတော့ ငွေစိုး ပြန်ဝင်လာသည်။

"မင်းညီမက စွာလှချေလား နေရွှ...ကြောက်စရာပဲ"

"မင်းက ဘာသွားပြောမှန်းမှ မသိဘဲ"

လင်းဟိန်းက အမြင်ကတ်ကတ်နှင့် ထပြောသည်။

"ဘာမှကို မပြောရသေးဘူး...သူ့ပိုက်ကို တက်ဖိထားရမလား ဆိုပြီး တစ်ယောက်တည်းကို စွာနေတာ...ကျောက်ခဲစူးလို့ ပိုက်ပေါက်သွား ရင် ဘယ့်နှယ့်လုပ်မလဲ...ကားမောင်းပြီး ဘာကိုမှ ဂရုမစိုက်ဘဲ ဒီလို ...လို့ရမလား...ဘာညာနဲ့ ပွစိပွစိနဲ့ကွာ"

"စောစောကတော့...မင်းပဲ..."

"ဘာလဲကွ...မင်း စကားက"

"သြော်...ဒီလမ်းက ရေပေါသားပဲလို့ ပြောခဲ့သေးတာလေ"

နေရွှကို စောင်းကြည့်ကာ လင်းဟိန်းက စကားကို လျှောချ၏။ ငွေစိုးက ဟီးခနဲရယ်သည်။ နေရွှ မျက်မှောင်ကြီး ကုတ်လျက်...

"ခွေးကောင်တွေ...အစ်ကိုတစ်ယောက်လုံး ရှေ့ထားပြီးတော့ လေးမစားနဲ့နော်"

မလုံမလဲ ထကြိမ်းသည်။

"ဘာများ ပြောရသေးလို့လဲ...ကိုကြီးရယ်...ကိုကြီးကို မလေးမစား လုပ်ပါ့မလား"

"ကြည့်..."

နေရွှက ငွေစိုး နဖူးကို လက်သီးနှင့် မနာအောင် ထိုးချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရေ"

ထွက်လာလိုက်ရင် အသံက စူးခနဲ...

"ဟေ ... ဘာလဲ"

ချောစ်ပိုင်းစိုလျှက် မင်းထင်ရှား အိမ်တံခါးဝမှာ ပေါ်လာသည်။

"ဟင်... ဘာဖြစ်လာတာလဲ ဒါ"

ဒူးနဲ့လက်တွေမှာ ပြီးတော့ ရင်ဘတ်တွေမှာ ရွှံ့တွေနဲ့...

"ဟီး... ဟိုကောင်တွေနဲ့ ကျောက်ဒိုးထုနေတာ... ပိုက်ဆံကုန်ဖြုတ်လို့ ရေအိုင်နေတဲ့နေရာမှာ ချော်လဲသွားလို့"

"နည်းသေးတယ်"

နေရှင့် ပြန်ထိုင်မယ်လုပ်တော့...

"ဟာ... ကိုကို... မထိုင်နဲ့လေ... ဒီမှာ ထက်ရှားကို ရေတိုက်စမ်းပါ... ရေသောက်ချင်လို့ ဝင်လာတာ"

"နင်... အဝတ်အစားလဲလေ... ပြီးတော့ သောက်ပေါ့"

"ဟာ... မလဲဘူး... ရေထည့်တုန်းလေး ဆော့ရတာ... ထပ်ဆော့အုံးမှာ... ရေတိုက်စမ်းပါ မြန်မြန် တော်ကြာ အမေနိုးလာလို့ ဆူတော့မှာပဲ"

နေရှင့် ရေခဲသေတ္တာထဲက ရေဘူးယူ၍ ဖန်ခွက်ထဲလောင်းထည့်ကာ ထွက်ပေးသည်။

"ဩော်... ဒီမှာ လက်ပေနေလို့ပါဆို... ပါးစပ်နားကပ်ပေး"

နေရှင့် ဟိုကောင်တွေ ရှေ့မှာ မျက်နှာပူသွားသည်။

မောင်နှမအရင်း မဟုတ်တာ သူတို့ သိကြသည်လေ။

ဒါပေမယ့် မသိသလို နေလိုက်သည်က ပိုကောင်းသည်မို့ မင်းထက်ရှားကို ရေတိုက်လိုက်ရတော့သည်။





ရေသောက်ပြီး ထက်ရှား ချာခနဲ ပြန်ပြေးထွက်သွားသည်။

ပုံစံက ဘယ်လိုမှ ယှိုစွပ်ဖွယ်မရှိ။

တကယ့်ကို ရိုးရိုးလေပါပဲ။ ဒါပေမယ့် သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။

"နေရှင့်..."

"ဘာတုန်း"

"မင်းညီမနဲ့ ငါတို့ကို မိတ်ဆက်ပေးဦးလေ"

"မဆက်တာ ပိုကောင်းတယ်ကွ... ဒီကောင်မလေးက ရိုင်းတယ်"

"အဲဒါ ရိုင်းတာ မဟုတ်ပါဘူးကွာ... ရိုးတာပါ"

"ငါ မိတ်ဆက်ပေးလည်း သူက လက်ခံမှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ယောက်ျားဆို သူနဲ့ဆော့တဲ့ ကစားဖော်တွေကလွဲပြီး ဘယ်သူ့မှ ကြည့်ရတာ မဟုတ်ဘူး... ကြားထဲက ငါက မျက်နှာပူရအုံးမယ်"

"ဒီမှာ... ကြည့်"

ငွေစိုးက သူ့မျက်နှာကို လက်ညှိုးပြန်ထိုးပြသည်။

"ရာသက်ပန် သည်းညည်းခံသွားမယ် ချင်ကြီးပါ... နှာပည်လေး သိပါရစေ"

"ဟုတ်သားပဲ... မင်းကလဲ မိတ်ဆက်ပေးလိုက်ပါကွာ"

ခက်တာပဲ ကိုယ်က ရိုးရိုးပြောတာ ယုထင်ကြောင်ထင် ထင်နေသူ့ချင် အခက်။

"အေးပါကွာ... ကဲ... မင်းတို့ မပြန်သေးဘူးလား... ရေထည့်ပြီး ဝင်လာမှပဲ ငါမိတ်ဆက်ပေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်က ဘယ်သူတဲ့လဲ"

"ဆန္ဒစောနေပြန်ပြီ"

ငွေစိုး ပြောသမျှ လင်းဟိန်းက လိုက်ငေါ့ဖို့ တာဝန်ယူထားတဲ့ အတိုင်း. . .

"မင်းထက်ရှား"

"ဟ. . . နာမည်က ယောကျ်ားနာမည်ပါလား. . . ဒါကြောင့် ဒီကလေး အပီအပြင်ကဲတာ ဖြစ်မယ်"

လူကြီး လေသံနှင့် ပြောနေသေးသည်။

စောစောက ကျောက်ဖိုးထုနေတဲ့ အကြောင်းကြားလိုက်လို့လေ

"ဘယ်အတန်းတက်လဲ"

"ဥပဒေ"

"ဟ. . . ဒါတောင် ဒီလောက်ကဲရလား"

"မြင့်တဲ့အတိုင်းပဲ ခင်ချင်သေးလား"

"ဘာဆိုင်လဲ. . . ဒီခေတ်မှာ ဒီလိုဆိုးတာလေးတွေကမှ. . .

"ဘာဖြစ်လဲ"

"ဂါကတော့ ခင်မှာပဲ"

ဖွတ်ကြီးပဲဖြစ်နေကြတော့ မင်းထက်ရှား ရေထည့်ပြီး ရေ ပြီးတဲ့အထိ ခေါင့်ကာ နေရှူ လှမ်းခေါ်လိုက်ရသည်။

ထွက်လာတော့ ထမင်းပန်းကန်ကြီးကို ကိုင်လို့. . .

"ဟ. . . ခုနကပဲ ရေချိုးတယ်. . . မီးဖိုထဲ ဝင်သွားတော့ ပြ လှချေလား"

"သူများတကာ အလုပ်လုပ်နေရတာ ဆာတာပေါ့. . . ကိုယ် ဘားဒီးဒီးယားသား စကားဆိုင့်ပြောနေ. . ."





"အယ်"

"ဟဲ. . . ဟဲ"

သူတို့ ဘာတွေဖြစ်ကုန်ကြလဲဆိုတာ မင်းထက်ရှားက ဂရုမစိုက်။ ငါးဘုံးကြီး တင်ထားလျက် ဟင်းရည်ရွှဲအောင် ဆမ်းထားသော ထမင်းကို အားပါးတရနယ်ကာ ပါးစပ်ထဲ သွတ်သွင်းလျက် နောက်ပြန်လှည့်သွား သည်။

"ထက်ရှား နေဦး. . . ဒီမှာ နင်နဲ့ မိတ်ဆက်ပေးမလို့. . . စောင့် နေတာ သူတို့က ပြန်တော့မှာ"

"ပြန်ပေါ့. . . မိတ်ဆက်ရအောင် ထက်ရှားက ရုပ်ရှင်မင်းသမီး လား အဆိုတော်လား. . . အစီပွါယ်မရှိ ထွင်လုံးတွေ"

ထမင်းဝါးလျက် ပါးက ဖောင်းတက်နေရင်း ရန်လည်းတွေ့ အား မနာတစ်ပါးမနာ မျက်စောင်းကလည်း ထိုးလိုက်သေး။

နေရှူ သူငယ်ချင်းတွေကို အားနာကာ မျက်နှာမှာ နီရဲသွား၏။ အဲဒါကြောင့် ဒီဟာမလေး အကြောင်းသိလို့ တားဘာမရ။

ခုတော့ သူငယ်ချင်းချင်း မျက်နှာချင်းတောင် မဆိုင်ရဲတော့။

"ဟဲ. . . ဟဲ. . . ရပါတယ်. . . ကျွန်တော်တို့က နေရှူရဲ့ သူ ငယ်ချင်းတွေဆိုတော့ နေရှူညီမကို ခင်မင်ချင်တာပါ"

"ထက်ရှားကတော့ မသိချင်ပါဘူး"

မျက်နှာတည့်တည့် ကြည့်ပြောကာ လှည့်ထွက်သွား၏။ ပြောမ ယုံ ကြုံဖူးမှ သိရပါတော့သည်။ နေရှူရေ. . .

မင်း ညီမ ရည်မွန်လိုက်ပုံများ. . . ဟီး. . . ဟီး. . .



www.burmeseclassic.com

www.burmeseclassic.com

"သူပေါ့"

"နေရွှေ ဆိုတာလား"

"ဟုတ်ပ"

"တော်တော် ချောတယ်နော်"

"မြင်တဲ့မိန်းကလေး အချို့ကတော့ ပြောကြတာပဲ"

"ဒါပေမယ့်. . . သိပ်အဆင့်ရှိပုံ မပေါ်ဘူးလေ"

"မြောက်ဥက္ကလာမှာနေတာ ဘက်စ်ကားတိုးစီးတယ်လေ"

"သိလှချေလား"

"သိဆို အဲဒါကို ဘုရားကိုသောင်းက တမ်းတမ်းစွဲကိုး"

"ဟယ်. . . ဘုရားကို"

"ဟုတ်ပ"

"အီကိုနဲ့ တွေ့ကြတာ ဆန်းသားပဲ"

"ဆန်းဆို ဘုရားကိုက သိတယ်မှိုလား. . . ဟင်း. . . ဟင်း"

မြွတ်လျှောက်လာခဲ့တဲ့ နားက တောင်ခေလးတွေ သူ့အကြောင်း





ပြောနေကြပြီ ဆိုတာသိလိုက်သည်။

ဒီနေရာမှာ ဟိုကောင်တွေ မပါတာ နာတာပဲ။

ကိုယ့်ဟာ တစ်ယောက်တည်းဆိုတော့ ခင်ဗွေဗွေလေးတောင် မကြည့်ရဲပါ။

"အမယ်လေး"

"ဟာ. . . ဆောရီး. . . ဆောရီး"

အတွေးနှင့်လာရင်း ဝင်တိုက်မိလိုက်တဲ့ မိန်းကလေးကို တကယ့်ကို အားနာလွန်းစွာ နေရွှေ ပျာပျာသလဲ တောင်းပန်မိသည်။

ကျကုန်သည့် သူ့စာအုပ်တွေ ပြန်ကောက်ပေး၍. . .

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ. . . ဟို. . ."

"ရပါတယ်. . . မွန်းက ငေးလာတာပါ"

ဆံပင်ရှည်ကြီးတွေ ဖြန့်ချထားတဲ့ ပုံစံလေးက ယဉ်သလို စကားသံလေးက သိမ်မွေ့လွန်းလှသည်။

ဘာတဲ့ 'မွန်း' တဲ့။

"နာမည်က မွန်းတဲ့လားဟင်"

နေရွှေ ထပ်မေးသည်။

"မွန်းစက်ရတနာပါ"

"ဩော်. . . ကျွန်တော့်ကို စိတ်မဆိုးဘူးဆိုရင် လမ်းမှာတွေ့ရင် နှုတ်ဆက်ခွင့်ပြုပါနော်"

မျက်လုံးချင်း ဖျတ်ခနဲ ဆုံဖြစ်၏။

နေရွှေ ပြုံးပြလိုက်သည်။

မွန်းစက်ရတနာ ဘာမှပြန်မပြောဘဲ ခေါင်းလေးငုံ့ကာ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူသည်လည်း မဟုတ်ပါဘဲ ဝင်းဖန့်ဖန့် မျက်နှာလေးမှာ တန်းနက်နေသည့် မျက်ပုံး မျက်ဝန်း လဲ့လဲ့ပြာပြာလေးများနှင့် ချစ်စရာအလှပိုင်ရှင်လေး။

မဲနက်ခက်ဖြာနေသော ဆံပင်ရှည်ကြီးတွေက ကျက်သရေရှိလိုက်တာ။

သမင်လည်ပြန် လိုက်ကြည့်၍ နေရှာ ရင်ထဲမှာ တစ်စုံတရာ ကျန်ရစ်ခဲ့လေသည်။

● ● ●

"ဟာ...မွန်း ဘယ်သွားမလို့လဲ ကားစောင့်နေတာလား"

"အိမ်ပြန်မယ်လေ... မွန်း ဒီလိုပဲ ဘက်စ်ကားနဲ့ ပြန်နေကျပါ"

"ဟုတ်လား...ခါတိုင်း မတွေ့မိသလိုပဲ...ကျွန်တော်လည်း အတူတူပဲ ဒီမှာ ကားလာစောင့်နေကျ"

မွန်းက ကြွေရွှရွှာ ပြုံးသည်။

"အရင်ကတော့ တာမွေကတက်တာ မြောက်ဥက္ကလာကို ပြောင်းတာ သိပ်မကြာသေးဘူးလေ"

"ဟာ...ဟန်ကျတာပေါ့..ကျွန်တော်လည်း မြောက်ဥက္ကလာ ပြန်တာ ဒါဖြင့် နေ့တိုင်းဆုံခွင့်ရပြီ"

ဘာလိုလိုစကားကြောင့် မွန်းမျက်နှာလေး နီရဲသွားသည်။

"ဟော...ကားလာပြီ..လာ...မွန်း"

ကားပေါ်မှာ သူပါလာ၍ မွန်း အတော့်ကို အဆင်ပြေခဲ့ရသည်။ မဟုတ်လျှင် ခါတိုင်းဆို ကားက တက်မရ။

**ရည်မွန်စာမေ**

www.burmeseclassic.com

www.burmeseclassic.com



တက်လို့ရတော့ အတို့ခံရ အဆိတ်ခံရ။

ဘက်စ်ကားပေါ်မှာ လူငယ်တွေထက် အသက်ကြီးပိုင်း လူကြီးတွေကို ပိုဂရုစိုက်နေရသည့် အဖြစ်။

ကားပေါ်က ဆင်းကြတော့ နွမ်းလျနေသည့် မွန်းမျက်နှာလေးကို သူက ကရုဏာ သက်စွာကြည့်၏။

"ခုလို ဘက်စ်ကားစီးရတာ ကျွန်တော်တို့ ယောကျ်ားလေးတွေက အကြောင်းမဟုတ်ဘူး… မိန်းကလေးတွေကျတော့ နေ့စဉ်နေ့တိုင်း ကြီး မလွယ်ဘူးနော်"

"ဆင်းရဲသားဆိုတာ ဒီလိုပဲပေါ့"

မွန်းက စကားကို လိုတာထက် ပိုမဆိုပါ။

"မွန်း ကျွန်တော့်နာမည်ကို မမေးဘူးနော်"

"အဲဒီလောက် မလိုဘူး ထင်လို့ပါ"

"ကျွန်တော့်ကို ခင်ချင်စိတ် မရှိလို့လား"

"ဒီလိုတော့လည်း မဟုတ်ပါဘူး… ဒါပေမယ့် မွန်းက ဘယ်ယောကျ်ားလေးကိုမှ ခင်ခင်မင်မင် ဆက်ဆံဖို့ စိတ်ကူးမရှိခဲ့ဘူးလေ"

နှစ်ယောက်သား စကားပြောရင်း လမ်းလျှောက်လာကြသည်။

"ထားပါတော့လေ… ဒါပေမယ့် ကျွန်တော် ကိုယ့်ဖာသာကိုယ်ပဲ မိတ်ဆက်ပါ့မယ်… ကျွန်တော့်နာမည် နေရဲ့ရှုပါ"

"မွန်း သိပါတယ်"

"ဗျာ"

"ကိုနေရွှေက နာမည်ကြီးပဲ"

"ဟောဗျာ… ကျွန်တော် ဘာတွေ နာမည်ကြီးနေတာလဲ… ဒီနေ့ထိ ရည်းစားလေးတစ်ယောက်ပဲ ပြတ်ခဲ့ဖူးပါတယ်ဗျာ… ဒါလည်း





သူက စပြီးဖောက်သွားတာပါ… ဒုက္ခပါပဲ"

မွန်းက ပြုံးပြုံးလေး လှည့်ကြည့်ကာ…

"ဒါတွေ မွန်းမသိပါဘူး… ဒါပေမယ့် ကိုနေရွှေ အကြောင်းတော့ မိန်းကလေး တော်တော်များများ ပြောနေတတ်ကြတယ်"

"သူတို့ ပြောကြတာ ဘာစကားမျိုးတွေလဲဟင်… ပြောသနာပဲဗျာ"

အရုပ်ဘယ်လို ဖြင့်တာ၊ လမ်းလျှောက်သွားရင် ဘယ်လိုကြည့်ကောင်းတာ၊ ချောတာ ဘာညာပါပဲ။

ဒါပေမယ့် "ကိုယ်ပိုင်ကားတောင် စီးနိုင်ပုံမပေါ်ဘူး" ဆိုတာလဲ ပါသေးရဲ့။

မွန်းက ပြုံးနေသည်မှ လွဲ၍ဘာမှ ပြန်မပြောပါ။

"ပြောပါဦး မွန်းရဲ့"

"သိပ်မထူးပါဘူး… ဒါပေမယ့် ကိုနေရွှေသာ နာမည်ပျက်နဲ့ ရာဇဝင်လူဆိုးဖြစ်နေရင် မွန်းက ဒီလိုဘယ်ဆက်ဆံမလဲ"

"တော်ပါသေးရဲ့ ဒါဆို ကျွန်တော့်ကို ခင်တယ်ပေါ့နော်"

မွန်းက မြရတနာလမ်းထိပ်မှာ တုံ့ခနဲ ရပ်လိုက်သည်။

"မွန်းက ဒီလမ်းထဲမှာနေတာ သွားတော့မယ်နော်"

လမ်းထဲ လိုက်ဝင်စေချင်ပုံမပေါ်တာမို့ နေရွှေ ခေါင်းညိတ်၍ ရပ်ကျန်ခဲ့ရသည်။

ဩော်… ကိုယ့်မှာ ရှေ့ကို ကားဆက်စီးရဦးမှာ မဟုတ်ပါလား… မွန်းစက်ရတနာတဲ့။

တွေ့တာမကြာသေးပေမယ့် ရင်ထဲမှာတော့ ရှိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

"အမေ. . . ကိုကို ဘယ်သွားလဲ"

"အဲဒါမှာ တရားထိုင်နေတယ်. . . ထင်တယ်"

နာရီလှမ်းကြည့်တော့ ညနေ ငါးနာရီ။

ကိုကို တစ်ယောက် ဘုန်းကြီးဝတ်ချင်စိတ်များ ပေါက်နေရော လားပဲ။ အဓိဋ္ဌာန်တွေ ဘာတွေဝင်လို့။

"ဟဲ့. . . ဒါ ဘယ်လဲ. . . သူများကို အနှောင့်အယှက် သွား မပေးနဲ့နော်"

"မပေးပါဘူး အမေကလဲ"

မင်းထက်ရှား အပေါ်ထပ်တက်ကာ ပြတင်းပေါက်တွေမှာ ကာ ထားသည့် ခန်းဆီးစတွေ လိုက်ဖြုတ်သည်။

တနင်္ဂနွေနေ့တိုင်း ခန်းဆီးတွေ လိုက်ကာတွေ မင်းထက်ရှား လျှော်နေကျ။ ဘုရားခန်းက ခန်းဆီးကို ဝင်ဖြုတ်ပြီး ခြေဖွဖွနင်း၍ ပြန် ထွက်ဖို့ ပြင်လေမှ ကြည့်စမ်း. . . ဒီခြင်။

နေရှူ ပါးပြင်မှာ ဖင်ထောင်ပြီး ခဲနေလိုက်တာ။

သွေးဝလို့ ဗိုက်ကလေးတောင် ဖောင်းနေပြီ။





သာသာ သွားကိုင်ဖမ်းလို့တော့ ရမှာမဟုတ်။ စိတ်နောက်ကိုယ် ပါ မင်းထက်ရှား ခြင်ကိုလွတ်သွားမှာစိုး၍ ဖြန်းခနဲ ရိုက်ချလိုက်လေသည်။

"သေပါပြီကွာ"

"ဟာ. . . ကန်တော့ ကိုကို. . . ကန်တော့. . . ဟို. . . တရား ကိုကန်တော့တာနော်"

"ထက်ရှား. . . နင်တော်တော် လူမှန်းမသိပါလားဟင်"

မင်းထက်ရှား ထိတ်ထိတ်ပျာပျာဖြစ်တာ လက်ညှိုးလေးကို နှုတ် ခမ်းရှေ့မှာ ထောင်ကပ်ပြ၍. . .

"တိုးတိုးပြောပါ ကိုကိုရယ်. . . အမေ ကြားသွားပါ့မယ်. . . သူ့ကို ခြင်ကိုက်နေလို့လဲ အကောင်းရိုက်ပေးရသေးတယ်"

"ဘာ အကောင်းရိုက်တာလဲ. . . ဒီမှာ ပါးရိုက်ခံလိုက်ရတာ. . . အိစိမ့်သွားတာပဲ"

"ပါးရိုက်တာ မဟုတ်ဘူး ကိုကိုရဲ့. . . ဒီမှာခြင် တွေ့လား"

ခြင်ကို ကောက်ချလိုက်တာလည်း ပါးကို လိမ်ဆွဲလိုက်တဲ့အ တိုင်း နေရှူ ရှုံ့မဲ့သွားပြန်သည်။

သူပြတဲ့ ခြင်ကိုလည်း မမြင်ချင်တော့. . .

"အဓိဋ္ဌာန်လဲ ပျက်ပြီး သွား. . . သွား. . . နင့်ကိုငါ ဆွဲထိုးမိ တော့မယ်"

"ဘာလို့ အဓိဋ္ဌာန်ပျက်ရမှာလဲ. . . ကိုကို ဖျက်တာမှ မဟုတ် ဘဲဟာ. . . စောစောက သူ့ကြောင့်ဖြစ်သွားတာပါ ဘုရားဆိုပြီး ပြန်ထိုင် ပေါ့"

"ငါ. . . တယ်"

ဒေါသဖြစ်လွန်း၍ နေရှူ လက်တပြင်ပြင် ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနော်...သူများက နာစေချင်လို့ လုပ်တာမဟုတ်ဘဲနဲ့ သူက ကြိမ်းလား မောင်းလားလုပ်လို့ ဟွင်း..."

မင်းထက်ရှားက လက်ထဲက ခန်းဆီးတွေကို ချကာ ဘုရားစင်ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်၍...

"အရှင်ဘုရား...ဒီလောက် ဒေါသကြီးတဲ့လူကို့ အဓိဋ္ဌာန်လည်း မပေးပါနဲ့...ကုသိုလ်လည်း မပေးပါနဲ့ ဘုရား...သူနာမှာစိုးလို့ ခြင်ကို သတ်ပေးခဲ့တဲ့ ထက်ရှားကသာ စေတနာရှင်ပါ...ထက်ရှား အပြစ်မရှိပါဘူး ဘုရား"

"ဟဲ့...ဘာဖြစ်နေတာလဲ"

အမေလာတော့ ထက်ရှား ကပျာကယာ ထကာ...

"အမေ...အမေ့သားလေ...သူ့ကို ခြင်ကိုက်နေလို့ ထက်ရှား ခြင်ရိုက်ပေးတာကို ဒေါသတကြီးနဲ့ ထက်ရှားကို ဆွဲထိုးမလို့တဲ့...ထက်ရှား တောင်းပန်နေတာ···လို့ ဘုရားမှာ တိုင်ပြောနေရတယ် သိလား"

"ကြည့်စမ်း...ဒီကလေးမ"

ဘာဖြစ်နေပြီဆိုတာ ရဲနေတဲ့ နေရွှေ ပါးပြင်တစ်ဖက်ကို မြင်လိုက်တာနှင့် သိလိုက်သည်။

ခေါင်းကုတ်ရှုံ့မဲ့လျက် ဦးအောင်တိုင်နေသည့် မင်းထက်ရှားကို စိတ်ပျက်လက်ပျော့သလို နေရွှေ ကြည့်နေမိတော့သည်။

ဘယ်လိုပြောရမလဲ။

တကယ့်ကို နားမလည်လို့ မသိတတ် ဆိုးဝါးနေတာလား။

ချစ်ကြမှန်း သိလို့ ဆိုးနေတာလား။

ဥပဒေ ပထမနှစ် ကျောင်းသူပဲ ဖြစ်နေပြီ။

တစ်ခါတစ်ရံကျတော့လည်း သူ့လောက် ဖတ်တာ သူထက်





နားလည်တာ သူတစ်ယောက်ပဲ ရှိပါလား။

နေရွှေ ဘုရားရှေ့မှာ ပြန်ထိုင်ရင်း ငါးပါးသီလ ပြန်ယူရသည်။

စိတ်ကတော့ တော်တော်နှင့် မငြိမ်သက်တော့။

ဒေါ်စိုးစိုးထက် သမီးလုပ်သူကို အောက်ထပ်ဆွဲခေါ်လာခဲ့သည်။

"ကိုယ့်အစ်ကိုကို နင် ဘာလို့ မထိလေးစား သွားသွားလုပ်ရတာလဲ...မင်းထက်ရှား ဟင်"

"ဟာ...ထက်ရှားက စေတနာနဲ့"

"ဘာစေတနာလဲ...ဟိုမှာ ပါးတစ်ဖက်ကို ရဲလို့ နင်ဟာလေ မပြောလိုက်ချင်ဘူး...နင့်ကိုယ်နင် ကလေးလေး မှတ်နေလား"

"လာပြန်ပြီ ဒါပဲ"

"ဒါပဲပြောမှာပေါ့...နင် နေပုံထိုင်ပုံတွေ ဘယ်နေရာကြည့်ကြည့် အသက်အရွယ်နဲ့ မလိုက်ဘူး...လွှားခနဲ ဖျံခနဲ...တစ်စက်မှ အိုးမကျိုးဘူး"

မင်းထက်ရှား နှုတ်ခမ်းကို တအားစူထော်နေလိုက်သည်။

"နောက်နေ့ကစပြီး ညည်း တရားထိုင်ရမယ်...ဒါမှမဟုတ် ပုတီးစိပ်ရမယ်"

"ဟာ...အမေကလဲ"

"မဟာနဲ့နေဦး...ငါ သတိရပြီ သိပ်လည်းအပန်းမကြီးဘူး ညနေခြောက်နာရီတိုင်း ဘဂဝါ ဂုဏ်တော်ပုတီး ကိုးပတ်ကိုးပတ် စိပ်ရမယ်"

"ပျင်းစရာကြီး"

"ဘုရားတရား အလုပ်လုပ်တာ ပျင်းစရာလား"



www.burmeseclassic.com

www.burmeseclassic.com

"ညောင်းမှာပေါ့"

"နည်းနည်း ပြင်ထိုင်လို့ရတယ်"

"ခြင်ကိုက်ခံရမှာ ဘယ်လိုလုပ်မလဲ"

"ခြင်ကိုက်ရင် ဒီလိုပဲ အောင့်ခံရတယ်"

"ဟာ. . . မဖြစ်ပါဘူး အမေရာ. . . ညနေ သောက်တော်ရေလဲ ပြီးတိုင်း ဘုရားရှိခိုးတာပဲဟာ"

"ဒါမဆိုင်ဘူး. . . ပုတီးစိပ်တော့ စိတ်တည်ငြိမ်တယ်. . . ဘာသာရေးနာနာလုပ်မှ ရင်ထဲမှာ တရားထိန်းတာ အပြစ်မှုတာ ညည်းကို ဘာသာရေးနဲ့ ပြုပြင်ယူမှရတော့မယ်"

"အံ့မယ်. . . ထက်ရှားက မိုက်ရိုင်း ရမ်းကားနေလို့လား"

"မရမ်းကားသေးတာပဲရှိတယ်. . . မိုက်ရိုင်းတယ်"

"ဘယ်သူ့ကိုမှ ခဆဲခဲ့ဖူးဘူး"

"ဆဲမှ ရိုင်းတာမဟုတ်ဘူး. . . စောစောက လုပ်လိုက်တာကို ကြည့်. . . အဲဒါ ညည်းမှာ ဘယ်လောက် အပြစ်ကြီးသွားတယ်မှတ်လဲ"

"ဒါက စေတနာနဲ့ပဲ ဦးစွာ"

"အထွန့်တက်မနေနဲ့ ထက်ရှား. . . ငါကလုပ်ဆို ညည်း လုပ် ကိုလုပ်ရမယ်. . . ဒါပဲ သွား"

မင်းထက်ရှား ဆံပင်တွေပွ ခြေဆောင့်နှင့် ပါးစပ်က ဘာတွေ ရေရွတ်သွားမှန်းမသိ။

ခေါ်စိုးစိုးထက် သက်ပြင်းချမိလေသည်။

● ● ●



"ဟိတ်ကောင်. . . မင်းနဲ့ မွန်းကွာ တွဲလုံချေလား"

"ခင်တာပါ"

"ဟုတ်ရဲ့လားကွာ"

"တကယ်ပြောတာ"

လင်းဟိန်းက ငွေစိုးကို မျက်စပစ်သည်။

ဖြိုးဝဇ္ဇာက လွှက်ရည်မှာ၍ ရေနွေးငှဲ့သောက်နေ၏။

"ငါတို့ကြားထားတာ ရှိတယ်"

"ဘာလဲပြောလေ"

"မွန်းရဲ့မိဘတွေက မချမ်းသာပေမယ့် တော်တော့်ကို ဂုဏ်မက် ဘာတဲ့ကွ"

ဖြိုးဝဇ္ဇာကပါ သောက်လက်စ ရေနွေးပန်းကန်ကိုချ၍ ဝင်ပြော သည်။

"မင်းကိုတော့ မွန်းက တကယ်သက်ဝင်ပုံရတယ်. . . ရှေ့ရှေ့


www.burmeseclassic.com

www.burmeseclassic.com

က လူတွေတော့"

"ဘာ. . . ဘယ်လို"

နေရှင် နားရွက်ထောင်သွားသည်။

"ရှေ့ကလူတွေ ဟုတ်လား. . . မွန်းက အဲဒီလို မိန်းကလေး မဖြစ်နိုင်ဘူး"

"ပြောတာ နားထောင်ပါဦး သေနာရဲ. . . ရှေ့က ချဉ်းကပ်ခဲ့ဖူးတဲ့ လူတွေကိုတော့ သူ့မအေကြီးက ချူစားတယ်တဲ့ကွ. . . ဒါပေမယ့် မွန်းက လုံးဝအကပ်မခံဘူးတဲ့. . . အဘွားကြီးက သူဌေးမို့ ဇွတ်နားချတာမျိုးလဲ မလုပ်ဘူး. . . ဒါပေမယ့်. . . ချူတော့ ချူတယ်တဲ့"

"တမင် ချူတာမျိုး မဟုတ်ဘဲ ဟိုက အတင်းပေးကမ်းနေတာမျိုးကို မငြင်းဆန်သင့်လို့ လက်ခံမိတာမျိုးများလားကွာ"

နေရှင်က ဖွဖွလေး တွေးပေးနေသည်။

"ဒါတော့ မသိဘူး. . . နာမည်တော့ အဲဒီတိုင်းပဲ ထွက်နေတာပဲ"

"မင်းက သူ့ကို ချစ်နေပြီပေါ့"

"ပရိုပို့စ်လုပ်ဖို့ စဉ်းစားထားတာ"

အားလုံး ငြိမ်သွားကြသည်။

"အေးလေ. . . မင်းလည်း တစ်ခါခံထားဖူးပြီပဲ စဉ်းစားပေါ့"

"ငါဖြင့် မွန်းကို မကြိုက်ပါဘူး"

ငွေစိုးက ကဲ့ရဲ့ဖို့ စကားစသည်။

"မင်း ကြိုက်ဖို့လည်း မလိုပါဘူး"

ထုံးစံအတိုင်း လင်းဟိန်းက ပြန်ခွပ်၏။

"ဟုတ်တယ်လေ. . . မင်းတို့လည်း မြင်သားပဲ လမ်းလျှောက်





တော့ မြေပြိုတော့မယ့်အတိုင်း စကားပြောတော့ ခြင်အော်သံလေးလိုပဲ ရည်းစားဖြစ်ကြရင် ပျင်းစရာကြီး"

တကယ့်ကို ရှုံ့ရှုံ့မဲ့မဲ့ ဝေဖန်နေတာ။

နေရှင်က အပြုံးမပျက်ဘဲ ခေါင်းညိတ်နေသည်။

"ငါတော့ အိမ်မှာ မျောက်မူးလဲမနဲ့ နေရလွန်းလို့ အဲဒီလို မိန်းမပိပိသသလေးကိုပဲ မြတ်နိုးနေရတာ"

"မျောက်မူးလဲတော့ ဘာဖြစ်လဲ. . . မျောက်မူးတာ ကိုယ်မူးတာမှတ်လို့"

"မင်းကလဲ စိတ်မပျက်နိုင်ဘူးနော်"

"ပျက်စရာလား"

"မပျက်ဘူး. . . ဒီမှာ စတောင်မှ မစရသေးဘူး. . . ပါးစပ်ပုပ်ကြီးနဲ့ လာပြောမနေစမ်းပါနဲ့"

ခပ်မွှေမွှေ နေတတ်သလောက် ရုပ်ကလည်း ပြောင့်ပြောင့်မို့ ငွေစိုးက ဒီကိစ္စမျိုးဆို ဇွဲတော့ရှိတတ်သူ။

နာမည်ကိုက တိုင်းငွေစိုးပဲလေ။

မိဘက ချမ်းသာသလို သုံးယောက်ထဲမှာ အငယ်ဆုံးသားမို့ တစ်အိမ်လုံးက အလိုလိုက်ထားခဲ့ရသူ။

သူတို့လေးယောက်အထဲမှာ နေရှင် တစ်ယောက်သာ ခပ်နိမ့်နိမ့်ပေမယ့် အားလုံး ရုပ်ဆင်းအင်္ဂါတွေလည်း ချောကြသလို လူကုံတံတွေချည်းပင်။

"နေရှင်"

"ပြော"

"ငါ ဟိုနေ့ကတည်းက သက်တမ်းရင့် ရည်းစားတွေ အားလုံးကို


www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပစ်လိုက်ပြီနော်. . . နုတာလေးတွေကိုတော့ လုံးဝဆက် မကြီးစားတော့ဘူး"

"အဲဒါ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူး. . . အသိပေးထားတာ"

"မင်းက ဒီထက် အထိနာမှ မှတ်မဲ့ကောင်"

"မနာပါဘူးကွာ. . . နာလဲ ဘာဖြစ်လဲ. . . တကယ့် အရိုင်းပန်းလေးကွ. . . မြတ်နိုးစရာလေး"

"ပြောမဲ့ပေါင်းများပြီ"

တစ်ယောက် တစ်ပေါက် ငိုင်းပြောနေကြတော့ နေရွှေ ငြိမ်နေလိုက်သည်။

"နေရွှေ"

"ဘာလဲကွာ"

"ငါတကယ် ကြိုးစားမှာနော်"

နေရွှေ မလှုပ်။

"ရင်ထဲမှာ တကယ် ငြိနေတာကွ"

"စကားပြောတောင် မခံဘဲနဲ့ မင်းက ဘယ်လိုကြိုးစားမှာလဲ"

"အဲဒါ မင်းတို့မချက်နဲ့လေ. . . သက်ဆိုင်သူ ခွင့်ပြုပြီဆိုရင် ကြည့်လိုက်"

နေရွှေ မပြောဘဲ နေလို့မရတော့ပါလား။

"နေရွှေ ပြောလေကွာ"

"ဘာပြောရမှာလဲ. . . လူပျိုနဲ့အပျိုပဲ ရိုးသားစွာ ကြိုးစားခွင့်ရှိပါတယ်. . . ဒါပေမယ့် ထက်ရှားက စွာတာမျိုးမဟုတ်ဘဲ ရိုင်းတတ်တယ်နော်. . . မင်း ခံနိုင်ရည်ရှိမှ ဖြစ်မယ်. . . သူက လူကြား သူကြားရှောင်





ဘာမဟုတ်ဘူး. . . သူကြောင့် ငါတို့ မျှတ်နှာ မပျက်ရဘူးဆိုရင် ပြီးတာပဲ"

"အိုကေ. . . ငါ့ဘက်က လုံးဝ ကတိပေးတယ်"

နေရွှေက နေရာမှ ထသည်။

"ဟိုက်ကောင်. . . လက်ရည်သောက် သွားအုံးလေ"

"မသောက်တော့ဘူးကွာ. . . မွန်းနဲ့ ခိုင်းထားလို့"

"မချိန်းပဲတွေ့နေတာပဲကွာ. . . မင်းက သည်းမခံနေစမ်းပါနဲ့"

"မတူဘူးလေကွာ"

"ကဲ. . . မတူရင်လဲ ကြွတော်မူပါ"

နေရွှေက ဟဲခနဲရယ်၍ လွယ်အိတ်ကောက်လွယ်ကာ ထွက်သွားသည်။

တိုင်းငွေစိုးတို့ကတော့ ဘာကို သဘောကျနေမှန်းမသိဘဲ ပြုံးသည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

ဟာ. . ခြင်ကိုက်ပြီထင်တယ်။

နားထင်မှာ စစ်ခနဲဖြစ်ကာ ယားလာသည်။

ကြည့်စမ်းပါအုံး. . . အသားထဲကို သွန္နာမောင်း ထိုးသွင်းနေတာ တစိမ့်စိမ့် လက်က ပုတီးစိပ်နေပေမယ့် စိတ်က နားထင်က ခြင်ဆီ စုပြုံရောက်နေသည်။

ပုတီးကို တစ်လုံးပြီးတစ်လုံး ဆွဲချနေပေမယ့် ဘဂဝါ ဆိုမိတာဆိုမိ မဆိုမိတာကများ ပုတီးစိပ်တဲ့လက်ကို ဖျက်မပစ်ရဘူးတဲ့

ကိုယ့်မှာ လက်ပအားကာမှ ခြင်ပါးလာဝနေတဲ့ ဒီခြင်။

ဒေါသကလည်းဖြစ်၊ ယားလည်းယား၊ ခနောက်ဆဲ လုံးဝအောင့်ထားလို့မရတော့။

"ကိုကိုရေ"

"ဟေ. . ."

ခေါ်သံက စူးစူးဝါးဝါးမို့ နေရှူ ချက်ချင်းရောက်ချလာသည်။

"ဟော့. . . ပုတီးစိပ်နေရင်းနဲ့ လှမ်းခေါ်တယ်"





တဖျံ့တခြမ်းနှင့် ခပ်တိုးတိုး ပြောသံကြားလိုက်ရသည်။

"နားထင်မှာ ခြင်ကိုက်နေတယ်. . . ရိုက်လိုက်စမ်းပါ. . . မလွတ်စေနဲ့နော်. . . အဲဒီခြင် လုံ့ပါးဝနေတာ သေအောင်သတ်ပစ်"

မျက်လုံးမှိတ် ပုတီးစိပ်မပျက်ဘဲ မေတ္တာပွားနေသည့် မင်းထက်ရှားကို သဘောကျကာ ဒီတစ်ခါ နေရှူ အသံထွက်အောင်ပင် ရယ်မိတော့သည်။

"မြန်မြန် သတ်လေ. . . ယားလှပြီ"

နေရှူ အနည်းငယ် ခါးကိုင်း၍ခြင်ကို ဟူးခနဲ မှုတ်ထုတ်ပစ်လိုက်သည်။

"ဟယ်. . . မရိုက်ဘဲ မှုတ်လွှတ်တယ်"

ဒီတစ်ခါ မျက်လုံးလည်းပွင့် ပုတီးကိုလည်း ချ၍ ပြန်ဖမ်းမရနိုင်တော့သည့် ခြင်ကိုလည်း အသည်းအသန် လိုက်ရှာရင်း မင်းထက်ရှား ဒေါသက နေရှူဆီ စုပြုံသွား၏။

"သူများ မသတ်နိုင်မှန်းသိလို့. . . သက်သက်လုပ်ပါးဝပြီး တွယ်ကိုက်နေတဲ့ ခြင်ကို မသတ်ဘဲ လွှတ်လိုက်ရသလား. . . ဒီက ပုတီးစိပ်နေလို့ သူ့ကိုခေါ်ကာမှ သူတောင်းစားခြင်ကို လွှတ်ပေးတယ်. . . သွေးဝပြီးလောက်ဆို သူက ချောင်ကပ်ပြီး နှပ်နေပြီပေါ့. . . ဘုရားဖြစ်မယ့် အုတ်ကြီးရယ်. . . ရှင်ကြီး သိပ်ကိုတော်ပါတယ်နော်. . . တော်တယ်. . . တော်တယ်"

နေရှူ ရင်ဘတ်ကို တအားထုသည်က မညှာမတာ။

"ဟာ. . . ဟ. . . နာတယ်နော်. . . ထက်ရှား. . . နင် မှတ်ပါး ဒီးနေပြီး သူများအသက်ကို ဒီလောက်တောင် သတ်ချင်နေရသလား. . . ဘုရားတစ်ဖက် ခါးတစ်လက်"



www.burmeseclassic.com

www.burmeseclassic.com



"လက်လက် မလက်လက် ကိုယ့်သွေးလာ ဖောက်စုပ်တာကို မခံနိုင်ပါဘူး. . . အဲဒါ ကိုကို့ကြောင့် ကိုကို့ကြောင့်"

နေရွှက မင်းထက်ရှား လက်နှစ်ဖက်ကို မိအောင်ဖမ်းချုပ်ကာ တဟားဟားရယ်နေသည်။

ပြီးတော့ ပါးလေးကို ခပ်ဖွဖွ လိမ်ဆွဲပစ်လိုက်မိသည်။ ဒိုက်စ်ခါ မင်းထက်ရှား ကလေးဆန်ပုံလေးက တကယ့်ကို ချစ်စရာ. . .

● ● ●

"အမေ. . . အမေ့"

"ဟင်"

"အပြင်မှာ ဒေါ်တုတ်ကြီး ရောက်နေတယ်. . . သူ့စာရင်း ဒီနေ့ ပြည့်ပြီတဲ့ အဲဒါ ပိုက်ဆံထုတ်ချင်လို့တဲ့"

ဒေါ်စိုးစိုးထက်က နားထင်ကို လက်တစ်ဖက်နှင့် ထောက်၍ အိပ်ယာပေါ်မှ ထထိုင်ကာ ခေါင်းအုံးအောက်က သော့တွဲကို မင်းထက်ရှားကို လှမ်းပေး၍. . .

"အမေ့ဘီရိုထဲမှာ အဖုံးနီနဲ့ စာရင်းစာအုပ်ရှိတယ်. . . စာရင်းကြည့်ပြီး ထုတ်ပေးလိုက် သမီးရယ်. . . ရော့ သော့. . . ပြီးရင် သေချာပြန်မှတ်ထား"

မင်းထက်ရှားက စာရင်းစာအုပ်နှင့် ငွေကိုယူ၍ အိမ်ရှေ့ထွက်ခဲ့သည်။ ဒေါ်တုတ်ကြီး ပြီးတော့ နောက်ထပ် နှစ်ဦးလာပြန်သည်။

အမေ့ကို ပြေးပြောကာ စာရင်းနှင့်တိုက်၍ သိမ်းရမှာကို သိမ်း ထုတ်ရမှာကို ထုတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဟော. . . လာ. . . နီလာ ဘာလဲ"

ဇီးထုပ်ရုံက ကောင်မလေးပါ။

နီလာက အိမ်ထဲဝင်လာကာ. . .

"ဇီးချဉ်တွေ ရောက်လာတယ် မမ. . . အဲဒါ အန်တီ ပစ္စည်း ဝိတ်ထားတယ်လည်း ပြောလို့. . နီလာတို့ လက်ခံလိုက်ရမှာလား. . . ဘာလုပ်လိုက်ရမလဲ"

မင်းထက်ရှား အမေ့ကို ဝင်မေးရပြန်သည်။

ပြောရလွန်း၍ စိတ်မရှည်တော့ဘူး ထင်သည်။

ဒေါ်စိုးစိုးထက် ကိုယ်တိုင်ထွက်လာသည်။

"ပစ္စည်းမှားချတာ ဖြစ်မယ် နီလာ. . . ချပြီးပြီလား"

"မချရသေးဘူး အန်တီ. . . သမီးတို့က အန်တီမှာမထားလို့ မချနိုင်သေးတာ"

"အေး. . . မယူသေးဘူးလို့ မှာလည်းမထားဘူးလို့. . . ပစ္စည်းချတာ နားတယ်လို့ လိုရင် ဖုန်းဆက်မယ်လို့ ပြောလိုက်ကွယ်"

"ဟုတ်ကဲ့ အန်တီ"

"မလေးနွယ် ရှိလား. . . ဒီနေ့ ဆင်းရဲ့လား"

"ဆင်းတယ် အန်တီ"

"အေး. . . မလေးနွယ်ကို မရမ်းသီးကား သွားကြိုဖို့ ပြောလိုက် ဦးချစ်ကို ခေါ်သွားလို့ ငွေကို ညနေ အိမ်မှာပဲ လာယူဖို့ပါ ပြောလိုက်"

"ဟုတ်ကဲ့"

"ဒါပဲ. . . သွားတော့ နီလာ"

"ဟုတ်ကဲ့"





နီလာ ထွက်သွားတော့ ဒေါ်စိုးစိုးထက် ဧည့်ခန်းမှာပဲ နွမ်းလျစွာ ထိုင်ချလိုက်သည်။

"အဲဒါကို ကြည့်စမ်း. . . အမေ့မှာ တက္ကသိုလ်တက်နေတဲ့ ကျောင်းသူ သမီးရှိပါရက်နဲ့ နေ့ရာတကာ အမေပါနေရတာ. . . တကယ် ဆို ဒါတွေ သမီးအားလုံး သိနေရမှာ"

"သိတော့ သိပါတယ်အမေရယ်. . . ဒါပေမယ့် အမေ လည် တ်နေတဲ့ အချိုးကို ထက်ရှားမှ မသိသေးတာ"

"မသိသေးတာကို သိအောင်လုပ်ရမှာပေါ့. . . သမီး မိန်းက လေးဖြစ်ပြီး ခုလို သူများရှေ့မှာ အမေရေ. . . အမေရေနဲ့ သမီး ဝင်မေး တာ မရှက်ဘူးလား"

"အမေကလဲ"

"လိမ္မာဖို့ကောင်းနေပြီ ထက်ရှား. . . ညည်းကို အမေက အား ငဲ့ချင်တာ. . . ခုတော့ ဝမ်းနဲ့မလွယ်ရတဲ့ ကလေးကျ အမေ့သားဖြစ်နေ

စွပ်ကျယ် ချိုင်းပြတ်နှင့် ပုဆိုးတိုတိုဝတ်ကာ လမ်းထဲမှာ ရေ သွဲ့နေသော နေရန္တကို လှမ်းကြည့်လိုက်မိသည်။

နေရန္တ ဒီကိုရောက်တော့ပဲ ခြောက်တန်းကျောင်းသား ဖြစ်နေ မင်းထက်ရှားက သုံးတန်း။

နေရန္တကို လာပို့သည်က ခပ်ဝဝ မိန်းမကြီးတစ်ယောက်။

လက်ထဲမှာ စာတစ်စောင်ပါလာသည်။ အဲဒီတုန်းက စာကိုဖတ် အမေ မျက်ရည်ဝဲနေတာကို ခုထိ မှတ်မိနေသေးသည်။ အမေ ဘာလို့ ဘာလဲဆိုတော့ ဒီကလေးရဲ့အဖေဟာ အမေနဲ့သိပ်ချစ်ကြတဲ့ သူငယ် င်းတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တဲ့ ခရီးရှည် တစ်ခုကို ထွက်ရမှာမို့ နေရဲ့ကို ခေတ္တ ကျွေးမွေးစောင့်ရှောက်ထားပေးပါရန် စာထဲမှာ ရေးထားသည်တဲ့။

ဒါပေမယ့် အနိုင်ယူရမှုလည်း ကြိုက်တဲ့သူ။

နေရဲ့ဟာလည်း နေရာတကာ အရှုံးပေးခဲ့သူ မဟုတ်။ ဒီတော့ မတဲ့အဘူနေ ဖြစ်ခဲ့ရသည်။

ရန်လည်း ခဏခဏ ဖြစ်သည်။ ပြီးတော့လည်း ခဏပဲ။

နေရဲ့က အမေ့ကိုတော့ ချစ်ကြောက်ရိုသေရှိသည်။

ဒီနေ့အချိန်ထိ ဒေါ်သတကြီး မာန်မဲဆုံးမ လိုက်တာမျိုး မရှိခဲ့ဖူးသလို သူကိုယ်တိုင်ကလည်း အမေ ဘာပြောပြော ဘာလုပ်လုပ် ရိုကိုးနာခံသူ အလုပ်လုပ်တဲ့ နေရာကျတော့လည်း ဘယ်သူ့ကိုမှ တွက်တွက်ကပ်ကပ်မရှိ။ နေရဲ့ရောက်စက ထက်ရှားတို့မှာလည်း အဖေဆုံးပြီးကာစမို့ သိပ်ပြေပြေလည်လည် မရှိ။

ဓါးရက်လေးတစ်လုံးနဲ့ ဂျင်ခြေလည်အောင် လုပ်ကိုင်စားခဲ့ရတဲ့ အမေ။ နောက်တော့ အရွယ်ငယ်ပေမယ့် ရေထည့်တဲ့အလုပ်ကို နေရဲ့က နိုင်နင်းစွာ ဝင်လုပ်လာသည်မို့ မုန့်စုံလုပ်ငန်းကို သေးသေးလေး နေစထောင်ခဲ့တာ။ ဘာရယ်လို့လည်း ပြစရာမရှိပါဘဲ အဆင်ပြေချင်တော့လည်း ဘာလုပ်လုပ် အမြတ်အစွန်း ဖြစ်လာခဲ့သည်။

ခုတော့လည်း မချမ်းသာပေမယ့် လူဘန်းစေ့တော့ နေနိုင်နေပြီ။ ဘာပြောလိုက် ပြောလိုက် နှုတ်ခမ်းစူစူ သွားတတ်သည့် သမီးကို ကြည့်၍ ဒေါ်စိုးစိုးထက် စိတ်တိုင်းမကျ။

ဒီကောင်မလေး အချိုးပြောင်းအောင် ဘယ်လိုလုပ်ရပါ့မလဲ။

● ● ●



"ဟယ်... ငါ့ဖိနပ်ပြတ်သွားပြီ"

ပြတ်ထွက်သွားသည့် ဖိနပ်ကို ငုံ့ကြည့်၍ မျက်လုံးက နောက်ဘက်ကို ဒိုင်းခနဲ ရောက်သွား၏။

"ဆော... ဆောရီးနော်... ကျွန်တော့်ကို နောက်ကအတင်း တွန်းလိုက်လို့ နင်းမိသွားတာပါဗျာ..."

လူတိုးမခံချင်လို့ တမင်နောက်ဆုံးမှ လိုက်ထွက်တာတောင် မဟောင်းသေးတဲ့ ဖိနပ်ပြတ်အောင် အနင်းခံရတဲ့အဖြစ်။

မင်းထက်ရှား တံတောင်ဆစ်အောက် ထိရှည်သော အင်္ကျီလက်စကို ဟိုဘက်ရော ဒီဘက်ပါဆွဲ မတင်ကာ ခါးထောက်သည်။

"ဆောရီး... ဟုတ်လား... ရှင့်ဆောရီးက ထက်ရှားဖိနပ်ကို ပြန်ကောင်းလာရောလား... ဟင်... မတော်တဆဆိုတဲ့ ထွင်လုံးတွေနဲ့ ဒီလိုလုပ်စားနေတာ ဘယ်လောက်ကြာပြီလဲ"

"ထက်ရှားကလဲဟယ်... လူတွေကြည့်ကုန်ပြီ"

ရုပ်ရှင်ရုံထဲက ထွက်လာတဲ့လူတွေရဲ့ ခြေလှမ်းဟာ ရှေ့ဘက်မ

www.burmeseclassic.com



တိုးဖြစ်ဘဲ သူတို့နားမှာ တဲ့နေးနေး ဖြစ်ကုန်ပြီ။

သူငယ်ချင်းတွေ လက်တို့တာကို မင်းထက်ရှား ခါချပစ်လိုက်သည်။ ရန်တွေ့ဖို့ကိုမှား ရှက်ရောလို့ပဲ ခြင်ပုံမပေါ်။

အကြောခံလိုက်ရတာမျိုးကို ခေါင်းငုံ့ခံလိုက်ရမှာစိုးကာ သားကောင်ကို အလွတ်မပေးနိုင်သည့် ဒေါသတွေထန်လျက် မင်းထက်ရှား မျက်နှာလေးက ပတ်ဝန်းကျင်ကို မေ့ထားပုံပင်။

ငွေစိုးကိုလည်း မင်းထက်ရှား မှတ်မိပုံမရ။ သူကတော့ ကိုယ့်အကြံနဲ့ ကိုယ်မို့ မျက်နှာကို အတတ်နိုင်ဆုံး ပစ်ချကာ...

"ညီမဖိနပ်ကို ကိုယ် လျှော်ပေးပါ့မယ်"

"ဘာလျှော်ပေးမှာလဲ...ဘယ်မှာ သွားလျှော်မှာလဲ...ရှပ်ရှင်ရုံရှင့်...ဗိုလ်ချုပ်ဈေး မဟုတ်ဘူး"

"စက္ကန့်ပိုင်းအတွင်း အရောက်ပြန်လာပြီး လျှော်ပါ့မယ်"

ပြောတော့မှ မင်းထက်ရှား ခွေ့ခွေ့ခုန်ပါတော့သည်။

"ကြည့်စမ်း...စက္ကန့်ပိုင်းအတွင်း လျှော်မယ်ဆိုတော့ ရှင်က ဖိနပ်တစ်ရံ အဆင်သင့် လုပ်ထားပြီးမှ ထက်ရှားဖိနပ်ကို တမင်နင်းတာပေါ့လေ...သက်သက်လုပ်ပစ်လိုက်တာပေါ့"

"ဟာ...မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ...တွေမကြီး...စက္ကန့်ပိုင်းလည်း မစောင့်ဘူး...စက္ကန့်ခက်လည်း မစောင့်နိုင်ဘူး...ရှင့်ဖိနပ် ခုချွတ်ပေး"

"ဟာ..."

ငွေစိုး ပါးစပ်ပြဲသွားသည်။

ဒီလိုလုပ်ခိုင်းလိမ့်မယ်လို့ လုံးဝထင်မထားသည်မို့ ခေါင်းတွေ ပူသွား၏။





"ချွတ်လေ...ခုချွတ်ပေး"

လင်းဟိန်းက ပြုံးစိစိ။

လူတွေ ဝိုင်းရယ်ကုန်ကြပြီ။

ငွေစိုး မျက်နှာကြီး နီရဲလျက်။

"ရော့...ဒီဖိနပ်ရှင်ယူ ရှင့်ဖိနပ်ကိုချွတ်"

သူ့ဖိနပ်ပြတ်ကို ကောက်ယူ၍ မုန့်ထုပ်တွေ စုထည့်လာခဲ့သော အိတ်ခွံကြီးထဲ ထည့်ကာ ငွေစိုး လွယ်အိတ်ထဲ ဆိုးဆိုးဆတ်ဆတ် ထည့်ဝစ်လိုက်သည်။

"ကဲ...ကဲ...ချွတ်သာပေးလိုက်တော့"

လင်းဟိန်းက အရယ်တစ်ဝက်နှင့် ပြောသည်။

"နေပါအုံး ညီမရယ်...ကိုယ့်ဖိနပ်က မင်း စီးတတ်မှာလား"

ပြောင်လက် နက်မှောင်နေသည့် ရှူးဖိနပ်ကို ငုံ့ကြည့်ပြောတော့ မင်းထက်ရှားက နှုတ်ခမ်းမဲ့သည်။

"ရှင်က ပါးစပ်နဲ့ကိုက်ထားတာမှ မဟုတ်ဘဲ...ရှင်တောင် ခြေထောက်နဲ့ စီးထားသေးတာ ထက်ရှားမှာလည်း ခြေထောက်ပါတယ်"

ကဲ လုပ်ချလိုက်စမ်းကွာ။

လူတွေကြားထဲမှာ ငွေစိုး ဖိနပ်ချွတ်ပေးရတော့သည်။

"ထက်ရှားရယ်...ဒုက္ခပါပဲ"

"အားနာစရာဟယ်...သူဝယ်ပေးမယ်ဆိုတဲ့ ဟာကဲ"

ကောင်မလေးတွေက မျက်နှာပူပူနှင့် အပြစ်တင်သံလေးတွေ ထွက်လာသည်။

မင်းထက်ရှားက မဲ့ပြုံးပြုံး၍ မျက်နှာလေးကို မော့ခါပစ်သည်။ ဆံမြိတ်ပါးပါးလေးချ၍ ရိုးရိုးလေးစင်းကျနေသည့် ဂုတ်ဆံမထိမ



www.burmeseclassic.com

www.burmeseclassic.com



ထိဆံပင်တိုလေးတွေက မဲနက်ဒိန်ခွဲ့ကာ ခေါင်းလှုပ်လိုက်တိုင်း ညွတ်ပြောင်ယမ်းခါလျက်ရှိလေသည်။

"ဒါ မဖော်တဆ မဟုတ်ဘူးဟဲ့. . . သူက တမင်လုပ်တော့ ငါလည်း လုပ်မှာပဲ. . . သူဝယ်ပေးစရာ မလိုပါဘူး. . . ငါစီးဖို့ ဖိနပ် ငါ ဝယ်နိုင်တယ်. . . အဓိကက သူ့ ခြေထောက်အတိုင်း ငါ့ရှေ့က ထွက်သွားဖို့ပဲ"

"ရော့. . ."

ငွေစိုး ဖိနပ်ကို လှမ်းပေးတော့ မင်းထက်ရှား သွက်လက်စွာ ယူသည်။ ဒီဇိုင်းဆန်းသော ရှုပ်လက်တိုပွပွ အဝါနုနှင့် ဘောင်းဘီနက် ဝတ်ထားသော ငွေစိုး ခြေထောက်ဖွေးဖွေးက သံမံတလင်းပေါ်မှာ ဒီအတိုင်း. . .

လင်းဟိန်းက ဟားခနဲ အော်ရယ်သည်။

အနားကလူတွေရောပဲ အပေါ်က စတိုင်ကျကျဝတ်လို့ ဖိနပ်မပါသည့် ငွေစိုးပုံစံကြောင့် အသံထွက်အော်ရယ်ကြလေသည်။

"ကောင်းတယ်ဟေ့. . . စောစောက ရုပ်ရှင်ကြည့်ရတာ ပျင်းစရာကြီး ဒီပွဲကတန်တာ"

"ဇာတ်လမ်းတော့ ဖြစ်ပြီ"

သူတို့နားက လူတွေတဝဝ ကဲ့သွားကြသည်။

"လာ. . . သွားမယ်"

သူငယ်ချင်းလုပ်တဲ့ ကောင်မလေးတွေက ငွေစိုးနဲ့ လင်းဟိန်းကို အားနာတောင်းပန်ဟန်နှင့် သမင်လည်ပြန်ကြည့် သွားကြသည်။

မင်းထက်ရှားကတော့ ဖိနပ်ကို ကိုင်၍သူမှာ ဖိနပ်မပါတာကိုလည်း မရှက်ဘဲ ခပ်မော့မော့လေး ထွက်သွား၏။





"ဟား. . . ဟား. . . ဟား"

လင်းဟိန်းက ငွေစိုးပုံစံကို လက်ညှိုးထိုးကာ ဗိုက်ကိုလည်း နှိပ်၍ ခွက်ထိုးခွက်လန် ရယ်တော့သည်။

ကားပါကင်နေရာထိ ရောက်အောင် မနည်းလျှောက်ခဲ့ရတာ မျက်နှာကြီးထူပူကာ စကောလောက်ကြီးနေတဲ့အတိုင်း. . .

ကားပေါ်ရောက်တော့မှ ငွေစိုး ဟူးခနဲ သက်ပြင်းချသည်။

လင်းဟိန်းက ရယ်ရှိန်မပြေသေး။

"ချစ်ဖို့ကောင်းလိုက်တာကွာ"

"အမ်"

ရယ်တဲ့ပါးစပ် လမ်းတစ်ဝက်မှာ ဟ ဟကြီးနှင့် တန့်သွား၏။

လင်းဟိန်း ငွေစိုးကို မျက်လုံးပြူးကြီးနှင့် ပြန်ကြည့်ကာ. . .

"ချစ်သေးတယ်. . . ဟုတ်လား. . . ငါ နားကြားမှားတာတော့ မဟုတ်ပါဘူးနော်"

ငွေစိုးက ဟက်ခနဲ ရယ်၍ ကားကို သော့ဖွင့်သည်။

"ငါ့အချစ်သက်တမ်းမှာ စွဲစွဲလမ်းလမ်း စူးစူးနစ်နစ် ချစ်ခဲ့ဖူးတဲ့နေ့ဟာ ဒီနေ့ပဲ"

"ရောဂါက မသေးပါလား"

"ကပ်ကြည့်လေ ချစ်စရာကောင်းလေပဲ. . . မျက်တောင်ကော့ကော့လေးတွေကို တအားနမ်းပစ်လိုက်ချင်တယ်"

"ဖောက်ပြန်ကုန်ပြီ"

"လင်းဟိန်း"

"ပြော"

"အကဲခတ်စမ်းပါ. . . နီးစပ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



“နောက်တစ်ခါဆို ပါးရိုက်ခံရဖို့ နီးစပ်တာပေါ့”

ငွေစိုးက ကားမောင်းရင်း ပြုံးလိုက်သည်။

“သူ့ ငါ့ကို ပါးရိုက်ရင် ပိုကောင်းတယ်. . . ရိုက်တဲ့နေ့ဟာ သူ့ကို ငါ ကားတင်ပြေးတဲ့နေ့ပဲ”

“မြတ်စွာဘုရား”

တကယ့်ကို ရောဂါသည်းနေသည့် ငွေစိုးကို အံ့ပဲအံ့ဩမိတော့သည်။ ချစ်တယ်ပြောတယ်။ လိုက်တယ်။ ကြိုက်ပြီး ဘာမှမကြာသေး… နောက်တစ်ယောက် ထပ်လိုက်သည်။

ဟိုတစ်ယောက်က ဘယ်ရောက်သွားလဲ မေးလျှင် ဒီလော… ဆို တော်ပြီပေါ့။ ရည်းစားတစ်ယောက်ကို အကြာကြီးထားတာ ပျင်း… ရာကြီးလို့ ပြောကတ်သူ။

ချစ်တာ တွဲတာကို ပန်းခြံမှာ အင်းယားကန်ဘောင်ပေါ်မှာ … ရှင်ရုံမှာ အဲဒီလို နှစ်ခါ သုံးခါ ဆုံပြီးတာနဲ့ ငြီးငွေ့တတ်တဲ့ ငွေစိုး။

“မင်းက အသည်းအသန် လိုချင်တဲ့အထိ အဖြစ်ဆိုးနေပြီလား… ဟဲ့ကောင်”

“အဖြစ်ဆိုးတာ မဟုတ်ဘူးကွ ချစ်တာ. . . ငါ အစက … လောက် မဟုတ်ဘူး. . . စိတ်ဝင်စားရုံပဲ ခုတော့ တကယ့်ကို ကြွေတာ…”

“အေး. . . မင်း ခံနိုင်ရည်ရှိရင် ကြိုးစားပေါ့. . . အဲဒီကောင်… လေးနဲ့ ပတ်သက်တဲ့ ကိစ္စတိုင်း ငါ ဘေးကလိုက်ပေးမယ် သိလား… ဟဲ. . . ဟဲ. . . မင်း ပါးရိုက်ခံရမယ့် မြင်ကွင်းမျိုးလေး မြင်ချင်လွန်း…”

“ခွေးဝဲစား”

● ● ●



“တော်ပြီ. . . တော်ပြီ. . . ထက်ရှားနဲ့ လိုက်ရတာ တကယ် အရှက်ကွဲတယ်. . . တားလို့လည်းမရ ထိန်းလို့လည်းမရ”

“အေးဟယ်. . . သူ့ခမျာ သနားပါတယ်. . . လူတွေ တအား ဝိုင်းဟားကြတာ”

အမလေး သူတို့ကပဲ ရင်ထုမနာ။

မင်းထက်ရှားက အားလုံးကိုဝေ့၍ မျက်စောင်းထိုးသည်။

“သူက တမင် နင်းတာဟဲ့”

“နင်းပဲ နင်းပါစေဦး. . . နင်လုပ်လိုက်ပုံက. . .”

“ဘာဖြစ်လဲ. . . အဲဒါ”

“နင် ပြုတ်တဲ့ဖိနပ်က ထောင်ကျော်တန်လေးရယ်. . . သူပြန် ပေးလိုက်ရတာက သောင်းကျော်တန်တဲ့ ဖိနပ်”

“ဟုတ်ပ. . . ပိုးစိုးပက်စက် လွှင့်ပစ်ခဲ့တာ နှမြောစရာကြီး”

“နှမြောပြီး ငါက လည်ပင်းမှာ ချည်ထားရမှာလား”



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက ဟိုလူ့ဘက်မှာ မဲသာ၍ မကြည်လင်ကြပေ။ မင်းထက်ရှားကတော့ ဂရုမစိုက်ပါ။

"အဲဒါ မှတ်ရောပေါ့. . . နောက်လာ မစမ်းရဲတော့ဘူးလေ"

"မြင်တော့ မြင်ဖူးသလိုပဲ. . . . . . မသိဘူး"

ခေမာက မင်းထက်ရှားကို ခပ်ပြုံးပြုံး ကြည့်၍. . .

"ငါတို့အုပ်စုထဲမှာ ထက်ရှားကစပြီး မဲပေါက်တော့မယ် ထင်တယ်. . . မဆိုးပါဘူး. . . ရှယ်ပဲ"

"ဘာရှယ်တာလဲ"

"အံမယ်. . . ဒီဘဲ ငြိမ်နေမယ် ထင်လို့လား. . . ထက်ရှား ပြောသလို တမင်နှင်းတာ မှန်ရင် ဇာတ်လမ်းက အရှည်ကြီး လာအုံးမှာ"

"အေးနော်. . . ဒီနေရာမှာ ဒီပြင်ယောကျ်ားတစ်ယောက်ယောက်ဆို ဒီလောက် ဘယ်လိုက်လျှောမလဲ ခုပုံစံက အပြစ်မဲ့တဲ့ သိုးကလေးလိုပဲ"

"ဒါပေါ့. . . ထက်ရှားကို ကြည့်နေလိုက်တဲ့ မျက်လုံးတွေက များ. . ."

"တော်ကြတော့နော်. . . မတော်ရင် ငါ ကျောကော့အောင် ထုချလိုက်မယ်"

မင်းထက်ရှားက ပြောသလို လုပ်တတ်သူမှန်းသိ၍ သူတို့ရယ်နေကြပေမယ့် ဆက်မပြောကြတော့ပါ။

"နင်တို့နော်. . . ငါ့ယောက်မကို စိတ်ဆိုးအောင် မစကြနဲ့. . . ငါ့ယောက်မကို ထိရင်ငါလုံးဝ သည်းခံမှာ မဟုတ်ဘူး"

"အံမယ်. . . ငါ့ယောက်မပါနော်"

"ဟဲ့. . . ထက်ရှား နင်ဘယ်သူ့ကို ပေးမှာလဲ. . . ငါတို့ အဝေ





တည့်တော့ဘူးနော်"

"အဝေမတည့်ရင် အလယ်ကပိုင်း ယူကြပေါ့"

"ဒါဆို ငါတော့ အောက်ပိုင်းမလိုချင်ဘူး"

"ငါက အပေါ်ပိုင်း"

မင်းထက်ရှား တခစ်ခစ်ရယ်၍ စာအုပ်နှင့် ရိုက်သည်။

"မိန်းမတွေ အရှက်ကို မရှိဘူး"

"ချစ်လို့ပါဟယ်"

ဒီနေ့ တစ်နေကုန် အတန်းလစ်၍ လျှောက်လည်နေကြသည်။ လွယ်အိတ်တွေ တကားကားနှင့် သူတို့သွားလာသမျှ ကျောင်းလစ်နေကြမှန်း လူတွေကတော့ သိမှာပါ။

ရုတ်တရက် ဟိုတစ်ယောက်ကို သတိရလိုက်မိသည်။

နောက်မှာရော အဖော်တစ်ယောက်နှင့် နှစ်ယောက်လုံးမှာ လွယ်အိတ်တွေပါသည်။ သူတို့လည်း ကျောင်းလစ်လာကြတာဖြစ်မည်။

ကြော်. . ဖြစ်ရလေ။

သူခိုးချောင်းမှ သားဖြစ်ရတယ်လို့ . .

www.burmeseclassic.com

"ထက်ရှား. . ."

"ဘာလဲ"

"ထူးတာကလည်း တလေးတစားပဲနော်"

မင်းထက်ရှား စာကြည့်နေတဲ့ နားလာထိုင်၍ နေရှာ အတော်ကြာ ငြိမ်သက်၍ ကြည့်နေသည်။

"ထက်ရှား"

"ဟင်"

မင်းထက်ရှား မော့ကြည့်ဘဲ ထူးသည်။

"နင်တို့ တစ်နေကုန် ကျောင်းမတက်ဘဲ ဘယ်လျှောက်လိမ့်နေကြလဲ"

မင်းထက်ရှား စာရေးတဲ့လက် တုံ့ခနဲ ဖြစ်သွားကာ မော့ကြည့်၏။

"ရုပ်ရှင်သွားကြည့်တယ်မို့လား"

"အင်း"





"ရုပ်ရှင်ကြည့်ရင်း ဘာဖြစ်ခဲ့သေးလဲ"

မင်းထက်ရှား မျက်နှာလေး ပျက်သွားလျက် ရေးလက်စကို ဆက်ရေးနေ၏။

"ပြောလေ"

"ရန်ဖြစ်ခဲ့တယ်"

ခပ်ပြတ်ပြတ်ပဲ ဖြေ၏။

"ယောကျ်ားလေးနဲ့ ရန်ဖက်ဖြစ်စရာလား"

"ကိုကို့ကို ဘယ်သူပြောလဲ"

"ဘယ်သူပြောရမလဲ. . . နင်နဲ့ဖြစ်တာ ဘယ်သူလဲသိလား"

"ဘယ်သိမှာလဲ. . . အလကား ငတွမ်တွေ"

"အဲဒါ. . . ငါ့သူငယ်ချင်း ဒီကိုတောင် လာဖူးတယ်. . . နင်မသိဘူးလား"

"ဟင်"

မင်းထက်ရှား မျက်နှာလေး အံ့ဩဟန်လေးဖြစ်သွား၏။

"နင် တော်တော်ရိုင်းတဲ့ကောင်မလေး. . . ဘယ်မှာလဲ သူ့ဖိနပ်"

"လွှင့်ပစ်လိုက်ပြီ"

"ဟာကွာ"

"ကိုကိုကလည်း သူ့ဖိနပ်ဆို ထက်ရှားက တစ်လမ်းလုံး သယ်လာရမှာလား"

"အဲဒါ နင်ဘာလို့ ယူလာလဲ. . . သူ့ ဖိနပ်အစား ဝယ်ပေးမယ်ဆိုတာ ယူလိုက်ပါလား. . . ခုတော့ ဘယ်လောက် အားနာဖို့ကောင်းလဲ"

"သူ. . . သူကရော ထက်ရှား သိလို့လား"

"သိတာပေါ့. . . သိလို့ နင့်ကို သူ သည်းညည်းခံသွားတာ. . . ငါ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုငဲ့လို့ သိလား... ခုတော့ သူ့ဖိနပ် သုံးသောင်းကျော်... ကြီး
ဖက်ပက်စက်စက် လွှင့်ပစ်ခဲ့တယ်... ငါ ဘယ်လို ရင်ဆိုင်ရ
တော့ဘူး"

ဒါဆို ဟုတ်မှာပါ။

သူက ကိုယ့်ကိုသိလို့ လိုက်လျောတာကို ကိုယ်က တမင်လုပ်

တာမို့ သူ့အပြစ်နဲ့ သူငြိမ်နေတာ ထင်ပြီးစွတ်ဖိခဲ့တာ။

ခုကျမှ ဒီဖိနပ် သွားပြန်ကောက်ရော ရှိဦးမှာလား။

"သူက ဖိနပ်ပြန်တောင်းခိုင်းလို့လား"

"တောင်းမလား... သူက သူ့ဒွေးပဲ... ဒါပေမယ့် လူလယ်ခေါင်မှာ အရှက်ကွဲခဲ့တဲ့အကြောင်း ပြန်ပြောတော့ ငါမျက်နှာ ဘယ်သွားထားရမလဲ"

မင်းထက်ရှား ခဏလေးသာ မျက်နှာငယ်သွားဖော်ရပြီ။

"အို... ထက်ရှားလည်း လူကြားထဲမှာ ဖိနပ်ပြတ်ကြီးနဲ့ ဘယ်လိုလုပ် ဆက်လျှောက်ရမှာလဲ... သူ့ နမော်နမဲ့ လုပ်လို့ခံရတာ... ဘာမှ အားနာစရာ မရှိဘူး"

"နင် သူ့ကိုတောင်းပန်လိုက်"

"ဘာ"

မင်းထက်ရှား အသံက ခပ်ကျယ်ကျယ်။

"ဘာလို့ တောင်းပန်ရမှာလဲ... ကိုကိုနော်... အာဏာ ပါဝါတွေလာပြမနေနဲ့... ဆောရီးပဲ"

"ထက်ရှား... နင်ဟာလေ အနိုင်ရမှန်းသိလို့ သိပ်ဆိုးလို့ကောင်းနေတာ"

"ဟုတ်တယ်... ဘာဖြစ်လဲ... ထက်ရှား ဘယ်သူ့ကိုမှ ဒူးမ





ထောက်ဘူး"

"ပြီးရော..."

"ပြီးတယ်..."

နေရှုခ ကျောခိုင်းသွားတဲ့အထိ မင်းထက်ရှားက လိုက်အော်

သည်။

ဘယ်ရမလဲ...

သူ့သူငယ်ချင်းမို့ တောင်းပန်ပေးရမယ်တဲ့...

ဝေးပါသေးရဲ့...

● ● ●

www.burmeseclassic.com

www.burmeseclassic.com

"ပွမ်"

အိမ်ရှေ့က ပွန်းသံကြား၍ ခေါင်းထောင်ကြည့်လိုက်တော့ ကား တစ်စီးက ခြံဝမှာရပ်လို့။

ဟိုတစ်ခါ ကိုကို့ဆီ လာဖူးတဲ့ ကားဆိုတာ သိလိုက်၏။

"ပွမ်"

နောက်ထပ် ခေါ်သံကြားမှ မင်းထက်ရှား ထွက်လာခဲ့သည်။

"ဘာလဲ ဘယ်သူနဲ့တွေ့ချင်လို့လဲ"

ပါဝါဝင်းဒိုးမှန်က လျှောကျသွားသည်။ စတိုင်မျက်မှန် ေသ သေးလေးတပ်ထားသည့် ဖြူချောချော မျက်နှာတစ်ခု ပေါ်လာ၏ မင်းထက်ရှား ထိတ်ခနဲဖြစ်သွား၏။ သူ့ဖိနပ်လာ တောင်းတာများလာ မျက်နှာကတော့ ခပ်ပြုံးပြုံးပါပဲ။

"နေရဲရှိလား"

"မရှိဘူး"

ဘာပဲဖြစ်တားထား မင်းထက်ရှားကတော့ မျက်နှာထားကို နည်





နည်းလေးမှ မလျှော့။

"သူခေါ်ထားလို့လာတာ ဘယ်သွားလဲ"

"သူမရှိဘူး. . . သူခေါ်ထားလဲ သူပြန်ရောက်မှ လာပေတော့"

"အထဲမှာ ဝင်စောင့်လို့ မရဘူးလား"

"မရဘူး. . . အထဲမှာ ထက်ရှားတစ်ယောက်ပဲ ရှိတာ"

ဝင်ခွင့်တောင်းလိုက်မိကာမှ တံခါးကိုတောင် သော့ခတ်လိုက် သေးရဲ့။ မင်းထက်ရှား အားနာရမှန်းလဲ မသိ။

သော့ကိုကိုင်၍ လှည့်ဝင်သွားလေသည်။

အထဲကျမှ ကိုယ်ကိုင့်၍ အသာခေါင်းထောင် ကြည့်လိုက်မိ သည်။ ကိုယ်တော်က ကြွမြန်းခြင်းမရှိသေး။

မင်းထက်ရှား ပခုံးလေးနှစ်ဘက် တွန့်ကာ မဲ့လိုက်သည်။

"နေပေါ့"

ကိုယ့်ဟာကိုယ် မီးဖိုထဲဝင် ချက်ပြုတ်ရင်း ငိုက်ဆာလာတာနှင့် အိုဗာတင်း ဖျော်သောက်လိုက်သည်။

"ထက်ရှား. . ."

နေရဲ့အသံက ပုံမှန်မဟုတ်သော ဒေါသသံ။

မင်းထက်ရှား အပြင်ထွက်သွားတော့ တံခါးကိုကိုင်၍ နေရဲ သုန်သုန်မှုန်မှုန် ရပ်နေသည်။

မင်းထက်ရှားက နောက်မှာရပ်ထားဆဲ ကားကို မသိမသာ တစ် ချက်ကြည့်ကာ ခပ်တည်တည်လေးနှင့်ပဲ တံခါးဖွင့်ပေးလိုက်သည်။

"နင်က ညှိသည်လာမှ တံခါးသော့တွေ ဘာတွေခတ်လို့ ဟို မှာ ဘယ်လောက်အားနာဖို့ကောင်းလဲ"

အိမ်ထဲဝင်လာကာ နေရဲ ခပ်ကြိတ်ကြိတ် ဆုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို...ဘာလို့နာရမှာလဲ...အိမ်ထဲမှာ ထက်ရှားတစ်ယောက်တည်းရှိတာ သူ့ကိုခေါ်သွင်းပြီး ညှော်ခံထားရမှာလား...သူတို့အချိန်အားလို့ လျှောက်သွားနေတာကို အားအားယားယား အရေးမယူနိုင်ပါဘူး"

"ဟာ...တိုးတိုးပြောစမ်းပါ"

မင်းထက်ရှား မျက်စောင်းကြီးထိုးလို့ လှည့်ထွက်သွားသည်။

တစ်နေကုန် အိမ်မှာ ဘာလုပ်နေမှန်းမသိ။

နေရှန်ကလည်း ဂစ်တာတဒေါင်ဒေါင်ခေါက်လို့ ဟိုပုဂ္ဂိုလ်က ဆိုသည်။ သီချင်းဆိုချင်လည်း စီဒီဖွင့်ဆိုပါလား။

ဒီနေ့ အမေမရှိလို့ စီဒီဆိုနေမယ် စိတ်ကူးတုန်း သူတို့က တမှောင့် ခဏတဖြုတ် အပြင်ထွက်လိုက်သည်နှင့် ဟိုပုဂ္ဂိုလ်ရဲ့ မျက်လုံးကြီးက အရောင်တလက်လက်။

နေရှန်က ရေမောင်းရင်း ဂစ်တာတီးနေတာမို့ မော်တာကို ပြေးကြည့်လိုက် ဂစ်တာပြန်တီးလိုက်။

ခရကန်ပေါ်တက်ပြီး ရေမှတ်လိုက် သီချင်းဆိုလိုက်။

"အဟမ်း"

"ပလုတ်တုတ်"

မီးဖိုထဲကနေ အပြင်ကိုလှမ်းပြီး အကုသိုလ်များနေတုန်းမို့ နောက်က ချောင်းဟန့်သံကြောင့် လန့်ဖျပ်ကာ ဒေါ်သလည်း ဖြစ်သွား၏။

မီးဖိုတံခါးဝမှာ သူ။

"ဘာလဲ...ဒီထဲ ဘာလာလုပ်တာလဲ"

"ရေသောက်ချင်လို့"

"ဩော်...ရေသောက်ချင်တာ မီးဖိုထဲမှာရှိမလား...အပြင်





မှာ ရေအိုးလည်းရှိတယ်...ရေခဲသေတ္တာလည်းရှိတယ်...ရှင့်အိမ်မှာပါ ရေမရှိရင် အပြန် ထည့်ယူသွားလို့ရသေးတယ်"

မင်းထက်ရှား ဘာပြောပြော သူက ပန်းနဲ့ပေါက်နေတယ်များ ထင်သလားမသိ။ မျက်လုံးတို့မှာ ဒေါသမရှိ။

"ရေခဲသေတ္တာထဲမှာရော ရေအိုးထဲမှာပါ ရေတွေမရှိတော့ဘူး"

"ဘာ...ဘယ်ရောက်ကုန်လို့လဲ"

"တို့ဗိုက်ထဲမှာလေ ရင်တွေပူလွန်းလို့ သောက်လိုက်တာ ကုန်ပြီ"

"အဲဒီမှာ လဲသေလိုက်ပေါ့"

မရိုးသားသော မျက်နှာကို မုန်းတီးစွာကြည့်၍ မင်းထက်ရှား ကျောခိုင်းထားလိုက်သည်။ ကိုကို ဘယ်ရောက်သွားသလဲ။

တော်တော်ရဲတဲ့ လူပါလား။

ဒီလောက်ထိ ဆက်ဆံနေတာတောင် ဒီနေလာတဲ့ ရဲတင်းနေတာ။ နည်းနည်းပါးပါးများ လိုက်လျှောမိလျှင် ပြုတ်သုတ်စားသွားနိုင်သည်။

"မင်း...ကိုယ့်ကို နည်းနည်းလေး စကားကောင်းပြောကြည့်ပါလား...ဖိနပ်ပြုတ်လေး သိမ်းထားရကျိုးနပ်အောင်ပေါ့..."

"ဘာလို့ပြောရမှာလဲ...ရှင့်လိုလူကို ဒီမှာ သူများအိမ်ထဲလာပြီး ဒီးတီးယားတာ လာမလုပ်နဲ့နော်...အူပွင့်သွားမယ်"

မင်းထက်ရှား ဓားထောင်ပြတော့ သူက ဟက်ခနဲရယ်သည်။ ပြီးတော့ လှည့်ထွက်သွား၏။ ဒီနေ့တစ်နေ့လုံး အချိန်တွေ လာဖြုန်းနေလိုက်ရတာ ဒီလောက်ဆို ကျေနပ်ပြီ မင်းထက်ရှားရေ...

မင်းကို တစ်နေ့မတွေ့ရရင် မနေနိုင်အောင် ဖြစ်နေပြီ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

"ကျောင်းတွေပြီးတော့မယ် မွန်း. . . ကျောင်းပြီးသွားရင် ကိုယ်
မွန်း ဆုံနိုင်ပါသေးတယ်နော်"

"ဆုံနိုင်ပါသေးတယ်. . . တစ်မြို့နယ်ထဲမှာ နေကြတာပဲဟာ"

နှစ်ယောက်သား ပန်းခြံထဲလှမ်းဝင်ခဲ့ကြသည်။

"မွန်းကို ကိုယ်ပြောထားတဲ့ကိစ္စ မွန်း စဉ်းစားပြီးပြီလားဟင်"

ကျောက်ခုံတန်းလေးမှာ **နှစ်ယောက်သား** ခပ်ကွာကွာလေး ထိုင်မိကြသည်။

"ပြောလေ မွန်း"

"မွန်းက အချစ်ရေးနဲ့ **အိမ်ထောင်ရေး**ကို တစ်ထပ်တည်းဖြစ်ချင်တာ"

"ကိုယ်လည်း ဒီအတိုင်းပါပဲ. . . မွန်းကို ကိုယ်လက်ထပ်ဖို့ ရည်ရွယ်ထားတာ"

မွန်း ငြိမ်သက်နေသည်။

"မွန်းက ကိုယ့်ကို **မချစ်နိုင်တာ**လား. . . ချစ်တော့ ချစ်နိုင်





လက်မထပ်နိုင်လို့ တွေဝေနေတာလား"

မွန်း သူ့ကိုကြည့်လာသည့်အကြည့်က အားနာစွာ။

"အဲဒီလို ပြောလိုက်ရင် မွန်းကို သူ အထင်သေးသွားမလား သိဘူး. . . လက်ထပ်ဖို့ကျတော့ မွန်း စိတ်ကြိုက်ဆုံးဖြတ်လို့မရဘူး"

"ဪ"

နေရင် သဘောပေါက်သွားသည်။

သူ့မိဘများက ဂုဏ်မက်ကြတဲ့ အကြောင်းလည်း သိပြီး**သားပဲ**။ ကိုယ့်ကို ချစ်နိုင်ပေမယ့် လက်ထပ်ဖို့ကျတော့ ကိုယ့်မှာ ဂုဏ်မရှိဘူးလေ။

"မွန်း"

"ဟင်"

"ကိုယ် မင်းအချစ်ကိုပဲ ပိုင်ဆိုင်ခွင့် ရချင်တယ် ဆိုရင်ရော"

မွန်းက လွန်စွာလှပ်ခတ်စေသော အပြုံးကို ပန်တီး၍ စိုက်ကြည့်သည်။

"သူ့ကို မွန်း သံယောဇဉ်ရှိပါတယ်"

"အချစ်ကိုပဲ ပေးပါ"

မွန်းက မျက်လွှာလေးချ၍ ခေါင်းလေးညိတ်၏။

နေရင် မျက်နှာပြုံးသွားသည်။

ဒါပေမယ့် သူ့ရင်ထဲကအပျော်က မပီပြင်တာ ဘာကြောင့်မှန်းမသိ။ မပိုင်သော ပန်းကို မနမ်းလိုတဲ့ သဘောလား။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . မပိုင်သောပန်းကို မနမ်းလိုဘူးဆိုပါလား. . . ဘာ[illegible]
မွှန်း. . . အချစ်ဆုံး မွှန်း"

မင်းထက်ရှား စာကိုဖတ်ရင်း မဲ့ရွဲ့နေ၏။

"အချစ်ဆုံး မွှန်းတဲ့. . . ချစ်လို့ပဲ မွှန်း မွှန်း. . . မုန်းလို့ပဲ မွှ[illegible]
မွှန်း. . . မွှန်းမှတော့ နာမှာပေါ့"

"ဟာ. . . ကြည့်စမ်း. . . သူခိုးမ. . . သူများ ဒိုင်ယာရီကို [illegible]
ဖတ်တယ်"

နောက်က အသံကြားလိုက်သည်နှင့် မင်းထက်ရှား ဒိုင်ယာရီ[illegible]
နောက်မှာ ဖွက်ကာ ဖျတ်ခနဲ ရင်ဆိုင်လိုက်သည်။

"ပေးစမ်း. . . ငါ့ဒိုင်ယာရီ"

"မပေးဘူး"

"ထက်ရှားနော်. . . သူများပစ္စည်းကို စည်းမရှိကမ်းမရှိ [illegible]
ပြီး"

"ကိုကို့စာအုပ် တမင်ရှာဖတ်တာမဟုတ်ဘူး. . . မိတာ[illegible]
လာရှာရင်း တွေ့လို့ဖတ်တာ ပြန်မပေးမယ်"





"မလိုချင်ဘူး. . . မဖတ်နဲ့. . . ပေးနော်. . . ငါ အမေနဲ့
[illegible]ိုင်မှာ"

"မပေးဘူး"

ပြောပြီး မင်းထက်ရှား အောက်ထပ်ပြေးဆင်းသည်။

ခနရှူ့ တအားလိုက်ဖမ်းကာ စာအုပ်ကို မရမက ပြန်လု၏။

"အား. . . သေပြီ. . . လက်ကျိုးပြီ"

လက်ကောက်ဝတ်ကို လှန်ချိုးလိုက်၍ စာအုပ်က သူ့လက်ထဲ
[illegible]လာကာ မင်းထက်ရှား ငိုတော့သည်။

နီရဲယောင်တက်လာသော လက်ကောက်ဝက်ကလေးကို ဆုပ်
[illegible]ိုင်ကာ မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့် ကလာသည်။

"ထက်ရှား. . . ဟာ. . . တော်တော်နာသွားသလား. . . ဆောရီး
[illegible]နော်. . . ကိုကို အမှတ်တမဲ့ အားပါသွားတာ"

သူလိုချင်တာ သူဖြစ်ချင်တာ ရှိပြီဆို ဒီလေသံမျိုးနဲ့ မင်းထက်
[illegible]ားက အကိုင်မခံဘဲ အောက်ထပ်ပြေးဆင်းသွားတော့ နေရှူ့ ကပ်လိုက်
[illegible]ာသည်။ အောက်မှာ အမေမရှိ။ ဒါကြောင့် ထက်ရှား ဒီလောက်ကဲ
[illegible]နေတာကိုး။ ထက်ရှားကို သနားစိတ်နှင့် သူအတင်းလိုက် ချော့နေပေမယ့်
[illegible]ရ။

"ထက်ရှား. . . လာ. . . ကိုကို ပရုတ်ဆီသုံးပေးမယ်"

"မလုံးနဲ့. . . သွား"

"ညီမလေးက လိမ္မာပါတယ်ကွာ. . . လာနော်. . . လက်က
[illegible]ယောင်လာပြီ"

"ယောင်ယောင် ဖယ်. . . အမေနဲ့ တိုင်ပြောမယ်. . . ကိုကို့ကို
[illegible]န်းတယ်. . . အလကားလူကြီး သူ့ရည်းစားစာဖတ်လို့ လက်ချိုးတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မကျေနပ်ဘူးသိလား. . . အဲဒီရည်းစားနဲ့ ချိန်းတွေ့ရင်း လှေးယားသီးပုံပေါ်ထိုင်မိပါစေ. . . နှာခေါင်းပိတ်ပါစေ"

နေရှူ ချစ်တဲ့စိတ်ကလေးဖြစ်ပေါ်ကာ မင်းထက်ရှား နှာခေါင်း ချွန်ချွန်လေးကို ဆွဲညှစ်ပစ်လိုက်သည်။

"အဲဒီလို ကျပ်ကျပ်ကြိမ် သိလား. . . နင် ရည်းစားရရင်. . . နင့်ရည်းစား နှာခေါင်းပိတ်နေလိမ့်မယ်"

"ပိတ်. . . ပိတ်. . . ကိုကိုနော်. . . စကားရော ဖောရော်နဲ့ မကိုင်နဲ့ သွား"

ဘယ်လိုနှင်နှင် သူမသွားရက်ဘဲရှိကာ မိဂသီဆေးဘူးယူပြီး တင်းလိမ်းပေးသည်။ အတင်းပဲ ပတ်တီးစည်းပေးမိ၏။

ငိုလိုက် ကြိမ်လိုက် ပါးစပ်ကို တစ်ချက်မှ မပိတ်သော မင်းထက်ရှား ပါးစပ်ကို နေရှူ ဆွဲညှစ်လိုက်မိပြန်သည်။

တစ်ခါတစ်ခါ သိပ်ချစ်ဖို့ကောင်းတဲ့ ကောင်မလေး။

"အမေ မေးရင် ကိုကိုကြောင့်လို့ သာသာပိုပိုလေး ပြန်ပြော လား"

"ပြောမှာပဲ"

"သိပါတယ်ဗျာ. . . အချုပ်ကျမယ့် အပြစ်ကို ထောင်ကျအော ထောင်ကျမယ့် အပြစ်ကို သေဒဏ်ကျအောင် နင်သာ ဆွဲချရှေ့နေပြ ကတော့ တရားခံတွေအတွက် မတွေးဝံ့စရာပဲ"

"ဟုတ်တယ်. . . ကိုယ့်ကိုယ်ကို တရားခံဖြစ်မယ်. . . အထ လဲ. . . စောစောစီးစီးက ဖားထား"

"ဟား. . . ဟား" နေရှူ သဘောတကျရယ်မိလေသည်

● ● ●



"အမေ. . . အပြင်မှာ ဧည့်သည်ရောက်နေတယ်"

"ဘယ်သူလဲ သမီးရဲ့ သင်းသင်းသား"

"အမေ့ဆီငွေချေးလာတဲ့ လူတွေထဲက မဟုတ်ပါဘူး. . . ဘယ် လူကြီးလဲ မသိဘူး"

ဒေါ်စိုးစိုးအက်က ဟင်းအိုးပြင်သက်စကို ထားခဲ့၍ သက်ဆေး လိုက်သည်။

"သမီး ဒါ ဆက်တည်လိုက်တော့နော်"

"ဟုတ်ကဲ့ပါ"

လက်ကို ခြောက်အောင် သုတ်၍ ဒေါ်စိုးစိုးထက် အပြင်ထွက် သည်။ ဧည့်ခန်းထဲမှာ ထိုင်နေသည်က အသက်ငါးဆယ်နီးပါးခန့် လူ တစ်ယောက် ဆံပင်လှိုင်းတွန့်ရေးရေးနှင့် အသားလတ်လတ် ကိုယ်လုံး ထယ်သွယ်။ မျက်နှာမှာ မျက်မှန်နက်ကို တပ်ဆင်ထား၏။

ဘေးတိုက်မြင်ရတဲ့ပုံကို မြင်ဖူးသလိုလို ရှိပေမယ့် ဘယ်သူမှန်း သိ



www.burmeseclassic.com

www.burmeseclassic.com



"ဒီက ညွှေသည်က..."

သူမ စကားစလိုက်သည်နှင့် ထိုလူမျက်နှာ သူ့ဘက်လှည့်လာ
သည်။

"စိုးစိုး"

"ဟင်...ရှင်..."

ထိုလူကလည်း စိတ်လှုပ်ရှားစွာ သရုပ်လိုက်လေသည်။

"ဟုတ်ပါတယ်...မောင်...အဲ...ဝလနေပါ"

"အို..."

အရွယ်တွေ ဘယ်လိုပဲ အိုမင်းလာခဲ့ပေမယ့် အပျိုဖျန်းလေ
လို ရင်တွေ တဆတ်ဆတ် ခုန်လာတာကို ဘယ်သူမှမသိတဲ့ ဒေါ်စိုး
ထက် ကိုယ့်ကိုယ်ကို ရှက်နေမိသည်။

"ထိုင်...ထိုင်လေ...ဟို...ကိုဗလနေ"

"သားလေးရော...စိုး"

"ရှိပါတယ်...ကိုဗလနေ"

"ကိုနေဖြစ်ဖြစ်...ခပ်တိတိုခေါ်ပါလား စိုးရယ်...ဒါလော
ဆို မရှိင်းပါဘူး"

"ကိုနေလည်း စိုးစိုးလို့ခေါ်ပါနော်...ကလေးတွေ မနိုင်
အောင်ပါ"

ဦးဗလနေက နားလည်စွာပြုံး၍ မျက်မှန်ကို ချွတ်လိုက်သည်

မျက်ခုံးထူထူ နှာတံပေါ်ပေါ်နှင့် နီမြန်းထူပြည့်သော နှုတ်
တို့၏ ဆွဲဆောင်မှုကလည်း အရင်တုန်းကအတိုင်း ရှိနေဆဲ။

ဒါကြောင့်လည်း ဒီရုပ်မျိုးနဲ့ နေရှုကို မြင်လိုက်ကတည်
ဒေါ်စိုးစိုးထက် မောင့်သားလေးပါလားဆိုတာ လက်ခံခြင်းနှင့် သံသယ





ခဲ့ရသည်။

မောင်နဲ့ စိုးဆိုတာ သိပ်ချစ်ကြတဲ့ ချစ်သူတွေပါ။ အ. ထ. က
ကတည်းက အမြစ်တွယ်ခဲ့တဲ့ အချစ်သည် နိမ့်ပါးသော စိုးရဲ့ဘက်မှာ
ရှိ။

မောင့်မိဘတွေက မောင့်ကို ကလျာလွှင်ဆိုသော မိန်းမနှင့် နှစ်
ဘက်သဘောတူ ပေးစားဖို့ စီစဉ်ကြသည်။

အစကတော့ ချစ်သူနှစ်ယောက် ခိုးပြေးဖို့ အခိုင်အမာ ထားခဲ့
သာ။ ခိုးပြေးဖို့ နှစ်ရက်အလိုမှာ ကလျာလွှင်နှင့် မောင် လက်ထပ်သွားခဲ့
သည်။ စိုးဆီကို မောင် လုံးဝလာမတွေ့သလို ဘာမှဖြေရှင်းသမှုမှလည်း
မြို။ နောက်တော့မှ ကလျာလွှင်က ကဲကဲ မိဘတွေက ဆွဲဆွဲနှင့် မောင့်ကို
ချောင်ပိတ် အကျပ်ကိုင် ပစ်လိုက်ကြသည်ဟု မောင့်အပေါင်းအသင်းတွေ
ရှင်းပြလာခဲ့သည်။

ဘာပဲဖြစ်ဖြစ် မောင့်ကို စိုးဘယ်တုန်းကမှ အပြစ်မမြင်ခဲ့ပါ။

မောင့်အချစ်ကို ယုံသလို ဖြစ်ခဲ့တာတွေကိုလည်း မောင့် သဘော
ပါမှန်း သိသည်။

ဒါပေမယ့် အဲဒီနေ့ကတည်းက မောင် မလာခဲ့တာ ဒီနေ့တွေ့
ခြင်းဟာ ပထမဆုံး...

"စိုး...အဲ...စိုးစိုး"

"ရှင်"

"ကိုယ့်ကို စကားပြောချင်စိတ် ရှိပါတယ်နော်"

ဒေါ်စိုးစိုးထက် ခပ်ယဲ့ယဲ့လေး ပြုံးလိုက်မိသည်။

"ကိုနေ သားတောင် ကျောင်းပြီးသွားပါပြီ ကိုနေရယ်..ကျွန်
င်ထဲမှာ အာဃာတရှိရင် ဒီလိုဖြစ်လာပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် စိုးစိုးရယ်. . . ကိုယ်လေ စိုးစိုး သဘောထားကို သိလို့လည်း စိုးစိုးကို နှိပ်စက်သလို ထပ်ဖြစ်မှာစိုးလို့ လုံးဝမျက်နှာချင်း လာမဆိုင်ဘဲ နေခဲ့တာပါ"

ဒေါ်စိုးစိုးထက်က ဘာမှဝင်မပြောဘဲ နားထောင်နေ၏။

"ခုတော့ ကိုယ်တို့ အဖြစ်တွေကို ပြောပါရစေ"

"ဟုတ်ကဲ့"

"ကလျာလွှင်ဆိုတဲ့ မိန်းမနဲ့ ရှောင်လွှဲမရတဲ့ အခြေအနေ တင်ခဲ့ကြောင့် ကိုယ်မှားခဲ့မိတယ်. . . အဲဒီမှာပဲ သူ့ကို လက်ထပ်လိုက်ရတယ်လေ. . . ဒါပေမယ့် ဂုဏ်မက်တဲ့ မေမေတို့လည်း ရင်ကွဲတာပါပဲ. . . တကယ်တော့ ကလျာလွှင့် မိဘတွေက လုံးဝဓနီပွားရေး မဟာန်တော့လို့. . . ကိုယ်နဲ့လက်ထပ်ဖို့ မရမက ချဉ်းကပ်ခဲ့တာပဲ. . . မင်္ဂလာဆောင်မှာ လက်ဖွဲ့တာတွေကလည်း ရတနာပစ္စည်းတွေအားလုံး အတုတွေနဲ့လေ"

"ခြော်"

"တိုတိုပြောရရင် သူ့မိဘတွေက နှစ်ယောက်လုံး လောင်းကစားဝါသနာကြီးကြတယ်. . . ကိုယ်တို့ဆီက ပစ္စည်းတွေကို ကြွက်ကဲ့သလို ယူတော့တာပဲ. . . အဲဒီစိတ်နဲ့ မေမေလည်း အသက်တိုသွားတယ်. . . သစ်ယောက်တည်းကျန်ခဲ့ကဲ့ ကိုယ့်ကိုတော့ အရုပ်ပါပဲ. . . ကိုယ်ကလည်း ဘာမှကို စိတ်မဝင်စားဘူးလေ. . . လိုချင်တာတောင်း တောင်းသမျှ အကုန်ပေးပစ်လိုက်တာပဲ"

"ဖြစ်ရလေ ကိုနေရယ်"

"နောက်တော့ ကိုယ်ဖြစ်စေချင်သလို ဖြစ်လာတာပဲ. . . ကိုယ့်မှာ ဘာမှမကျန်ရစ်တော့ ကိုယ့်ကို ထားခဲ့ပြီး မက်စရာရှိတဲ့လူနဲ့ သွားတယ်"





"သားလေးကို သူ ထားခဲ့တာပေါ့"

"ကိုယ်ခေါ်ထားလိုက်တာပါ. . . သူတို့ အသိုင်းအဝိုင်းထဲကို သားကို မထည့်နိုင်ဘူးလေ. . နောက်တော့ သူလည်း သူယူတဲ့ ယောက်ျားနဲ့ ပေါင်းမိပြီး ဘာရောဂါတွေ ဖြစ်မှန်းမသိဘဲ ဆုံးသွားတယ်လို့ ကြားတာပဲ. . . လင်ရော မယားရော နှစ်လပဲခြားတယ်တဲ့"

"ဘုရား. . . ဘုရား"

"ဝမ်းနည်းစရာ မရှိပါဘူး. . . ဒါ သူ့အကုသိုလ်နဲ့ သူပဲလေ. . . သားရဲ့နောင်ရေးအတွက် မိဘသမိုင်းဖျက်ခဲ့ရတာ တစ်ခုပဲ ကိုယ်စိတ်မကောင်းတာ"

"ဒါတော့. . . ဒါပေါ့ ကိုနေရယ်. . . ဒါပေမယ့်. . . ကိုနေက"

"ကိုယ်ကလည်း ထောင်ထွက်"

"ရှင်"

ဒီတစ်ခါ ဒေါ်စိုးစိုးထက် မျက်လုံးပြူးသွားသည်။

"ဟုတ်တယ် စိုးစိုး. . . ကိုယ်လည်း စိတ်ညစ်ညစ်နဲ့ သားကို လက်ဆွဲပြီး မြန်မာပြည် အထက်ပိုင်းကို ထွက်ခဲ့တယ်. . . အဖေါ်ကောင်းတာနဲ့ ကျောက်ဝင်တူးတယ်. . . ကံကောင်းချင်တော့ သိပ်မပင်ပန်းရသေးခင် ကျောက်အောင်ကြတယ်"

"ဟင်"

"ဒါပေမယ့် ကိုယ်တို့သုံးယောက်ထဲမှာ လောဘသိပ်ကြီးတဲ့ တစ်ယောက်ပါလာတယ်. . . သူက ဖိုးလုံးကို သေကြောင်းကြံတယ်. . . တောထဲဆိုတော့ ဖျောက်ဖျက်ပစ်ပြီး သူလိုလို ကိုယ်လိုလိုနဲ့ ရှောင်ထွက်ခဲ့ရတယ်. . . သူ့မှာလည်း ဖိုးလုံး ခုခံထားတဲ့ ဒဏ်ရာတစ်ချက် ပြင်းပြင်းရခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဗလနေက စိတ်ဝင်စားဖွယ် ဝတ္ထုတစ်ပုဒ်ကို သေချာပြောပြနေသည်။

"ကိုယ်ကတော့ စောစောစီးစီးပဲ သူ့ကို လမ်းခွဲလိုက်တယ်... အဲဒီပစ္စည်း မင်းမက်နေရင်ယူ... ငါကိုတော့ ရန်မရှာနဲ့လို့ ပွင့်ပွင့်လင်းလင်းပဲ ပြောပြီး သားကိုလက်ဆွဲ ထွက်ခဲ့တယ်... ဒါပေမယ့် သားနဲ့ကိုယ် မန္တလေးမြို့ပေါ်က အသိတစ်ယောက် အိမ်မှာတည်းနေတုန်း သူရောက်လာတယ်... ဘယ်လိုရမှန်း မသိတဲ့ နောက်ထပ် ဒဏ်ရာတွေက မြင်မကောင်းဘူး"

"ကိုနေ့ကို သူ ဘာလာလုပ်တာလဲဟင်"

"ပတ္တမြားကြီးကိုင်ထားပြီး ဝါးစားလို့မရ ဆေးပေးမီးယူမရှိနဲ့ဆိုတော့ သေခါနီး အားကိုးရှာတာပေါ့ စိုးစိုးရယ်"

"သူသေသွားတယ်ပေါ့"

"ဟုတ်တယ်... သူ ကိုယ့်ဆီလာပြီး ကိုယ့်ဘေးမှာ မှောက်လျက်လဲတယ်... ပတ္တမြားရှိတဲ့ လွယ်အိတ်ကို ပုတ်ပြပြီး အသက်ထွက်သွားတယ်"

"သနားပါတယ်ရှင်"

"အေးပေါ့... ဒီလိုဖြစ်သွားတော့ ကိုယ်လည်း ဘယ်စိတ်ကောင်းမလဲ... ကိုယ်လည်း ပတ္တမြားကြီးကို သိမ်းပြီး သိပ်မကြာသေးဘူး ရဲတွေ ရောက်လာတယ်"

"ဟင်"

"လူသတ်မှုနဲ့ ကိုယ့်အဖမ်းခံရတယ်လေ... ဘာသက်သေလည်း မရှိဘူး... ဒဏ်ရာတွေနဲ့ ကိုယ့်ဘေးမှာ သေနေတဲ့ အလောင်းကို ကိုယ်ဘယ်လို ငြင်းမလဲ... အဲဒါနဲ့ သားကို စိုးစိုးဆီ ပို့ပေးဖို့ ကိုယ့်မိတ်





ဆွေလင်မယားကို အကူအညီတောင်းခဲ့ရတယ်... သားကို ကိုယ်ကလွှဲပြီး စိုးစိုးဆီမှာပဲ ကိုယ်စိတ်ချတယ်... အကူအညီ တောင်းလိုက်ရင် ကိုယ်မှန်းသိတာနဲ့ စိုးစိုး ခေါင်းရှောင်မှာ မဟုတ်ဘူးဆိုတာ သိနေတာကလည်း အနိုင်လိုချင်တာ မဟုတ်ပါဘူး၊ စိုးစိုးရယ်... စိုးစိုးရဲ့သဘောကို ကိုယ်ယုံကြည်တာပါ"

"ဘယ်လိုပဲဖြစ်ဖြစ်... ကျွန်မကို ယုံကြည်တယ်ဆိုလို့ ကျေးဇူးတင်ပါတယ် ကိုနေ"

"အဲဒီလို သားကိုပို့ခဲ့တုန်းက ကိုယ့်အကြောင်းတွေ ဘာမှရေးမထားတာ အားလုံးရဲ့သိက္ခာအတွက်ပါ... အထူးသဖြင့် သားလေးအတွက်ပေါ့... ပြီးတော့ စိုးစိုးရဲ့အိမ်ထောင် ဆုံးသွားပြီဆိုတာလည်း အခုကိုယ်သိရတာ ရက်ပိုင်းပဲရှိပါသေးတယ်"

"သားလေး နေရစ္စ မရောက်ခင်... တစ်နှစ်လောက်က ဆုံးခဲ့တာပါ"

"ဖြစ်ရလေ စိုးစိုးရယ်... တစ်ယောက်တည်း ရှန်းကန်နေရတဲ့ စိုးစိုးကို ကိုယ်ကထပ်ပြီး ဒုက္ခပေးမိတာပေါ့..."

"ဒုက္ခမဟုတ်ပါဘူး ကိုနေ... သားလေးရောက်လာတာဟာ ကျွန်မအတွက် ရဲဘော်ရဲဘက်တစ်ဦး ရသလိုပါပဲ... ကျွန်မမွေးထားတာက သမီးလေးလေ ပြီးတော့ ငယ်သေးတယ်... သားကတော့ သိပ်အရွယ်မရောက်သေးပေမယ့် အလိုက်သိတယ်... ကူညီတတ်တယ်... သူ့အတွက် ကျွန်မ ဘာမှတာဝန်မပိုခဲ့ပါဘူး... ကျွန်မ သမီးလေးနဲ့ တန်းတူချစ်ပါတယ်"

ခေါင်းတညိတ်ညိတ်နှင့် ဦးဗလနေ ...နေပုံက မငိုဘဲ ဝေ့တဲ့ မျက်ရည်မိုးလို...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်အခု အောင်ထားခဲ့တဲ့ ကျောက်နဲ့ အရမ်းကြီးပွားနေပြီ စိုးစိုး. . . အဆိုးပြီးတော့ ကောင်းလာပြီလို့ ဆိုရမှာပေါ့နော်. . . ကိုယ် ဒီ ကိုမလာခင် လုပ်ငန်းတွေ ထူထောင်အခြေချပြီးမှ ထွက်ခဲ့တာ"

"ဒါဖြင့် လွတ်လာတာ ကြာပြီပေါ့"

"ဟုတ်တယ်. . . ကိုယ့်လုပ်ငန်း အားလုံးကို သားနာမည်နဲ့ပဲ လုပ်ထားတယ်. . . ကိုယ်ကတော့ ထောင်ထွက်လေ. . . ကွယ်ရာကနေပဲ သားကို ဆုံးမလမ်းပြရတော့မှာ မိဘအရိပ်ကြောင့် သားသမီး မနစ်မွန်းရ အောင် ကိုယ် အတော်ကြိုးစားရအုံးမှာ စိုးစိုးရယ်"

"လူတိုင်းဟာ ချမ်းသာပြည့်စုံလာရင် ဒါတွေက အလိုလို မှေးမှိန် သွားတတ်ပါတယ်. . . ကိုနေတို့ ခုလို ပြေလည်ပြီဆိုတော့ ကျွန်မ တကယ် ဝမ်းသာပါတယ်"

"စိုးစိုး သမီးက ဘယ်အရွယ်ရှိပြီလဲဟင်"

"အခု ဥပဒေပထမနှစ် ပြီးသွားပြီ"

"ကောင်းတယ်"

"ဘာကောင်းတာလဲဟင်"

"အားလုံးကို ကောင်းတာ"

ဘာကောင်းတာပါလိမ့်။

ခြေပဲကြော် လက်ဖက်နှပ်နှင့် ရေနွေးကြမ်းဗန်းကို ယူလာ၍ မီး ဖိုထဲက ထွက်လာသည့် မင်းထက်ရှား နားစွင့်နားဖျားကြားကာ ဘာမှန်း မသိ။

ရေနွေးဗန်းချပေးသည့် သူမကို နွေးထွေးသောအပြုံးနှင့် ငေး ကြည့်နေသော လူကြီးကို ပြန်ပြုံးပြကာ တစ်ယောက်ယောက်နဲ့ တူတယ် လို့ ထင်မိနေဆဲ။





"ထိုင် ထိုင် သမီး"

ဒေါ်စိုးစိုးထက်က မင်းထက်ရှား လက်ကိုဆွဲ၍ အနားမှာထိုင် ခိုင်းသည်။

"ဒီဘဘ ဘယ်သူလဲ သိလား"

"အဟင်း. . . ခြင်ဖူးသလိုပဲ"

လူကြီးတွေက ပြုံးနေသည်။

"သမီးကိုကို့ရဲ့ ဖေဖေပေါ့. . . ဦးဗလနေတဲ့"

"ဟယ်"

မင်းထက်ရှား တအံ့တသြကြီး ဖြစ်သွားပုံကို လူကြီးက ပြုံးကြည့် နေသည်။

"ဒါ ကိုကို့ဖေဖေ"

"ဟုတ်တယ် သမီးရဲ့ ဘဘက ခုမှ နိုင်ငံခြားက ပြန်လာတာ"

"ဒါ. . . ဒါဆို ကိုကို့ကို လာခေါ်တာပေါ့"

"အေးပေါ့"

မင်းထက်ရှား မျက်နှာလေး ပျက်သွားသည်။

ဒါကို ဦးဗလနေက အမိအရ ဖမ်းကာ. . .

"ဘာလဲ. . . သမီးက သမီးကိုကို့ကို မထည့်ချင်ဘူးလား"

မင်းထက်ရှားက ရှတ်တရက် ဘာဖြေရမှန်းမသိဘဲ မရှင်းလင်း တဲ့ အပြုံးမျိုးလေးနှင့်. . .

"ထက်ရှားတို့က ပိုင်တာမှမဟုတ်တာ ဘဘရဲ့ ဘဘက အဖေ ပဲဟာ"

"မခွဲနိုင်ရင် သမီးပါလိုက်ခဲ့လေ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘဘက သားရော သမီးပါ လိုချင်တာ"

"ဟင်. . . မလိုက်ချင်ပါဘူး. . . ဘဘကတော့ရပြီး အမေက တော့ သားရော် သမီးပါ ဆုံးမှာပေါ့"

မင်းထက်ရှား ရှိုးရိုးလေးပဲ ပြန်ပြောမိသည်။

လူကြီးတွေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံး နေကြသည်။

"ဘဘ ကိုကို့ကို စောင့်ခေါ် သွားမှာလားဟင်"

"တခါတည်း မခေါ်သေးပါဘူး. . . အေးအေးဆေးဆေးမှပါ"

"ဒါဆိုလည်း ခုမပြန်သေးနဲ့နော်. . . ထက်ရှား ဘဘ မနက်ကဲ စားဖို့ ဟင်းကောင်းတစ်ခွက် ထပ်ချက်လိုက်မယ်"

"ကောင်းတာပေါ့ကွယ်"

မင်းထက်ရှား ထသွားတာကို ဦးဗလနေက လိုက်ကြည့်နေပြီး

"သမီးက ချစ်စရာကောင်းလိုက်တာ စိုးစိုးရယ်. . . နာမည်က ထက်ရှားတဲ့လား"

"မင်းထက်ရှားတဲ့ သူ့အဖေ ပေးတာပါ. . . သားဦးလိုချင်တာ ကို သမီးလေးမွေးတော့ ယောကျ်ားလေးလို သွက်သွက်ထက်ထက် ဖြစ် အောင်တဲ့"

"ကောင်းပါတယ်. . . ဒါမှ ကလေးက သွက်မှာပေါ့"

"အသွက်လွန်နေတယ် ကိုနေရယ်. . . တက္ကသိုလ်ကျောင်းသ သာဖြစ်တယ်. . . ကလေးတွေနဲ့ ဆော့တုန်း ရန်ဖြစ်တုန်း"

ဦးဗလနေက ရယ်နေသည်။

"အပြောကလည်း ဆိုးပါ. . . သိပ်ကို ကြမ်းတမ်းတာပဲ. . . အ ကိုနေ့ကို သူ့အစ်ကိုရဲ့ အဖေဆိုပြီး ဒီလောက် ဖော်ရွေသွားတာ တော်





လုဆို တည့်ဖို့ဝေးသေး"

"သူတို့ မောင်နှမ ချစ်ကြရဲ့လား"

"ချစ်တယ်. . . ဒါပေမယ့် မတဲ့အတူနေပဲ"

"ကိုယ်က သမီးတောင်းဖို့ အစီအစဉ်ပါရှိတယ် စိုးစိုး"

"ကိုနေကလဲ"

"တကယ်ပြောနေတာ ပြုံးမနေနဲ့. . . ကလေးကို မြင်လိုက်တာ နဲ့ ကိုယ်က ကိုယ့်သမီးလေးလို သဘောထားလိုက်ပြီ"

"သူတို့က ငယ်ငယ်ကတည်းက"

"ဘာမှမတော်မှန်း သိထားကြတယ်မို့လား. . . စိုးစိုးရယ်. . . ဒါ ခက်လို့လား"

ဒေါ်စိုးစိုးထက် သက်ပြင်းချ၍ ငြိမ်နေလိုက်တော့သည်။

ထက်ရှားသိရင် ဘယ်လိုနေမလဲ။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကို"

"ဟင်"

"ဟိုမှာ တိုက်နဲ့ကားနဲ့နေပြီး ထက်ရှားတို့ကို မေ့မနေနဲ့"

"ဒီလောက် နေ့စဉ်ကြိမ်တွယ်နေတဲ့ အသံလေးကို မေ့ပါ့မလား"

"ကိုကိုနော်"

အိမ်ရှေ့မှာ အဖြူရောင်ကားကြီးက ရပ်လို့. . .

အောက်ထပ်မှာ လူကြီးနှစ်ယောက် စကားပြောနေသည်။

နေရစ် အင်္ကျီတွေ သိမ်းပေးနေရင်း မင်းထက်ရှား မျက်ရည်တွေလည်နေ၏။

"ကိုကို. . . ကိုကိုလွယ်တဲ့ လွယ်အိတ်ထားခဲ့နော်"

"ထားခဲ့မှာပါ. . . ကျောင်းပြီးနေပြီ ဥစ္စာ. . . နင်က ဘာလုပ်မလဲ. . ."

"ထက်ရှား. . . အလွမ်းပြေ ကြည့်ဖို့ပေါ့"

"အံမယ်. . . တကယ်ဟုတ်လို့လား"





မင်းထက်ရှား ပါးစပ်က လွမ်းတယ်ဆိုတာကို နေရစ်က ထူးဆန်းနေသည်။

"သမီးရေ. . ."

"ရှင်. . . အမေ့"

"ခဏ"

မင်းထက်ရှား လုပ်လက်စတွေ ထားခဲ့ကာ အောက်ထပ်ဆင်းလာခဲ့၏။

"ဒီမှာ ဘဘက ပြောနေတယ်. . . ဒီကနေ ဘက်စ်ကားတိုးစီးပြီး ကျောင်းတက်ရတာ မသင့်တော်ဘူးတဲ့. . . သမီး ဘဘတို့အိမ်ကနေ ကျောင်းတက်မလား"

"ဟာ. . . မဟုတ်တာ အမေကလည်း"

"ဘာဖြစ်လို့လဲ သမီးရဲ့. . . ဘဘတို့ခြံကြီးက အကျယ်ကြီးပဲ ဦးတော့. . . ကျောင်းနဲ့နီးနီးလေးရယ်"

ဦးဗလနေက ဝင်ပြောပြန်သည်။

"အဲဒါ အစစအရာရာ အဆင်ပြေတယ် သမီးရဲ့. . . အမေလည်း သမီးကျောင်းသွား သွားနေရတာကို စိတ်မချဘူး. . . ကျောင်းပိတ်ရက်တွေ ပြန်လာပေါ့"

"မဟုတ်တာ အမေရယ်. . . ဒီမှာ အမေ့တစ်ယောက်ထဲ ဖြစ်နေမှာပေါ့"

"သိတယ်. . . အဲဒါကြောင့် ဘဘက စီစဉ်ပြီးသား. . . မုန့်လုပ်ငန်း အတွက်ရော လမ်းထဲမာရေထည့်ဖို့ အတွက်ပါ အိမ်ထဲမှာ အစစအရာရာ နိုင်းဖို့ထိ အလုပ်သမားတွေ ထားပေးမယ်. . . အလုပ်သမားဆိုတဲ့ အလုပ်သမား မဖြစ်စေရဘူး. . . မိသားစုအလုပ်သမားမျိုး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်. . . ဒါကလည်း ဘဘက သမီးတို့သားအမိ ဘဘရဲ့သားကို တ
သက်လုံး ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးကို ဆပ်တဲ့အနေနဲ့ပ

မြို့ထဲမှာ တိုက်နဲ့ကားနဲ့ နေရမယ့်အရေး မင်းထက်ရှား သဘော
ကျပါသည်။ ဒါပေမယ့်. . .

အမေ့ကိုလည်း တစ်ယောက်တည်း မထားခဲ့ရက်။

"ခုနှစ်ရက်မှာ နှစ်ရက်ပြန်လို့ရတာပဲ သမီးရဲ့. . . ပြီးတော့ မြို့
ထဲကနေ ဒီကို နာရီဝက်လောက် ကားစီးလာလို့ရတဲ့ဟာပဲ"

ဦးဗလနေက ဖွတ်ပြောနေသည်။

"အမေလည်း သဘောတူတယ်. . . သမီးအတွက် အစစ အ
ဆင်ပြေမှာပါ. . . အမေလည်း နေကောင်းနေပြီပဲ နောက်ဆံတင်း မနေ
နဲ့. . ."

"လိုက်ခဲ့စမ်းပါ. . . သူတော်ကောင်းမလေးရယ်. . . ခုန မှ
ရည်တစ်ချက် ဝဲပြလိုက်ကတည်းက မရရအောင် ခေါ်သွားဖို့ ကိုကို
စိတ်ကူးပြီးသားပါ"

ကိုကိုတဲ့. . .

ဖြစ်ရပြန်ပြီ သူပဲ၊ ထက်ရှားကိုဆို အကောင်းမမြင်။

ခုတော့ သူဌေးသားဖြစ်ရတော့မယ်ဆိုပြီး ဝမ်းသာလုံးဆို့နေ
နေမှပေါ့. . .

မင်းထက်ရှား ကိုယ်တိုင် နေရဋ္ဌအပေါ်ဆို အကောင်းဘက်
သိပ်မတွေးဖြစ်တာ ကိုယ့်ကိုယ်ကို သတိမထားမိ။

အပေါ်ထပ်က ဆင်းလာသည့် နေရဋ္ဌက မင်းထက်ရှား
လေးကို သိုင်းဖက်၍ လက်တစ်ဖက်နဲ့ နဖူးကိုထုသည်။

"လိုက်မှာ ဖေဖေ. . . သူ့မျက်လုံးထဲမှာ အမေ့ကို စိတ်မ





ာလေးဖယ်ကြည့်လိုက် လိုက်ချင်တယ်. . . လိုက်ချင်တယ်နဲ့ အော်နေ
ာတွေ့လား"

"ကိုကိုနော်"

နေရဋ္ဌ ရင်ဘတ်ကြီးကို တအားထုချလိုက်တော့ လူကြီးတွေ
ယ်ကြသည်။

မြင်ကွင်းကို ကြည့်၍ ရင်ထဲမှာ ချမ်းမြေ့သွားကြပြီ မဟုတ်လား။

● ● ●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

ရက်ပိုင်းလပိုင်းအတွင်းမှာပဲ နေရှူ ဘဝကို လုံးဝပြောင်းလဲသွားသည်။ ကြီးမားထည်ဝါသော ဟိုတယ်ကြီး ပိုင်ရှင်အဖြစ် လုပ်ငန်းကို ဦးစီးကိုင်နိုင်ခဲ့၏။

ပြီးတော့ ဦးဗလနေ၏ ဆက်သွယ်မှုများနှင့် ကန်ထရိုက်တာ လုပ်ငန်းထဲမှာလည်း နေရှူ. . .

တစ်နှစ်ကျော်ကျော်အတွင်း အဲတော်လေး လုပ်ငန်းနှင့် ရင်းနှီးခဲ့၏။

"တော်တော်ပင်ပန်းနေပြီလား သား"

ညဘက်ဆို ညဦးနက်သန်းခေါင်ထိ လုပ်ငန်းတွေ အကြောင်း ဆွေးနွေးတိုင်ပင်ရလေ့ရှိသည့်ကြောင့် ပြောလေ့လာရသည့် အဖြစ်။

"ရပါတယ် ဖေဖေ. . . ကျွန်တော် ဝါသနာပါ ပါတယ်"

ဦးဗလနေက ဘေးကကုလားထိုင်မှာ ဝင်ထိုင်သည်။

"ဒါနဲ့ ငါ့သား. . . ကားအရောင်းအဝယ်တွေ လုပ်နေတယ်ဆို"

"ဗြော်. . . ဟုတ်. . . အဲဒါကိုလည်း ကျွန်တော် ဝါသနာပါ

www.burmeseclassic.com



တယ်. . . ပြီးတော့ ခဏလေးနဲ့ ငွေဖြစ်တယ်လေ"

"အေး. . . ကောင်းတော့ ကောင်းတယ် သားရဲ့. . . ဒါပေမဲ့ လောဘသိပ်မကြီးနဲ့ ပိုပြီး သတိထားရမှာက အဲဒီအရောင်းအဝယ်လု ပ်ငန်းတွေက လူပေါင်းစုံနဲ့ ဆက်ဆံရတာ သစ္စာရှိရတယ်. . . ကတိတည် ရတယ်. . . လူကဲခတ်နိုင်ရမယ်. . . အနေအထိုင် မထိမ်းသိမ်းတတ် လူပါ ပျက်စီးနိုင်တယ်"

"ကျွန်တော် ထိန်းသိမ်းပါ့မယ် ဖေဖေ"

ဦးဗလနေ ခေါင်းညိတ်သည်။

"ငါ့သား. . . အောင်မြင်တဲ့လုပ်ငန်းရှင် တစ်ယောက်ဖြစ်ဖို့ ကြိုးစားရမယ်. . . ပြီးတော့ အောင်မြင်လာရင်လည်း ဖျက်စီးမယ့်လူ တို နိုက်မယ့်လူ သိပ်ပေါတာ"

"ဟုတ်ကဲ့"

"ဒါနဲ့ ဆက်မေးလိုက်အုံးမယ်. . . သားကို ဆံပင်ရှည်ရှည် ကလေးတစ်ယောက်နဲ့ စားသောက်ဆိုင်မှာ ဖေဖေတွေ့တာ နှစ်ခါ အဲဒါ. . . သားချစ်သူလား"

နေရှု မျက်နှာပူပူနှင့်ပင် ခေါင်းညိတ်လိုက်ရသည်။

"ဟုတ်ပါတယ် ဖေဖေ"

ဦးဗလနေ မျက်နှာမကောင်း။

"ဘယ်ဘုန်းက ချစ်ခဲ့တာလဲ. . ဘယ်လောက်ထိ ရည်ရွယ် သလဲ"

"နောက်ဆုံးနှစ်ကပါ ဖေဖေ"

"လက်ထပ်ဖို့ထိ ရည်ရွယ်ထားတာလား"

ရုတ်တရက် ခေါင်းညိတ်ဖို့ ဝန်လေးသွားတာ ဘာကြောင့်





သီ။ အစကတော့ ကိုယ့်ကို ဆင်းရဲလို့ လက်မထပ်နိုင်ခဲ့တဲ့ ချစ်သူ။ သူ့မှာ ချစ်ခွင့်လေးပဲရရ အသနားခံ ချစ်ခွင့်တောင်းခဲ့ရတာ

ကိုယ်က ကားစီးနိုင်ပြီမို့လို့လား။

ဒီလိုသဿယမျိုး ရှိခန့်ခဲ့ပေမယ့် ချစ်သူကို အဲဒ

ကြည့်ရက်ခဲ့တာ အမှန်ပါ။

ဒါပေမယ့် ခုချိန်မှာ သူက လက်ထပ်ဖို့ပြောလျှင် ခေါင်းညိတ်မှာ ဆိုတာ သိနေလျက်နဲ့ သူလက်ထပ်ခွင့် မတောင်းမိခဲ့။

"ပြောလေ သား"

"ဟို. . . ဒီထိတော့ မရည်ရွယ်သေးပါဘူး ဖေဖေ. . . ကျွန် တော့်ဘက်လမ်းအတွက် ကြိုးစားဖို့ အများကြီး ရှိပါသေးတယ်"

"မှန်တယ်. . . ဒါမှန်တာပေါ့. . . ဒီခေတ်မှာ ငါ့သား ချစ်သူသား ဘာတောင် ငြိတွယ်စရာတစ်ခုလို မြင်မယ်ဆိုရင် မကောင်းဘူး ဖေဖေ သားကို အများကြီး မျှော်လင့်ပြီး ကြိုးစားခဲ့ရတာ"

"ကျွန်တော် နားလည်ပါတယ် ဖေဖေ"

"သားကိုဖေဖေ ဘာမှမချုပ်ချယ်ပါဘူး. . . အထူးသဖြင့် အိမ် ထောင်ရေးကို အမိန့်မပေးချင်ဘူး. . . ဖေဖေ ကိုယ်တိုင် မိဘကြိုးဆွဲခဲ့ တဲ့ အိမ်ထောင်ရေးထဲမှာ မြုပ်ချီပေါ ချိန်နဲ့ ကူးခတ်ခဲ့ရတာ မိဘတိုင်းဟာ သားသမီးကို ကောင်းစားအောင် စီစဥ်ကြတာ မှန်ပေမယ့် အများမကင်း ဆတ်ကြဘူးလေ. . . ချပေးတဲ့လမ်းက ကောင်းသွားရင် တစ်သက်လုံး အဆင်ပြေသွားမယ်. . . လမ်းဆိုးသွားရင် ဘဝပျက်တာပဲ. . . ဒါကြောင့် အိမ်ထောင်ရေးကို ဖေဖေ ဝင်မပါချင်ဘူး. . . ဒါပေမယ့် သတိတော့ ပေး ပါရစေ. . . အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး သား ဖေဖေ့ကို မတိုင်ပင်ဘဲ ဘာမှမလုပ်စေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

"တိုင်ပင်တာနဲ့ အသိပေးတာကိုလည်း မရောနဲ့နော် သား... ကိုယ့်လုပ်ချင်တာ လုပ်ခဲ့ပြီးမှ အသိပေးတာ ဖေဖေ မလိုချင်ဘူး"

"ကျွန်တော် နားလည်ပါပြီ ဖေဖေ... စိတ်ချပါ ဖေဖေ စိတ်မချမ်းသာအောင် ကျွန်တော် မလုပ်ပါဘူး"

"သာဓုကွယ်... သာဓု... သာဓု"

● ● ●

"ထက်ရှား"

"ဟင်"

အခန်းထဲက ထွက်လိုက်သည်နှင့် အသင့်စောင့်နေသူက ငွေစိုးတော်တော်လည်း ဖွဲ့ကောင်းတဲ့လူ။

"ကိုယ့်ကို စကားပြောခွင့် နည်းနည်းပေးပါ ထက်ရှားရယ်... ကိုယ့်တို့မိသားစု နိုင်ငံခြားကို ထွက်တော့မှာ"

"ထွက်ပေါ့... ထက်ရှားနဲ့ ဘာဆိုင်လို့လဲ"

မင်းထက်ရှား သုတ်သုတ်လျှောက်သလောက် သူကပိုမြန်သည်။

"ဒီလို မပြောပါနဲ့ ထက်ရှားရယ်... ကိုယ့်ဘဝရဲ့မျှော်လင့်ချက်တိုင်းဟာ မင်းပါ... မင်းကိုယ့်ကို ခေါင်းညိတ်လို့ [illegible] မင်း ဖြစ်စေချင်သလို အားလုံးဖြစ်စေရမယ်... ဟိုကိုပဲ လိုက်လိုက် ဒီမှာပဲနေမယ်ဆိုလည်း ကိုယ့်မိသားစုကို ကိုယ်တစ်သက်လုံးအတွက် နှုတ်ခက်လိုက်နိုင်တယ်"

"ရှင်တော်တော် ခက်ပါလား... ကိုငွေစိုး... ရှင့်ကို ထက်ရှား



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်တွေပေး ထားမိခဲ့လို့လား… ပြီတီတီနဲ့များ ကြည့်ဖူးခဲ့သလား…"

"ပြီတီတီတွေ ကိုယ့်မှာ ပေါပါတယ်… ကိုယ်က မင်းကိုပဲ စွဲလမ်းတာ"

"ဒါတော့… ရှင့်စိတ်နဲ့ ရှင့်ကိုယ်ပဲ… ရှင့်ကို ထက်ရှား ဘယ်တော့မှ ချစ်မှာမဟုတ်ဘူးလို့ အစကတည်းက ပြောခဲ့တယ်… ခုလည်း ဒီစကားပဲ ပြောမှာပဲ"

"နည်းနည်း လျှော့ပါဦး ထက်ရှားရယ်… နှစ်နှစ်တောင်ရှိပြီ ကိုယ့်ကို ဇွဲဆုလေးတောင် မပေးဘူးလား"

"ဇွဲဆုလိုချင်ရင် ထက်ရှားဆီ လာမတောင်းနဲ့လေ… မာရသွန်သွားပြေးပေါ့"

ငွေစိုး ကျွတ်ခနဲ စုတ်သပ်၍ သက်ခါသည်။

ကျောင်းပြီးလို့ သူငယ်ချင်းတွေ တစ်ယောက်တစ်လမ်း လျှောက်လမ်းကြလို့ ဆိပ်မတွေ့ဖြစ်ကြတော့ပေမယ့် သူ့မှာ ထက်ရှားရှိရာ အချိန်မှန် ရောက်သည်။ စကားပြောခွင့်မရတာတောင် ကြည့်ပြီး ပြန်ရပြန်သူကျေနပ်ခဲ့တာ။ ခုတော့ နေရဋ္ဌရော ထက်ရှားပါ ခြံဝန်းကျယ်ကြီးနဲ့ နှစ်ထပ်တိုက်ကြီးထဲ ရောက်သွားကြတော့ သူ့မှာ ဝင်ခွင့်ရ ခက်သွားသည်။ ဒီထက်ဆိုးတာက ဖုန်းနံပါတ် မရတော့ခြင်းပင်။

ထက်ရှား ရုပ်ရှင် ဆက်ဒါး ငွေ့ခနဲငဲ့ထိုး၍ ဒရိုင်ဘာပေါင်းထွက်သွားသည် ထုံးစံအတိုင်း သူ ရပ်ကာနှိုးရပြန်ပြီ

မင်းထက်ရှားရယ်…

မင်း… သိပ်ကို စိန်ခေါ်လွန်းနေပြီ သိလား…



"အမေရေ"

"ဟော… သမီး"

ဒေါ်စိုးစိုးထက် မျက်နှာပြုံးနေသည်။

"ဒီနေ့ သမီးတို့လာမယ်မှန်းသိလို့… အမေ မုန့်ကုလားမဲ ဖုတ်ထားတယ်"

"ဟာ… ပွတာပဲ… များရဲ့လား အမေ"

"များပါ့ရှင်… ကြိုက်သလောက်သာစား"

သားအမိနှစ်ယောက် မီးဖိုခန်းထဲ ဝင်လာခဲ့ကြသည်။

"ဟဲ့… သားရော"

"အမေ့သား နောက်မှာ လာလိမ့်မယ်… သူက အခု အရင် နေရဋ္ဌ မဟုတ်တော့ဘူး အမေရဲ့… သူဌေးလေး ဖြစ်နေပြီ တစ်နေ့ တစ်နေ့ လုပ်ငန်းရှင်တွေနဲ့ ချိန်းလိုက် ညစာစားပွဲတက်လိုက်"

ဒေါ်စိုးစိုးထက် မျက်နှာမှာ အပြုံးပန်းတွေ ဝေနေတော့သည်။

"အဝင်းရေ… ဈေးပြေးပြီး ငါးဖယ်လောက်နဲ့ ကြက်သားဝယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါအုံး. . . ချဉ်ဟင်းချက်ဖို့လေးရော ကြည့်ယယ်ခဲ့ကွယ်"

"ဟုတ်ကဲ့ မမကြီး"

အားလုံးချက်ပြုတ်ပြီးတဲ့အထိ နေရွှ ပေါ်မလာ။

"ထက်ရှား ဗိုက်ဆာပြီအမေရာ. . . စားနှင့်တော့မယ်"

"ဟော. . , ဟော. . . ကားသံကြားတယ်"

ဆယ်နှစ်နာရီထိုးခါနီးမှ နေရွှ ရောက်လာသည်။ ဒါပေမယ့် တစ ယောက်တည်းမဟုတ်။

"လာ. . မွန်း"

အဖေါ်ကို လှည့်ခေါ်၍ အိမ်ထဲဝင်လာတော့ တစ်ခါတင်ခါမှ မြင်ရတဲ့သားကို ဒေါ်စိုးစိုးထက် အလုံအယက် ကြည့်ရသည်။

ဘောင်းဘီရှည် စပို့ရှပ်အကျႌနှင့် ဖအေလိုပဲ လိုင်းတွန့်ဖေးဖေး ထင်သော ဆံပင်တွေကို အားလုံးနောက်လှန်ဖြီးထားလျှက် နေ့ရွှေ ပုံစံက ခန့်ညားချောမောနေသည်။

"ဟော. . . နောက်က ချေ့သည်ပါ ပါလာတာကိုး"

ဒေါ်စိုးစိုးထက်က မွန်းကို ခုမှမြင်သည်။

"သားတို့ ထမင်းစားခဲ့ကြပြီးပြီလား"

"အအေးပဲသောက်ခဲ့တာ အမေ့ကို ပြောထားပြီးသာမို့ တမင် အဆာခံလာရတာ"

"ကောင်းပါပြီရှင်. . . အဆင်သင့်ပါပဲ. . . လာကြ. . . လာ ကြ"

ပြင်ဆင်ထားပြီးသော ထမင်းဝိုင်းက ဟင်းမျိုးစုံကာ အားလုံးဖွယ် ဖွယ်ရာရာ။

"အဝင်းရေ"





"ရှင်. . . လာပြီ"

"ကလေးတွေကို သေသေချာချာ ဂရုစိုက်လိုက်စမ်း. . . သား ရေ အမေ မော်တာပြင်ထားတဲ့ဆီ လိုက်ခေါ်မယ်. . . စားနှင့်နော်. . . ဒီ သမီးလေးရော အားမနာနဲ့သိလား. . . စားနော်"

"ဟုတ်ကဲ့"

"မော်တာ ဘာဖြစ်လို့လဲ အမေ"

"လောင်တာလဲ မဟုတ်ဘူး. . . ဘာဖြစ်မှန်း မသိပါဘူးကွယ်"

"ကျွန်တော် ထမင်းစားပြီးရင် သွားပေးမယ်လေ အမေ မသွား ပါနဲ့"

အရင်ကလိုပဲ အကြွင်နာမပျက် ရှိနေသေးသော သားရဲ့ နဖူး လေးကို တစ်ချက်သပ်၍ ဒေါ်စိုးစိုးထက် ကြည်နူးစွာ ပြုံးမိသည်။

"ဒီနားတင်ပါ သားရယ်. . . အမေပဲ သွားပါမယ်. . . သားက အလုပ်များတဲ့ဥစ္စာ. . . ဒီမှာလည်း ဧည့်သည်နဲ့ လွတ်လွတ်လပ်လပ် စား ကြနော်"

မွန်း လက်မောင်းလေးကိုပါ ဆုပ်တိုင်၍ အမေက ပြောဆိုကာ ထွက်သွားသည်။

မကျေနပ်ချက်တွေ အပြည့်နှင့် ခင်းထက်ရှား ထမင်းကိုပဲနယ် စားနေမိသည်။

"စားနော် မွန်း. . . ဒါ ကိုယ့်အမေပဲ. . . သူက ကိုယ့်ညီမလေး ခင်းထက်ရှားတဲ့"

မိန်းမသားနှစ်ယောက် မျက်လုံးချင်းဆုံသည်။

မောင်နှမအရင်း မဟုတ်မှန်းသိထားတဲ့ မွန်းမျက်လုံးတို့က ဖွေး နုဖိစက်နေသည့် ခင်းထက်ရှား မျက်နှာလေးကို ခပ်စူးစူးကြည့်သလို။



www.burmeseclassic.com

www.burmeseclassic.com



မင်းထက်ရှားက မကြည်ကြည့်နှင့်. . .

ဟုတ်ငါယ်လေ. . . ဒီကတော့ ထမင်းဆာတာ အူတွေလိမ်လို့ သူကတော့ ရည်းစားနဲ့ ချောက်လည်လို့ဝမ့်. . .

သူ့ရည်းစားနဲ့ ချိန်းလို့ရအောင် အမေ့ဆီမှာ ထမင်းလာစားမယ်လို့ အကြောင်းပြတာ မဟုတ်ဘူးလား. . .

မွန်းက ပြုံးပြသည့်တိုင် မင်းထက်ရှားက မရယ်မပြုံး. . .

ဒါကို မွန်းက လိုရာဆွဲတွေး၏။

မောင့်အပေါ် သဝန်တိုနေတာများလား. . .

"စားလေ မွန်းရဲ့. . . ငါးမကြိုက်ဖူးလား"

"ကြိုက်ပါတယ်. . . အရိုးကြောက်လို့"

"ဟုတ်လား. . . ဒါဆို ကြက်သားနဲ့ ပုဇွန်စား. . ."

ပြော၍ ကိုယ်တိုင်ခပ်ထည့်ပေးတော့ မွန်းက ထက်ရှားကို မသိမသာ လှမ်းကြည့်သည်။

"အဟမ်း. . . အဟမ်း"

ရင်ဘတ်ဖိ၍ ချောင်းဟန့်ကာ မင်းထက်ရှား လည်နင်နေသည်။

"ဘာဖြစ်တာလဲ. . . အရိုးစူးပြီးလား"

"အင်း"

မင်းထက်ရှား ချောင်းတွေဆိုးကာ မျက်နှာတစ်ခုလုံး နီရဲညိုပုတ်လာတော့ နေရှု့ မနေသာတော့ပေ။

"ငါးစားရင်း ခဏခဏ ဒီလိုဖြစ်တတ်တာ သိရက်သားနဲ့ သတိမမထားတာ"

နေရာမှထသွား၍ ရေခပ်ပေးသည်။

ရေသောက်တော့လည်း အရိုးကမကျ။





ကျောပြင်ကို ခပ်ဖွဖွ ထုပေးတော့လည်းမရ။

"နေဦး. . ."

ရေခဲသေတ္တာထဲမှ ငှက်ပျောသီးတစ်လုံးကို ပြေးဖြုတ်ကာ ရေနဲ့ မျှောချခိုင်းတော့မှ အရိုးကကျသွား၏။

"ငါးမစားနဲ့တော့ ကြက်သားနဲ့စား"

"စားမှာပဲ. . . ထက်ရှား ငါးပဲကြိုက်တယ်"

ဟိုကိုရောက်မှ မင်းထက်ရှား အရိုးစူးတတ်မှန်းသိလို့ နေရှု့ ပြောတာနှင့် ငါးမစားရတာ ဘယ်လောက်ကြာပြီလဲ။

"ထက်ရှား နင်တော်တော် ခက်ပါလား"

"အရိုးဆိုတာ ဘယ်တော့မှ နှစ်ခါပြန် မစူးဘူး ကိုကိုရဲ့. . . အခု စူးပြီးသွားပြီး. . . လုံးဝအေးဆေးစားလို့ရပြီ"

သူတို့နှစ်ယောက်ကို မွန်းက အသာလေးကြည့်နေ၏။

နေရှု့ ထမင်းစားဖို့ ပြန်ထိုင်ပြီးကာမှ ပြန်ထကာ မင်းထက်ရှား အားမှာ ခုံဆွဲ၍ သွားထိုင်သည်။

"ကဲ. . . ပြောမရလည်း စားနော်. . . စား ကျွန်တော် အရိုးနွှင်ပေးမယ်. . . ဒီတစ်ခါ ထပ်စူးရင် လည်ချောင်းပါ ခွဲထုတ်ရတော့မယ်"

"ကိုကိုကလည်း မစူးပါဘူးဆို"

"စူးစူး မစူးစူး ခင်ဗျားပဲ. . . မှီကျအောင်စား"

အရိုးကို သေသေချာချာ တယုတယ ထွင်ပေးနေသည့် နေရှု့ကို ကြည့်နေသော မွန်းမျက်လုံးတွေက မီးတောက်တွေသာဆို အားလုံးပြာကျသွားနိုင်ပါ၏။

ကိုယ့်ကျတော့ ငါးမစားတတ်ရင် ကြက်သားနဲ့စားတဲ့။

ဘယ်သူ့ကို အရိုးထွင်ပေးသင့်တာလဲဆိုတာ သူ မစဉ်းစားမိဘူး



www.burmeseclassic.com

www.burmeseclassic.com



လား. . .

သူတို့ ဒီလိုပဲ အကြင်နာပိုနေကျ နေမှာပါ။

နေရဋ္ဌရဲ့ ပြည့်စုံချမ်းသာမှုတွေနှင့် ကြွယ်ဝနေသော ဘဝထဲ မွန်းဝင်ဖို့ မျှော်လင့်နေခဲ့သည်။

အစကတော့ တမ်းတမ်းတတ မြတ်နိုးတွယ်တာစွာ လက်ထ ချင်ပါတယ် ပြောခဲ့သော နေရဋ္ဌ တစ်ယောက်။

ဒီနေ့ထိ လက်ထပ်ဖို့ ဖွင့်ဟမလာသေးတာကိုလည်း ပြန်တွေ ကာ တနုံ့နုံ့ ဖြစ်ရရင်း. . .

ထမင်းကို လုံးဝဆက်စားလို့ မရတော့။

"ဟာ. . . တော်ပြီလား မွန်း. . . ဒီမှာ မောင် စားတောင် မ ရသေးဘူး"

"မောင်က အလုပ်ရှုပ်နေလို့ပါ. . . မွန်း ဒီလောက်ပဲ စားတ တာ"

နေရဋ္ဌက အရိုးထွင်ပေးခြင်းကို လက်စသတ်ကာ ဘဲစင် လက်သွားဆေးသည်။

"ကိုကို ထမင်းမစားတော့ဘူးလား"

"တော်ပြီဟာ. . . ဒီမှာချည့်သည်ကို အားနာလို့"

"ရတယ်မောင်. . . မောင့်ကိစ္စတွေ ပြီးအောင်လုပ်ပါ. . . မွ က နေတတ်ပါတယ်"

မွန်းက နေတတ်ပါတယ်ဆိုတော့ ဘယ်သူက မနေတတ် လဲ. . .

မင်းထွက်ရှား ကိုယ်လေး ဆတ်ခနဲ ဖြစ်သွားသည်။

ဒါကို သတိထားမိကာ နေရဋ္ဌ ပျာပျာသလဲဖြစ်လျက် မွန်း





ချည့်ခန်းဆီ ခေါ်ထုတ်သွားလေသည်။

ထက်ရှား ပါးစပ်နှင့်တွေ့လျှင် ခက်တော့မည်။

ချည့်ခန်းစားပွဲမှာ လှီးပြီးစိပ်ပြီးသား သစ်သီးစုံတို့က အုပ်ဆောင်း လေးအောက်မှာ အားလုံးအဆင်သင့်။

"ဒီမှာ သစ်သီးတွေအစုံပဲ မွန်း. . . ကြိုက်တာယူစား ခဏနေဦး နော်. . . တော်ကြာ အမေလာတော့မှာ မွန်းနဲ့ မိတ်ဆက်ပေးမယ်"

မွန်း မျက်နှာတင်းသွားသည်။

ဝင်လာစကတည်းက မိတ်ဆက်မပေးဘဲ မိတ်ဆွေလိုလို အသိ လိုလို ထားခဲ့ပြီး။

ခုကျမှ မိတ်ဆက်ခွင့်ရဖို့ ကိုယ်က စောင့်ရမတဲ့လား။

"မွန်း မစောင့်နိုင်တော့ဘူး မောင်. . . ပြန်ချင်တယ်"

"ဟာ. . . မွန်းပဲ အေးဆေးပဲဆို"

"ဟုတ်တယ်. . . ခုပြန်ချင်ဘယ်"

မွန်း တစ်စုံတစ်ခု စိတ်ကောက်ပြီဆိုတာ နေရဋ္ဌ သိလိုက်သည်။ ဒါပေမယ့် သူ့မှာ စဉ်းစားချိန်မရ။

ဒီက စိတ်ကောက်။

အထဲက တစ်ယောက်က မိစ္ဆာ။

ရင်ဆိုင်မိလို့ ငြိမိသွားကြလျှင် မလွယ်. . .

"ကောင်းပြီလေ. . . မောင် ညီမလေးကို သွားပြောလိုက်ဦး မယ်"

အဲဒါကိုပဲ မွန်း မကျေနပ်။

ရန်ကုန်နဲ့ မြောက်ဥက္ကလာ ဘာဝေးလို့လဲ။

မလာခင်ကတည်းက ပြောလိုက်ရတဲ့ ဒီညီမလေး။



www.burmeseclassic.com

www.burmeseclassic.com



ထက်ရှားကို ကြိုဖို့ကားက အလုပ်ရုံက ဆွဲသွားပြီ အပြန်တစ်ခါတည်း ခေါ်ခဲ့မှဖြစ်မယ်. . . ဘာညာနဲ့. . .

ဒီတုန်းကတော့ မမြင်ဖူးသေးတဲ့ ညီမဆိုတာကို မွန်း အမှတ်တမဲ့ ပဲရှိခဲ့သည်။

ခုတော့ ကြည့်ပါအုံး. . . ရည်းစားနဲ့ ပြန်မယ့်လမ်းကို နှမကို ခေါ်ဦးမလို့တဲ့ . .

"သူ. . . မလိုက်ဘူးတဲ့လား"

မျက်နှာထိ မျက်နှာထားနဲ့မေးတဲ့ မွန်းကို နေရှ သတိထားမိပုံမရဘဲ ခေါင်းညိတ်ကာ. . .

"မလိုက်ဘူးတဲ့. . . လာ သွားမယ်"

မွန်း သူသိအောင် စိတ်ကောက်ပြရအုံးမှာလား။

● ● ●

"ဘာဘာ. . . ဘာဘာ ဘာဖြစ်လို့လဲဟင်. . . ခေါင်းမူးလို့လား"

"အေး. . . သမီးရယ်. . . ခေါင်းထဲမှာ ဘယ်လိုကြီးမှန်း မသိ. . . ဘာဘာကို စိတ်ကြည်ဆေးလေး သွားယူပေးပါအုံး"

မင်းထက်ရှား လက်ထဲက ပန်းတွေကိုချ၍ ဆေးတွေထားတာ အခန်းထဲ ဝင်သွားသည်။ တအောင့်ကြာတော့ လင်ဗန်းလေးတစ်ချပ် ပြန်ထွက်လာ၏။

"ရော့. . . ဘာဘာ. . . ဒီမှာသွေးဆေး"

"ဟေ. . ."

"ချော်. . . ဘာဘာကလည်း ခေါင်းမူးတာ စိတ်ကြည်ဆေးနဲ့ ည်းပဲ ဆိုင်တာမဟုတ်ဘူး ဘာဘာရဲ့. . . ခေါင်းမူးလို့ ခေါင်းကိုချည်း ကု အစား သွေးလေမျှတအောင် ကုကြည့်စမ်းပါဦး. . ဘာဘာက ညည ကိုကိုနဲ့အတူ ညဉ့်နက်အောင်နေပြီး သင်ရုပြရ စီးပွားရေးတွေ တိုးချဲ့ ရစည်ရနဲ့ သွေးအားနည်းချင်နည်းမယ်. . . သွေးလေဖောက်ပြန်ချင် ပေါ့. . . မဟုတ်ဘူးလား"

ရည်မွန်စာပေ

www.burmeseclassic.com



ဦးဗလနေ မျက်နှာ တဖြည်းဖြည်း ပြုံးယောင်သမ်းလာ၏။

ဒီကလေး မဆိုးဘူးပဲ။

"သွေးဆေးနဲ့ သကြားလေး သောက်ကြည့်ဘဘ. . . ပြီးတော

ထက်ရှား ဖာက်ကြောဆွဲပေးမယ်. . . ဘဘရဲ့ စိတ်ကြည်ဆေးထ

တောင်းပါတယ်"

ပြောလည်းပြောရင်း သွေးဆေးနဲ့ သကြားကို သူ့ရှေ့မှာပဲ ဖေ

စပ်ဖျော်ကာ ဇွန်းလေးနှင့် စိတ်ရှည်လက်ရှည် မွှေပေးနေ၏။

"အသက်ကြီးလာရင် အင်္ဂလိပ်ဆေးတွေ သိပ်မသောက်နဲ့ ဘ

ရဲ့. . . ဒီဟာ ဖြစ်လိုက်ဒီဆေး သောက်လိုက် သော်ကြာ ဟိုလိုဖြစ်လာ

ဟိုဆေးသောက်ရပြန်ရော. . . ဆေးနဲ့လူနဲ့ လုံးပြီသာမှတ် အမိက သွေး

လေညီညွတ်ဖို့ပဲ. . . ကိုယ်မှာ သွေးလေညီညွတ်နေရင် ကျန်းမာနေမှာ

"ဒီလိုကျတော့လည်း ငါ့သမီးက ဟုတ်လို့ပါလား. . . မိုးမိုး ပြေ

တယ်ကွ. . . သမီးက သိပ်ဆိုးတာပဲတဲ့ ဘယ်မှာ ဆိုးလို့လဲ"

မင်းထက်ရှားက မွှေနေသည့် လက်ကလေးကို ရပ်၍ ဇွန်းေ

ကိုအသာချလိုက်သည်။

"ဟဲ. . . ဟဲ. . . ဘဘက မသိလို့. . . ထက်ရှားက သိပ်ဆိုး

ကိုကိုတောင် သည်းခံမနိုင်ဘူး"

"သည်းခံရမှာပေါ့. . . ငါ့သမီးကို အလိုမလိုက်ရင် ဘဘ

ပြောစမ်း ဒီကောင့်ကို ဘဘ ဆုံးမမယ်"

"ကိုကိုရေ"

မင်းထက်ရှား အသံလေးက မှန်ရှေ့မှာ ခေါင်းဖြီးနေသ

နေရဋ္ဌဆီ စူးခနဲ ရောက်လာသည်။

"ဘာလဲ. . . ဘာဖြစ်ရပြန်ပြီလဲ"





အပြင်ထွက်လာရင်း. . .

ခေါင်နှင့်မောနှင့် မေးမိပြီးမှ အနားမှာ ဖေဖေရှိနေတာ တွေ့၍. .

နေရဋ္ဌ ကိုယ်ရှိန် သတ်လိုက်ရသည်။

"ထက်ရှားကို ကိုကို အလိုမလိုက်ရင် ဘဘက သူ့ကိုတိုင်တဲ့

ကိုကို ရိုက်မယ်တဲ့ ကြားတယ်နော်. . . ကျပ်ကျပ်သတိထား"

"ဟာ. . . ဖေဖေ အဲဒီကောင်မလေးကို မြှောက်မပေးနဲ့ ကျွန်

တော့်ကို တအားနိုင်တာ၊ ထက်ရှားနော်. . . နင် ဖေဖေ့ကို ကပ်ပေါင်းပြီး"

"ဘာဖြစ်လဲ. . . ကိုယ့်အရည်အချင်းနဲ့ကိုယ်"

"ဖေဖေ သူပြောတာတွေ သိပ်ယုံမနေနဲ့"

ဦးဗလနေက နှစ်ယောက်ကို ကြည့်၍ပြုံးနေသည်။

"ဘဘကလေ. . . နေအောင်ကြီးနဲ့ တူတယ် သိလား. . . မျက်

နှာထုခန့်ခန့်ကြီး ကိုကို့ကျတော့ အရပ်ကြီးရှည်ပြီး ဘဘလိုလည်း မချော

. . . ကရင်တွေ ရွှံ့အောင်လှူးပြီး ဆံပင်လှန်ဖြီးထားရင်း မျက်နှာက

င်ပြီး အရပ်ကြီးက ရှည်တော့ သစ်ကုလားအုပ်ကြီးကျနေတာပဲ"

"ဟာ. . . ကြည့်စမ်း"

နေရဋ္ဌ ဒေါသဖြစ်ရခက် ရယ်ရခက်နှင့် ဖေဖေ့ရှေ့မှာသာ မ

က်လျှင် ခေါင်းပြေးခေါက်မိတော့မည်။

"ဘဘ"

"ဟေ"

"ကိုကို့ကို မိန်းမပေးစားရင် သူ့အရုပ်နဲ့လိုက်မယ့် မိန်းမ တော်

ရှာရမယ့် သိလား. . . တော်တော်ကြာ မိန်းမကို ကလေးချိုသလိုမှိုး"

"ဟဲ့ ခကောင်မလေး. . . ဒါပြောစရာလား"

နေရဋ္ဌ လွှားခနဲ ရောက်လာကာ ခေါက်ခနဲ ခေါက်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ နာသွားတော့ မင်းထက်ရှား ပြုံးထုသည်။

နေရှုက လွတ်အောင် ရှောင်၍ပြေး၏။

ဘယ်ရမလဲ မင်းထက်ရှား ကိုယ်လိမ်းပေါင်ဒါတွေ လက်ပေါ

ပုံချကာ နေရှု နောက်ပြေးလိုက်၍...

"ဟား...ဟား...သွားပြီ...ပေကုန်ပြီကွာ"

သူ့မျက်နှာကို ခုန်၍ လက်နှစ်ဖက်နှင့် ပွတ်ပစ်လိုက်ကာ မွှန်

သွားလေသည်။

ဝတ်ထားသည့် ကုတ်အင်္ကျီအနက်မှာ ပေါင်ဒါမှုန့်တွေ ပေ

ကုန်ပြီး။

"ထက်ရှား"

"ဘာလဲ"

ထူး၍ မင်းထက်ရှား နောက်ပြန်ပြေးလေသည်။

ကားနားရောက်မှ သူ့မှာအဝတ်အစားတွေ ပြန်လဲရတော့

အဖြစ်။

"သက်ရှား"

နေရှု ခေါ်သံကြီးက ဒေါသကြောင့် ဟိန်းနေသည်။

မင်းထက်ရှား ပျောက်နေပြီ။

"သား..."

"ဘာပြောမလို့လဲ ဖေဖေရှာ...ဒီမှာ အလုပ်သွားခါနီးမှ

ဦး"

"မင်းကရော...မလေလို့လား"

"မဟုတ်ပါဘူး...ဖေဖေရာ...ဒီကောင်မလေး တော်

ကို ဆိုးတာ"





သားရေအိတ်ကို စားပွဲပေါ် ဘင်ကာ နေရှု တကယ်ဒေါသဖြစ်

နေမှန်းသိ၍ ဦးဗလနေ မျက်နှာတင်းတင်းလုပ်ကာ...

"ကလေးမဆိုးတာ ဆိုးတာပေါ့...မင်းက ကလေးနဲ့ ရန်ဖြိုင်

ဖြိုင်ဖြစ်နေတာရော ကောင်းလား...အကြီးက အကြီးလိုနေပါလား...

ပြီးတော့ မင်းက အသက်သုံးလေးနှစ်ကြီးတယ်...ငယ်တဲ့သူနဲ့ နင် တစ်

လုံး ငါတစ်လုံး ခွန်းတုံ့ပြန်ဖြစ်နေတာ ကြားလို့မကောင်းဘူး...ဖေဖေ

လည်း မကြိုက်ဘူး...ကိုယ့်ကိုယ်ကို ကိုကိုလို့ပဲ ပြောပါ...တစ်ဖက်က

သူ့အလိုလို ရှိသေလာလိမ့်မယ်"

ဟုတ်ပါလိမ့်မယ်...

ကိုကိုလို့ ပြော၍တည့်အောင်နေလည်း 'ဖြစ်ရပြန်ပြီ' ဆိုပြီး 'ခု

တစ်မျိုး တော်ကြာတစ်မျိုး သူကောင်းချင်လည်း ချက်ချင်း' လို့ ဝေါ်တတ်

သေးသည်။

ဒါတွေ ဖေဖေက မသိဘဲနဲ့...

နေရှု ဘာမှလည်း ရှင်းမပြတတ်ဖြစ်ကာ စိတ်အညစ်ကြီး ညစ်

၍နေတော့သည်။ ဒီကလေးမ ဖေဖေ့ကိုလည်း ချွဲတက်လိုက်တာ မပြော

နိုင်...

သူ့ဘာပြောပြော ခေါင်းတညိတ်ညိတ်နှင့် သဘောကျနေလိုက်

တဲ့ ဖေဖေကလည်း ပြောတိုင်းယုံ။

"ဖေဖေကလည်း သူ့ဘက်ကချည်းပါနေတယ်လို့ မင်းထင်နေ

တယ်ဗိုလ်လား"

ကောက်ခနဲ ထပြောလိုက်တော့ နေရှု မျက်နှာပုပ်သွားသည်။

ငယ်တွေးနေတာကို ဖေဖေက မြင်လိုက်တဲ့အတိုင်း။

"ထက်ရှားလေးက ကလေးဆန်လွန်းနေတာကလွဲရင် သိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းတဲ့ ကလေးမလေးပါ. . . သဘောဖြူ အူစင်းလေးရယ်"

စင်းပဲစင်းချင်ပလေတယ်။

သူ သဘောမကျတော့ဘူးဆို. . . လေတိုက်ပါစေ. . . ခေါင်းကွဲပါစေ. . . ရည်းစားနဲ့ချိန်းတွေ့ရင် နှာခေါင်းပိတ်ပါစေ ဆိုတာမါသေး ဒီထက် ပုတ်ပွစရာရှိသေးလို့လား. . .

"ဒီကလေး. . . တကယ့်ကို ဆိုးနေရင်တောင် သားသည်းခံရမယ်. . . သူတို့သားအမိရဲ့ ကျေးဇူးဆိုတာ နှစ်ပေါင်းများစွာ သူတို့စေတနာကို ခံစားလာခဲ့ရတဲ့ သားက ပိုသိမှာပါ"

"အမေ့ကို ကျွန်တော် ချစ်ပါတယ်"

"ထက်ရှားကိုလည်း ချစ်ရမှာပဲ"

နေရဋ္ဌ မလှုပ်။

"အထူးသဖြင့် ခုဆို သားက သူတို့နဲ့ အဆင့်အတန်းချင်း မိုးနဲ့မြေလို ကွာသွားပြီး ကမ္ဘာနဲ့ချီပြီး စီးပွားရှာနိုင်ရတော့မယ်. . . ဒီလိုဖြစ်အောင်လည်း ဖေဖေက အားလုံး အုတ်မြစ်ချပြီးမှ သားကိုလာခေါ်တာပဲ ဒီအခြေအနေမှာ ထက်ရှားလေးကို အားငယ်စေတာ ချိုးနှိမ်စေတာမျိုး အမူအရာနဲ့လဲ မပြနဲ့ စကားလည်း မမှားပါစေနဲ့. . . အပြစ်အားလုံးထဲမှာ ကျေးဇူးရှင်ကို စော်ကားတဲ့အပြစ်ဟာ အကြီးဆုံးပဲ"

"စော်ကားတာမျိုး မဟုတ်ပါဘူး ဖေဖေ. . . ထက်ရှားနဲ့ ကျွန်တော် ဒီလိုပဲ ကောကော ရန်ဖြစ်နေကျပါ"

"ဟုတ်တယ်. . . အရင်က ကိစ္စမရှိဘူး. . . အခု ပြောမှားဆိုမှား ဖြစ်ခဲ့ရင် သူက ဒီလိုဘဝရောက်လို့ ဒီစကား ပြောတာဆိုတဲ့ အပြစ်မြင်မှာပဲ. . . ဖေဖေ ပြောချင်တာက သား ခန့်ခန့်ညားညားနေပါ. . . ညီမလေးကို ယုယကြင်နာပါ. . . စိုးစိုးဆီကိုလည်း မကြာမကြာ သွားပေးပါ"





နေရဋ္ဌ မျက်နှာ ချက်ချင်း မချိုမချဉ် ဖြစ်သွားကာ. . .

"အမေဆီ ဖေဖေ သွားပါလား. . . အဲဒါက ဖေဖေ့ကိစ္စလေ"

"ဟာ. . . ဒီကောင်"

ဦးဗလနေ မျက်နှာကြီးနီ၍ ရှက်နေပြန်သည်။

နေရဋ္ဌက ငယ်ငယ်ကတည်းက ဖေဖေနဲ့မေမေ စကားများ ရန်ဖြစ်ကြတိုင်း စိုးစိုးဆိုတဲ့ နာမည်ကို နားထဲမှာ ယဉ်ပါးနေခဲ့သည်။

အစကတော့ ဖေဖေတို့ ရန်ခဏခဏဖြစ်တာ ဒီစိုးစိုးဆိုတဲ့ မိန်းမကြောင့် ဆိုတဲ့အသိ သေးသေးလေးနဲ့ ဖေဖေ ထောင်ကျခါနီး ဒေါ်စိုးစိုးထက်ဆီ လွှတ်တော့ သူခေါင်းခါမိခဲ့တဲ့ အထိ။

ဒေါ်စိုးစိုးထက်ဆိုတာကို စမြင်လိုက်တဲ့နေ့. . .

သားလို့ ခေါ်သံလေးကို ခံစားကြားမိခဲ့ပြီး နေရဋ္ဌ စိတ်တွေ လုံးဝ အညစ်အမည်း ကင်းခဲ့လေသည်။

ခုတော့လည်း လစ်ဟာနေကြတဲ့ လူကြီးတွေရဲ့ ဘဝနှစ်ခုကို ပေါင်းစည်းစေလိုတဲ့အထိ သူမှာဆန္ဒရှိနေခဲ့သည်။

အားလုံး အဆင်ပြေရင်ပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com

NAYRAIZA HOTEL

ဆိုတဲ့ ဖောင်းကြွရွှေစာလုံးတွေရှိသော ဆိုင်းဘုတ်ကို ဖတ်ရှု
နေတော့မှန်တွေ တပ်ဆင်ထားသည့် အဆောက်အဦးမြင့်ကြီးကို မေ
ကြည့်လိုက်မိသည်။ ဟိုတယ်ထဲကို ဝင်ဖို့နေနေသာသာ ဂိတ်ဝမှာပဲ အ
တော်လေး မေးမြန်းစစ်ဆေးခံရမယ့် အဖြစ်။

"ဒီမှာရှင့်"

"ဘယ်သူလဲဟင် **အထဲ**ကိုဝင်လို့ရပါတယ် ခင်ဗျာ"

အဖြူဝတ်စုံလေးနှင့် ဂိတ်စောင့်တဲ့ ဝန်ထမ်းက လျှောလျှော
လျှူလျှူ တံခါးဖွင့်ပေးပေမယ့် မွန်းမဝင်ရဲ။

"ဟို ကိုနေရှူ့ အထဲမှာရှိလားဟင်"

"ဪ. . သူဒွေးမရှိပါဘူး. . . သူဒွေးက ညနေ လေးနာ
ရီထိုးမှ လာပါတယ်. . . ရုံးမှာ တစ်နာရီပဲထိုင်တာပါ"

"ဪ. . ."





တစ်စုံတစ်ရာ ထပ်မမေးရသေးမီ တံခါးပိတ်သွားသည်။

မွန်းရင်ထဲမှာ ဘာကိုငမ်းနည်းနေမှန်း မသိ. . .

အခုက လက်ထပ်ဖို့ သဘောတူခဲ့ရသူ၏ အကောင်းသားဆုံ
သော အတွေးက ဝင်လာသည်၊ တစ်ဘက်ဆီ ဆင်းရဲခြင်းကို ခါးသီးခဲ့သော
မွန်းက ခပ်မြင့်မြင့်ကိုပဲ လက်တွဲမည်ဆိုသော သိက္ခါနိကို မပြင်နိုင်တာ။

ချဉ်းကပ်လာကြတာတွေကျတော့ သူနှလုံးသားက လက်မ
ခံနိုင်. . . ချောမော **ခွဲငြီးမှုယ်**ကောင်းသည့် နေရှူ့ကိုကျတော့ သူ ဟန်မ
ဆောင်နိုင်လောက်**အောင်** ချစ်ခဲ့မိပေမယ့် နေရှူ့ရဲ့ဘဝကို လက်မခံ
နိုင်. . . မွန်း ချမ်းသာမှ ဖြစ်မည်လေ. . .

အတူနေကြတာက ဖွားအေးနဲ့လောက်နှင့် မောင်လေးနှစ်
ယောက်။ ဈေးထဲမှာ အထည်ဆိုင်ဖွင့်ထားသည်မှ ပြည့်စုံတယ် ဆိုပေမယ့်
ကိုယ့်ဘဝ ကိုယ့်အလှကို မွန်းက ဒီ့ထက်မြင့်တင်လိုတာ. . . ခုတော့. . .

ရွံကုန်သည်လို အဖြစ်မျိုး မွန်း ဖြစ်ခဲ့ပြီလား. . .

နေရှူ့သည် အရင်လို ဖွတ်ဖွတ်လူး စွဲလမ်းခယတာမျိုး မဟုတ်
တော့ဘဲ အချစ်တစ်ခုတည်း ပေးဆပ်နေမှုမှာ အနည်းငယ် အေးစက်
နေတာဟာ ကိုယ်စိတ်ထင်လို့ပဲ ဖြစ်ပါစေ. . .

ကိုယ်ပြောခဲ့ဖူးတဲ့ စကားနဲ့ ကိုယ်ကစပြီး လက်ထပ်ဖို့ မွန်း မ
ပြောရဲတော့ပါ။ ဒါပေမယ့် လက်ဖျားခါလောက်အောင် ချမ်းသာနေသည့်
နေရှူ့ဘဝကိုလည်း မွန်း အချစ်နဲ့သိမ်းပိုက် လိုချင်နေမိသည်။

ကွဲကွာနေတယ်ဆိုတဲ့ သူ့အဖေဟာ ဒီလိုအခြေအနေမျိုးဆိုတာ
ကို နေရှူ့ နည်းနည်းမှ ဖွင့်ဟပြောဖူးခြင်း မရှိခဲ့တာ မွန်းအချစ်ကို ယုံမှ
တာဆိုပါလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးပြူးပြူးနှင့် လူကိုမလွဲတမ်း ပြန်လိုက်ကြည့်တတ်သည့် ပုတ်သင်ညိုကို မင်းထက်ရှား မုန်းသည်။

ငှက်မစ်ဖို့ ကိုင်ထားသည့် လက်ထဲက လေးဂွကို အနည်းငယ် ဆ၍ မုဆိုးဒူးထောက် ထိုင်လိုက်၏။

ခြံနှစ်ခြံစပ်ကြားက သရက်ပင်စည်အောက်နားမှာ ကပ်နေတဲ့ ပုတ်သင်ညိုက သူ့အန္တရာယ်ကို သူမသိတတ်စွာ မင်းထက်ရှား မုန်းတဲ့ မျက်လုံးကြီးနဲ့ ပြန်ကြည့်လို့. . .

"ကြည့်ထားစမ်း. . . နင့်မျက်လုံးကို ငါဖောက်ပြမယ်"

ဘောင်းဘီအိတ်နှစ်ဘက်ထဲမှ အပြည့်ရှိနေသော လောက်စာလုံးတစ်လုံးထုတ်ယူကာ လေးဂွမှာတင်၍ အားရှိပါးရှိ ဆွဲချိန်လိုက်သည်။

ပုတ်သင်ညိုက ပြူးကြည့်နေဆဲ. . .

မျက်လုံးတစ်ဘက်မှိတ်၍ မလွဲအောင် ချိန်ကာ သားရေကြိုးကို အားရှိပါးရှိ ဆွဲ၍ပြောင်းခနဲ ဖြုတ်ခ်လိုက်သည်။

"ဖြောင်း"





"အောင်မလေးဗျာ"

"ဟာ. . . လေးလေး"

"ဘဘကြီး လဲသွားပြီး"

မင်းထက်ရှား ရုတ်တရက် ဘာသံတွေမှန်း မသိဘဲ ပုတ်သင်ညို ပြုတ်ကျမကျ ရှာနေမိသည်။ သရက်ပင်ခြေမှာ ဘာကောင်မှမရှိ။ ကြည့်စမ်း ပုတ်သင်ညို ကောင်စုတ် ဒီလောက်တောင် လျှင်သာတဲ့လား။

"ဟိတ်"

"အင်"

အသံက မိုးခြိမ်းတဲ့အတိုင်း။

ဘယ်တုန်းက အနားရောက်နေမှန်းမသိ။

နေရှုဒ္ဓတို့လောက် တစ်ယောက် မင်းထက်ရှားတို့ထက်ငယ်သော ကောင်လေးကတစ်ယောက်။

နှစ်ယောက်စလုံး မျက်နှာတွေက လူသတ်ချင်နေတဲ့ ရုပ်တွေနဲ့။

"ဘာလဲ"

မင်းထက်ရှားကိုများ ဖြန်သွားမယ်ထင်လို့. . .

တစ်ဘက်ကလဲ ရှေ့ပင်နိအနီနဲ့ စပို့ရှပ်အဖြူတိုနံ့နံ့နှင့် ယှာ ဆံဦးထုပ် နောက်ပြန် ဆောင်းထားသည့် မင်းထက်ရှားကို စူးစူးရဲရဲ ကြည့်ကာ ကိုင်ထားသည့် လေးဂွဆီမှာ မျက်လုံးက ရပ်တန့်သွားသည်။

"မင်းက ဒီခြံကလား"

"ဟုတ်တယ်"

"လေးဂွပစ်တာ မင်းပေါ့"

"လေးဂွကိုင်ထားတာ မြင်ရဲ့သားနဲ့ ဘာလို့မေးနေလဲ. . ခင်ဗျား ဘာန်းနေလား"



www.burmeseclassic.com

www.burmeseclassic.com



ပက်ခနဲ ပြန်အော်သည်။

ဘစ်ဘက်က အသားညိုညို ပုကွကွလူ ဒေါသဖြစ်သွားသည်။

"အေး. . . ကန်းတယ်. . . ဒါပေမယ့် ငါမဟုတ်ဘူး. . . မင်းကန်းတာ မင်းကြောင့် သိန်းကျော်တန်တဲ့ ပန်းချီကားလည်း ပျက်သွားပြီး ပန်းချီဆွဲနေတဲ့ ငါ့လေးလေးလည်း ခြေတုကျွတ်ပြီး ဆောင့်လဲလိုက်တာ ခေါင်းကွဲသွားတယ်"

"ဟင်"

မင်းထက်ရှား ထိတ်ခနဲ ဖြစ်သွားကာ တစ်ဘက်ခြံထဲကို ချောင်းကြည့်လိုက်မိသည်။

ဒူးဆစ်နားထိ ခြေထောက်အောက်ပိုင်းမရှိသော လူကြီးတစ်ယောက်ကို အမျိုးသမီး နှစ်ယောက်ကတွဲလျှက် တစ်ယောက်ရဲ့လက်ထဲမှာ အသားရောင်ခြေထောက်ကြီးတစ်ခုကို ကိုင်လို့. . .

အဲဒီနားမှာ လဲပြိုနေတဲ့ ကုလားထိုင်တွေ ပန်းချီကားတွေ မြတ်စွာဘုရား. . .

မင်း**ထက်ရှား** ဟန်မဆောင်နိုင်လောက်အောင် ချောက်ခြားသွားသည်။ လောက်စာလုံးက ပုတ်သင်ညိုကိုမထိဘဲ အဲဒီ ခြေတုတိုးတန်းတန်း မတ်မတ် သွားထိရသလား။

"အေး. . . ငါကိုယ်တိုင်က ဟောဒီဖြို့နယ်ရဲ့စခန်းမှူးပဲ. . . မင်းကို မဆင်ခြင်ရမ်းကားမှုနဲ့ အချုပ်ထဲပို့မယ်"

"ခုတစ်ခါတည်း ခေါ်သွား. . . ဖေဖေ"

"ဟာ. . . မဟုတ်ဘူး. . . မလိုက်ဘူး"

မင်းထက်ရှား လက်ထဲက လေးခွကို လွှတ်ချကာ ချာခနဲလှည့်ပြေးလေသည်။





"ဟိတ်. . . မင်း. . . ဒီလိုပြေးလို့ရမလား"

မင်းထက်ရှား ပြေးရင်းနောက်ပြန် လှည့်ကြည့်လိုက်တော့ သူတို့တွေ ခြံဝဆီပြေးနေကြတာ တွေ့ရ၏။

သူတို့ အိမ်ရှေ့က ဝင်လာကြတော့မယ်. . .

ပြေး. . . ပြေး

တိုက်ကြီးကိုပတ်၍ မျက်နှာစာ ရှေ့ပြေးထွက်လိုက်လျှင်. . .

"ဟာ. . . ဟာ"

နေရှူ မောင်းလာသည့် ကားကြီးနှင့် အရှိန်မထိမ်းနိုင်ဘဲ ပြေးဆောင့်လေတော့သည်။

ဒါပေမယ့် အချိန်မီ ဘရိတ်အုပ်လိုက်တဲ့ ကားက ဘာအန္တရာယ်မှ မပေးခဲ့ပေ။

"ထက်ရှား ထက်ရှား ဘာဖြစ်လာတာလဲ"

နေရှူ သားရေအိတ် မယူနိုင်ဘဲ ကားပေါ်က ကတိုက်ကရိုက်ဆင်းကာ တိုက်ပေါ် ပြေးတက်သွားသည့် မင်းထက်ရှားနောက် လိုက်လာသည်။

"ထက်ရှား"

"ဟာ. . . လွှတ်စမ်းပါ"

အစောင်းရှုန်းကန်ကာ မျက်နှာမှာ သွေးဆုတ်နေသည့် ထက်ရှားကို မြင်ကာ. . .

နေရှူ စိတ်ထဲမှာ အပူတပြင်း ဖြစ်သွားသည်။

"ပြောစမ်း. . . ထက်ရှား. . . ဘာဖြစ်လာတာလဲ"

"ဟို. . . ဟိုမှာ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ သူတို့လာကြပြီ"

"ဘယ်သူတွေလဲ"

မင်းထက်ရှား မျက်လုံးလေးက တိုက်တံခါးဝဆီ ပြူးကျယ်ကာ ရောက်သွားသည်ကို နေရွှေ့ နောက်လှည့်ကြည့်လိုက်မိသည်။

လူတွေ လေးယောက်တောင်။

မင်းထက်ရှား လှစ်ခနဲ ဆောင့်ရုန်းကာ ထွက်ပြေးသွားလေသည်။ နေရွှေ့ ရှေ့ကိုပြန်ထွက်လာကာ...

"ကြွပါ ခင်ဗျာ... ဘာကိစ္စများရှိလို့ပါလဲ"

● ● ●

"ထက်ရှား"

နှစ်ခါသုံးခါခေါ်ပြီး တံခါးခေါက်တော့မှ ထက်ရှား မျက်နှာလေး ပေါ်လာသည်။

နေရွှေ့ မျက်မှောင်ကုတ်ကာ ထက်ရှားပုံစံကို ငိုက်ကြည့်နေ၏။

ပြီးတော့ ဘေးနှစ်ဖက်မှာ ဖောင်းကားနေသည့် အိတ်တွေထဲ မြန်မြန်ဆန်ဆန် နှိုက်ယူလိုက်တော့ သော်ကစားလုံးတွေ။

"ထက်ရှား... နင်ဟာလေ တကယ့် မျောက်မူးလဲမလေးပဲ... ကလေးမက လူကြီးမ၁၂ ယောက်ျားမဟုတ် မိန်းမမဟုတ်"

ကိုယ့်အပြစ်နဲ့ ကိုယ့်မို့...

ကြောက်နေဆဲ အရှိန်ကလည်း ရှိသေးတာမို့ မင်းထက်ရှား ငြိမ်ကုတ်ကုတ်လေး ဖြစ်နေသည်။

"ဟို... သူတို့ ဘာတဲ့လဲဟင်... ပြန်သွားကြပြီလား"

"အေး... ပြန်ပြီ... ဒါပေမယ့် တော်ကြာ နင့်ကို လာခေါ်ကြတော့မယ်"

ရည်မွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကိုကို ဖြေရှင်းနေပြီဆိုသော အသံနှင့် အနည်းငယ် ပြေပျော သွားသည့် ကြောက်လန့်ခြင်းက ဟုန်းခနဲ ပြန်ထလာသည်။

"သူတို့ ပျက်စီးသွားတယ်ဆိုတဲ့ ပန်းချီကားကို လျော်ပေးလိုက် မရဘူးလား ကိုကို"

"ရမလား...ဟိုလူကြီးလည်း ခေါင်းကွဲသွားလို့ အရေးပေါ် နေသတဲ့...နေစမ်းပါအုံး...ခြံထဲမှာ ရေကူးကန်ရှိတယ်...တင်း ကွင်းရှိတယ်...အေရိုဗစ်နဲ့ ကိုယ်ကာယကစားအုံးမလား...ထမင်း ခန်းမှာ အပြည့်အစုံ လုပ်ပေးထားတယ်...ဒီကြားထဲက လေးဂွကိုင် ရှိသေးတယ်နော်...ဘယ်မှာလဲ အဲဒီလေးဂွ...ဒီလေးဂွကို ဘယ်သူ တာလဲ"

မကြုံစဖူးသော မင်းထက်ရှား မျက်ရည်ကျတာကို ကြုံရပါ သည်။ ကလေးလို တအင့်အင့် ရှိုက်ငိုလိုက်လို့...

"ကိုကိုက အလကားပဲ...ဘာဘာ ခရီးသွားနေတယ်ဆိုပြီး ထ ရှားကို မျက်နှာလွှဲခဲပစ်လုပ်တာ...သူတို့ နောက်ကို ထက်ရှား မလိုက် ဘယ်တော့မှ မလိုက်ဘူး"

"ဟိတ်...မပြေးနဲ့လေ"

သူ့ကို အတင်းတိုးတိုက်ပြေးသည့် မင်းထက်ရှား ကိုယ်လုံး နေရှရှ မိမိရရ ဆွဲဖက်ထားလိုက်သည်။

"ပြဿနာဖြစ်တာ...ဒီလို ပြေးလိုက်တာနဲ့ လွတ်မယ်ထင် သလား"

"ဖယ်...ကိုကိုဖယ်နော်...ထက်ရှား ဖက်ကိုက်ပစ်မှာ လား..."





ကတုန်ကယင်ဖြစ်ကာ တအားကြောက်လန့်နေသည့် မင်းထက် ကိုယ်လုံးလေးကို ဖက်ထားရင်း အခန်းတံခါးကို ခြေထောက်နှင့် ကန် ပစ်လိုက်သည်။

"ဘာလဲ...ထက်ရှားကို ရဲလက်အပ်မလို့...ကိုကို ချောင် ဖမ်းတာလား...မရဘူး...လွှတ် ဘာမှအားကိုးမရတဲ့ ကိုကို... လကားကိုကို အခြောက်တိုက် ဘဝင်မြင့်နေတဲ့ လူကြီး...အဟင့် ဟင့်..."

တကယ့်ကို ဝမ်းပမ်းတနည်း ဖြစ်နေရှာပုံလေးကို မြင်တော့ ရှ ဆက်၍ ဟန်မဆောင်ရက်တော့ပါ။

"ကိုကို အလကား စတာပါကွာ"

"ဟင်"

ရှန်းကန်တာတွေ ချက်ချင်းရပ်ကာ မော့ကြည့်လာသည့် ထက် မျက်နှာလေးက မျက်ရည်တွေကို နေရှရှ သုတ်ပေးလိုက်သည်။

"ဒါကျတော့ သိပ်ကြောက်သွားတယ်ပေါ့...ဟုတ်လား"

ကိုကို ဖြေရှင်းပြီးခဲ့ပြီဆိုသော အသံနှင့် လှိုက်ခနဲ ဝမ်းသာသွား မင်းထက်ရှား နေရှရှကို တအားဖက်ထားလိုက်မိသည်။

"ကိုကို ခေကောင်းဘူးသိလား...ထက်ရှား ဘယ်လောက် ကြောက်သွားတယ် မှတ်လဲ..."

"ကောင်းတယ်...ဒါမှ နောက်ထပ် လေးဂွမကိုင်ရဲမှာ"

မင်းထက်ရှား မျက်နှာမှာ မာကျောကျော ပုံလေးပြန်ပေါ်လာ သည်။

"သူတို့ ဘာပြောသွားလဲဟင်"

"ကိုကို အလျော်ပေးတာကို ဘယ်ယူမလဲ...သူတို့က လူချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာတွေပဲ. . . နောက်ဆို လက်မသံရမ်းအောင် ဆုံးမပေးဖို့ပေါ့. . . ကြတုန်းကတော့ အရေးယူမလို့ ဒေါ်နဲ့မောနဲ့ပဲ. . . တောင်းပန်လိုက် ကျေအေးသွားပါတယ်"

"ကိုကို့ကို ကျေးဇူးတင်တယ်"

"ဖြစ်ရပြန်ပြီ"

နေရွှေက သူ့လေသံအတိုင်း လိုက်ပြောသည်။

"ခုနကတော့ အခြောက်တိုက် ဘဝင်မြင့်နေတဲ့ လူကြီး နှစ်ယောက်သား ရယ်ဖြစ်ကြသည်။

နေရွှေက အခန်းတံခါးကို ပြန်ဖွင့်ကာ အပြင်ထွက်ခဲ့သည် မင်းထက်ရှားက သူ့ခါးကို ဖက်လျှက်ပါလာ၏။

"ဟင်"

မှန်စာစ်ဝက် ပတ်လည်ကာထားသည့် ဧည့်ခန်းမှာ မတ် လေးရှိနေသူက မွန်း. . .

အခန်းထဲက ထွက်လာသည့် သူတို့နှစ်ယောက်ကို မျက်နှာ လေးတွေ တွန့်ကွေးနေတဲ့အထိ စူးစိုက်ကြည့်လို့. . .

"မွန်း"

ဒီထိ တစ်ခါမှ မလာခဲ့ဖူးသော မွန်းကိုမြင်တော့ နေရွှေ သွားခဲ့တာ အမှန်။

မွန်းက ခပ်ယဲ့ယဲ့ ပြုံး၍လှသော ဆံပင်ရှည်တွေကို နှံ့ သပ်ကိုင်ကာ. . .

"မွန်း ထိုင်မယ်နော်. . . မောင်"

"ဪ. . . ထိုင်လေ မွန်းရဲ့. . . ထက်ရှား ကိုကို့တို့ အအေးလုပ်ပေးပါဦး"





"ဟုတ်"

လောလောဆယ် ကိုကို့ကို ကျေးဇူးတင်နေဆဲမို့ မင်းထက်ရှား ဘာကောင်းလေးထားလိုက်သည်။

"ကိုကို အဝတ်စားလဲဦးလေ"

"ဪ. . . ဟုတ်သားပဲ. . . ခဏလေးနော် မွန်း"

အနောက်တိုင်း ဝတ်စုံအနက် နက်ခ်တိုင် မီးခိုးရောင် အစင်း နှင့် လွန်စွာ တင့်တယ်နေပါသော နေရွှေကို မွန်းက စူးစမ်းသလို ည့်သည်။ တစ်အိမ်လုံး ဘယ်သူ့မှလည်း မတွေ့။

အလုပ်ကအပြန် အဝတ်အစားပင် မလဲနိုင်ဘဲ ဒီအခန်းထဲမှာ ယောက်သား ဘယ်လိုပြဿနာမျိုးများ ဆွေးနွေးနေပါသနည်း။

ငိုထားဟန်နှင့် နီမြန်းမို့အစ်နေသော မျက်နှာနှင့် မသေသပ် ာ ဆံပင်တွေက မင်းထက်ရှားအပေါ် တွေးစရာဖြစ်လာသည်။

မောင်က တစ်ခုခုကို ချော့မော့နေတာလား. . .

မွန်း လောဘကြီးနေမိ၍ သံသယများ နေမိတာပဲ ဖြစ်ပါစေ ည. . .

● ● ●

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူဝိုနေတာကို ချော့ချင်ပေမယ့် ဘယ်လိုပြော၍ ချော့ရ မသိ။ နေရွှေ့ သက်ပြင်းချရင်း ခေါင်းကုတ်မိသည်။

"ဘာမှလည်း မပြောဘဲနဲ့ မောင်က ဘယ်လိုရှင်းပြရမှာလဲ... မွန်း ဘာတွေခံစား နေရတာလဲ... မောင့်ကို အရင်ပြောလေကွယ်"

မွန်းက ပါးပြင်ထက်က မျက်ရည်စကို လက်ဖဝါးနုနုနှင့် သုတ်၍ မျက်နှာလေးမော့လာသည်။

"မွန်းဘက်ကလည်း စဉ်းစားကြည့်ပါဦး မောင်... မွန်း... မွန်းက အခု မောင့်ထက် အများကြီးနိမ့်ကျသွားပါပြီ... ဒါကြောင့် မော ... က..."

"မဟုတ်တာ မွန်းရယ်... ဒီအဆင့်တန်း စကားတွေက ... လို့ထည့်ထည့် ပြောနေရတာငါ"

"ပြောရမယ် မောင်... မောင် ဒီလိုပြောင်းလဲသွားတာ... လူ မဟုတ်ဘူး... နှလုံးသားပါ ပြောင်းလဲသွားတာ"

"ဘယ်လို..."





"ဟုတ်တယ်... ဟိုအရင်က မွန်းကို မောင် လက်ထပ်ခွင့် တောင်းခဲ့ဖူးတယ်... ခုတော့ မောင်က မတူမတန်သလို မွန်းကခေါ်မှသာ တယ်... အဲဒါကွာ ခြားချက်ပဲ"

"ဒါက သူ့အလိုလို ဖြစ်ခဲ့တာပါ မွန်းရယ်... အရင်က မောင် ကျောင်းပြီးတော့ အလုပ်မရှိဘူး... အားတိုင်း မွန်းဆီပဲ ရောက်ဖြစ်ခဲ့ တယ်... ဒါပေမယ့် မွန်း မောင့်လာတိုင်း ထွက်မတွေ့ခဲ့ဘူးလေ"

"ဒါကို လက်စားချေတာလား မောင်"

"ဒီလို စကားလုံးရင့်ရင့်တွေ မသုံးပါနဲ့ မွန်း... မောင် ပြော ချင်တာက အခု မောင့်မှာ လုပ်ငန်းနှစ်ခု သုံးခုကို ဦးစီးနေရတယ်... အားတော့ဘူး... ဒီဘက်မှာ မောင် စွန့်စားပြီး မထားခဲ့နိုင်ဘူး... ဒါ ပဲ ဒီပြင် မောင့်စိတ်ထဲမှာ ဘာမှမရှိဘူး"

လက်ထပ်ဖို့ဘက်ကို ဆွဲယူပေမယ့် စကားက ဘေးကိုဝေ့သွား ခဲ့သည်။ မွန်း မအောင့်နိုင်တော့ပါ။

"မွန်း တစ်ခုပြောပါရစေ မောင်"

"ပြောလေ"

"မွန်း ပြောရင် မောင် စိတ်ဆိုးမှာလားဟင်"

"ချစ်သူချင်းပဲ မွန်းရယ်... စိတ်ဆိုးစရာ ဖြစ်မတဲ့လား"

"မောင့်ကို မွန်း စိတ်မချဘူး"

နေရွှေ့ ရယ်၍ မွန်းလက်မောင်းလေးကို ဆုပ်ကိုင်လိုက်သည်။

"ဘာကို စိတ်မချတာလဲ... ပြောပါဦး... မောင့်မှာ ခြင်ကိုက် သလောက် ကုသိုလ်မရှိဘူး"

"ဒါပေမယ့် အိမ်က ညီမကိုချော့ဖို့တော့ မောင့်မှာ အချိန်တွေ အများကြီး ရှိနေတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို မွန်း"

နေရှူ မျက်နှာတည်သွားသည်။

"စိတ်မဆိုးပါနဲ့ မောင်. . . ထက်ရှားနဲ့မောင်က ဘာမှမသွား တော်ပါဘူး. . . တစ်အိမ်တည်းမှာ အတူနေပြီး မောင်နဲ့သူ ကျော်ဖက်တွယ်နေကြတာကို မွန်း မမြင်ချင်ဘူး မွန်း အရမ်းခံစားရတယ်၊ သိလား"

မွန်းက ပြောရင်းမျက်ရည်တွေ လည်နေပြန်သည်၊

ပြီးတော့ သူ့ရင်ခွင်ထဲ တိုးဝင်ကာ ဖက်တွယ်လာ၏။

ထိတာကိုင်တာတောင် လွန်စွာ တွန့်တိုဘတ်တဲ့ မွန်းရယ်. . .

ခုတော့ ရင်ခွင်ထဲမှာ ပျောင်းသွဲ့အိုးသင်၍ သူ့ရဲ့တင်းမာမှုကို အရည်ပျော်စေသည်လား မသိ။

ဒေါသဖြစ်ချင်လိုက်သော စိတ်က အညွှန့်ကျိုးသွားရသည်။

မိန်းမသဘာဝပဲလေလို့ ဖြေတွေးကာ မွန်း ပခုံးလေးကို ခပ်ဖွဖွ ဖက်ထားလိုက်သည်။

"ထက်ရှားက ကလေးစိတ်ပါ မွန်းရယ်. . . ပြီးတော့ မောင်တို့ နှစ်ယောက်က အရမ်းကို သန့်ရှင်းပါတယ်"

"လူကိုယုံပေမယ့် အခြေအနေနဲ့ အချိန်အခါကို မယုံဘူး မောင် မွန်းကို စိတ်မဆိုးပါနဲ့ မောင်ရယ်. . . မွန်းလေ မောင့်ကို သတိရဖြစ်ရင် ညဘက် အိပ်လို့တောင် မရဘူး. . . မောင့်ကို ဆုံးရှုံးရမှာ ကြောက်နေမိတယ်"

ဒီစကားကြောင့် နေရှူ ရင်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားပါသည်။ မွန်းရယ်. . . နေရှူရဲ့ ကျောင်းသားဘဝတုန်းက ...း ဒီစကားတွေ ပြောပြီးခဲ့လို ချွဲတတ်ခဲ့ရင် မောင် သိပ်ကိုကြည်နူးမိမှာပဲ. . .

ခုတော့ ရင်ထဲမှာ အဖုသေးသေးလေး ရှိနေခဲ့ပြီ။





ထိုအရာသည် သူ့ဘဝပြောင်းလဲလေမှ လုံးဝပြောင်းလဲသွားခဲ့သော မွန်းရဲ့အချစ်. . .

လိုက်လျောမှုတွေ နွေးထွေးမှုတွေ. . .

ဆုံးရှုံးမခံနိုင်ပါဘူးဆိုလာတာကို နေရှူ ဝမ်းမသာရဲ. . .

မွန်းနဲ့ပတ်သက်၍ လှုပ်ခတ်ခဲ့ဖူးသော သူ့နှလုံးသားသည် ယခု ထူးခြားစွာ သက်ပြင်းချတတ်နေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



"ဘဘရေ. . .ကိုကိုရော"

"သမီးကိုကို. . . ဒီနေ့ ဒင်နာရှိတယ်တဲ့ ဖုန်းဆက်ထားတယ်"

"ဟုတ်လား. . ."

မင်းထက်ရှား ခဏစဉ်းစားလိုက်ပြီး. . .

"ဘဘ. . . ထက်ရှား သူငယ်ချင်းမွေးနေ့ ဖိတ်ထားလို့ သွားမယ်နော်"

"ဘယ်မှာလဲ. . . သမီးရဲ့. . . သွားလေ အဖော်မပါလို့လား"

"အဖော်တော့ မပါဘူး. . . ဟိုဘက်လမ်းထဲတင်ပါ. . . . ထက်ရှားဟာသာ သွားမယ်"

"ဒရိုင်ဘာကို ဦးနှိုင်းခေါ်! . . နီးပေမယ့် တစ်ယောက်တည်း မသွားနဲ့"

"ဟုတ်ကဲ့"

မင်းထက်ရှား ရေချိုးကာ မှန်တင်ခုံရှေ့မှာ ထိုင်၍ စိတ်လိုလက်



ရ ပြင်ဆင်နေမိသည်။

လိမ္မော်အဖြူ အနက်ရောသော ရောင်စုံညှပ်လုံးသေးသေးလေးတွေကို ဆံပင်ရဲ့ဘေးဘက်တွေမှာ ပန်းလေးတွေလို ကျဲပန်ထားလိုက်သည်။

လိမ္မော်ရောင် နှုတ်ခမ်းနီ လိမ္မော်နုနုပြေးနေသော ပါးပြင်မို့မို့နှင့် အရောင်တင်ထားသည့် ရှည်လျားကော့နက်သော မျက်တောင်တွေက အားလုံးအဆင်ပြေကျနကာ မှန်ထဲမှာ ကိုယ့်ကိုယ်ကို ကြည့်၍ ကျေနပ်သွား၏။ အနက်နဲ့ လိမ္မော်ကြိုးလေးတွေ ပူး၍ ပန်းပုံဖော်ထားသည့် ကြိုး သိုင်းဖိနပ်ကို စီးလိုက်ပြီး အပြင်ထွက်လာတော့ ကားက အဆင်သင့်စောင့် နေ၏။

"ဘဘ. . . သမီးသွားမယ်နော်"

"အေး. . . အေး"

ဦးဗလနေ မျက်စိတဆုံး လိုက်ကြည့်နေပြီးမှ လက်ထဲက စာအုပ်ကို ဆက်ဖတ်သည်။

မွေးနေ့ပွဲကို ဒါပထမဆုံး တက်ဖူးခြင်းမို့ မင်းထက်ရှား ရင်တွေခုန်နေသည်။ ဒီလို ရုပ်ကွက်ရှောက်လာမှ ပထမဆုံး ခင်မင်ခဲ့တဲ့ သမုခရဲ့မွေးနေ့။

ရုပ်ရှင်ထဲတွေမှာ ကြည့်ဖူးပေမယ့် ဒီလိုမျိုးတွေ အပြင်မှာ ကိုယ်တိုင်တက်ဖူးလိမ့်မယ်လို့ တစ်ခါမှ တွေးမကြည့်မိဖူး။

ရောင်စုံမီးတွေ ဖြာလျက် ခြံကျယ်ကြီးနှင့်အပြည့် စားပွဲဝိုင်းတိုင်းမှာ လူတွေစည်ကားနေပုံက ထည်ဝါနေ၏။ လက်ထဲက ရင်ထိုးလှလှလေး ထည့်ထားသော လက်ဆောင်ဘူးလေးကို ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်း ကိုယ့်ကို ဘယ်သူလာကြိုပါ့မလဲလို့ ပူပင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘွာစ်ယောက်ထဲ လာမိတာ မှားပြီဟု တွေးနေမိဆဲ...

"ဟယ်...ထက်ရှား လာ...လာ"

သမုခ ပြေးထွက်လာသည်။

တော်ပါသေးရဲ့ဟု ရင်ထဲမှာ အလုံးကြီးကျသွားသည်။

မနက်စောစော ထမြေးဘတ်ဘဲ့ အကျင့်ကြောင့် သမုခနဲ့ ထက်ရှား ဆုံဆည်း ခင်မင်ခဲ့ကြတာပေမယ့် ကျောင်းတန်းက သူငယ်ချင်းတွေ အတိုင်း...

"မာမီ...ဝါ...သမီးပြောပြနေတဲ့ မင်းထက်ရှားပေါ့"

"ဟုဘ်လား...ချစ်စရာကောင်းလိုက်တာကွယ်..နေရဗ္ဗဟိုတယ်ပိုင်ရှင်ရဲ့ ညီမပေါ့"

"ဟုတ်ပါတယ်...အန်တီ"

သားအမိနှစ်ယောက်သုံး ပြုံးရီနေကြသည်။

"ဦးနေရဗ္ဗကို ကိုလေး ဖိတ်ထားတယ် ထင်တယ် မာမီ...ကိုလေးနဲ့ ရင်းနှီးတယ်"

သားအမိချင်းပြော၍ မင်းထက်ရှားကို လူရှင်းတဲ့ စားပွဲတစ်လုံးမှာ နေရာချပေးကြသည်။ မင်းထက်ရှားက လက်ဆောင်ဘူးလေးကို သမုခ လက်ထဲ ထည့်ပေး၏။

"စားနော် သမီးလေး...တော်ကြာ အဖေါ်တွေ လာကြမှာပါ တစ်ယောက်တည်း မနေတတ်ရင် ဘိုဝိုင်းထိုင်မလား"

ကောင်မလေးတွေ သုံးယောက်ထိုင်နေသည့် စားပွဲကိုပြ၍ မေးတော့ မင်းထက်ရှား ခေါင်းခါလိုက်သည်။

"ရတယ် အန်တီ..ထက်ရှား ဒီမှာပဲ ထိုင်မယ်"

"ထက်ရှားရေ...ခဏနော်"





သမုခ ဧည့်သည်တွေကို သွားကြိုပြန်သည်။

"နေရဗ္ဗ..ဟိုမှာ မင်း ညီမမို့လား"

"ဟင်း...ဘယ်မှာလဲ"

"ဟိုမှာလေ...တစ်ကိုယ်လုံးမှာ ဒီလောက်ထင်းနေတာကိုများ"

နေရဗ္ဗ ကိုယ့်မျက်စိကိုယ်တောင် မယုံချင်။

တစ်ခါမှလည်း ပြင်ဆင်ခဲ့ဖူးတဲ့ ထက်ရှား မဟုတ်။

"မင်း ညီမ...ဒီလောက်လှတာတောင် မင်း သတိမထားမိဘူးလား"

"သူရ...ဘာလဲကွ...မင်းစကားက"

"နှမျှောလို့ပါကွာ"

သူရစကားကို မွေးနေ့ရှင်ရဲ့အစ်ကို တိုးရီအောင်က အားနာလျက်...

"ဟိတ်ကောင်...သူတို့က ငယ်ငယ်ကတည်းက မောင်နှမလို အတူနေခဲ့ကြတာကွ"

"မောင်နှမမှ မဟုတ်တာကွာ...ကြည့်စမ်း...အိစက်နေတာပဲ...ဘယ်လောက် ရင်ခုန်ဖို့ ကောင်းလဲ"

သူရက နေရဗ္ဗတို့ထက်အရင် စီးပွားရေးလောကမှာ အောင်မြင်နေတဲ့ လူငယ်တစ်ယောက်။

ရုပ်ချော၍ ချမ်းသာသလောက် 'မ' ဆို သိပ်အလွတ်ပေးတတ်သူမဟုတ်။ အပြောအဆို အနည်းငယ် ရိုင်းတတ်မှန်းသိ၍လည်း မိတ်မပျက်ရအောင် သည်းခံဆက်ဆံနေကြရသည်။

နေရဗ္ဗ မျက်နှာမကောင်းတော့ပါ။

"နေရဗ္ဗ မင်းဘက်က ရိုးသားတယ်ဆိုရင် ဟိုမှာတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း အဖော်မဲ့နေတာ ကိုယ်သွားလိုက်ရမလား"

စကားသာပြောနေသော်လည်း သူ့ရ မျက်လုံးတို့က အရောင်တလက်လက် ထွက်လျက်. . . မင်းထက်ရှားဆီမှာ စူးနစ်နေသည်။

"ဘာပဲဖြစ်ဖြစ်. . . ဒါ ကျွန်တော့်ညီမပါ ကိုသူရ. . . ကျွန်တော့်ကို အစ်ကိုတစ်ယောက်လိုတော့ လေးစားပေးပါ"

ဘီယာအရှိန်ကြောင့် အနည်းငယ်ရီဝေနေပြီဖြစ်သော သူရက ဆတ်ခနဲ လှည့်ကြည့်သည်။

"လုပ်မနေစမ်းပါနဲ့ကွာ. . . တကယ်တမ်းကျတော့ မင်း အထိမခံနိုင်ဘူးမို့လား. . . ဝန်ခံစမ်းပါ"

နေရဲ့က သူ့ကို စိုက်ကြည့်လျက် မေးကြောကြီးတွေ ထောင်တက်လာသည်။

"တစ်ခုကိုပြောကွာ. . . မင်းသူ့ကို ကြံထားတယ်ဆိုရင် ငါလျှော့မယ်. . . မဟုတ်ရင် ၁၃ အခု ငါသွားရမှ ဖြစ်မယ်"

ပြောပြောဆိုဆို သူက ရပ်လိုက်ရာ နေရဲ့ သူရလက်ကောက်ဝတ်ကို ဖျတ်ခနဲ ဖမ်းဆုပ်လိုက်သည်။

"ကိုသူရ. . . ခင်ဗျားလူကြီး လူကောင်းတစ်ယောက် ပီသပါ. . . ဒါ လမ်းဘေးက အရက်ဆိုင် မဟုတ်ဘူးနော်"

နေရင်းထိုင်ရင်း အခြေအနေက တင်းမာလာသည်မို့ တိုးရီမောင်ကြားဝင်၍ အတင်းတောင်းပန်ရတော့သည်။

မင်းထက်ရှားကတော့ ဘာမှမသိ။

ဒံပေါက်ကိုရော ရေခဲမုန့်ပါ သူ့အကြိုက်မို့ ဘယ်သူ့ကိုမှ မကြည့်ဘဲ ငုံ့စားနေသည်။

"ထက်ရှားရေ. . . ဒီမှာ မင်း အဖော်ရပြီ"





မင်းထက်ရှား မော့ကြည့်လိုက်တော့ မွန်းစက်ရတနာ။

တိုက်တိုက်ဆိုင်ဆိုင် လာဆုံနေသောကြောင့် နည်းနည်းတော့ အံ့ဩသွားမိသည်။

မွန်းက သူငယ်ချင်း သုံးယောက်နှင့် မင်းထက်ရှား ရှေ့မှာဝင်ထိုင်လိုက်သည်။

"မွန်းက ထက်ရှားနဲ့ ခင်တယ်ဆိုလို့လေ. . . ကဲ. . . အဖော်ရပြီဆိုတော့ အေးအေးဆေးဆေး စားကြနော်. . . ထက်ရှား ကိုယ့်ကိုနှုတ်မဆက်ဘဲ မပြန်နှင့်နော်ဦး"

"ဟုတ်ကဲ့ပါ"

သမုခက ဖော်ရွေလှသည်မို့ မင်းထက်ရှား မျက်နှာပူစရာ မရှိတော့ဘဲ ရည်မွန်ပွဲနှင့် ရင်းနှီးမှုရသွားခဲ့သည်။

"ထက်ရှား. . . မင်းတစ်ယောက်တည်းလား"

မွန်းက နှုတ်ဆက်သည်။ ဒါပေမယ့် လေသံက ရင်းနှီးဖော်ရွေမျိုး မဟုတ်ဘဲ စစ်ဆေးနေသလို. . .

"ဟုတ်တယ်"

မွန်းရဲ့သူငယ်ချင်းတွေက မွန်းနဲ့ ထက်ရှားကို အကဲခတ်နေကြ၏။ စားစရာတွေ ချက်ချင်း ရောက်လာသည်။

သူတို့ကို မျက်လုံးတစ်ချက်ပင့်ကြည့်၍ မင်းထက်ရှား ရေခဲရေတစ်ခွက်ငုံ့သောက်လိုက်သည်။

"အဟွတ်. . . အဟွတ်"

အဲဒီလို မင်းထက်ရှားတို့က အကျင့်မကောင်းတာ။

အစားစားပြီဆို သီးမည် အရိုးစူးမည် ရှေတ်သီးစပ်မည်။

"အို. . . အရိုးစူးတာလား"



www.burmeseclassic.com

www.burmeseclassic.com



မွန်း လေသံက အရယ်တစ်ဖက်နှင့်. . .

"အရိုးစူးပါ့မလားဟယ်. . . နင်ကလည်း ရေသောက်တဲ့ ဥ

မွန်း ပြောချင်တာကို ဘေးလူက မသိ။

"သိဘူးလေ. . . သူက ထမင်းစားလည်း အရိုးစူးတတ်တ

ချမ်းရဲ့. . . ဒန်ပေါက်မှာလည်း ကြက်ရိုးပါတယ်လေ. . . ခုနေ အရိုး

လိုက်ရင် ထွင့်ကျွေးမယ့်လူက အနားမှာမရှိဘူး. . . ဒို့တွေက ဘာမှယ

တတ်ကြတာ မဟုတ်လို့ အရိုးစူးမိရင် နေရာမှားပြီလို့ ပြောမလို့ပါ"

"တောက်"

မင်းထက်ရှား သက်ထဲက ဖန်ခွက်ကို ဒေါက်ခနဲ ဆောင့်ချလို

သည်။

"နင် တော်တော် အောက်တန်းကျတဲ့ မိန်းမပါလား မွန်း"

ပြောစရာရှိလျှင် မင်းထက်ရှားက ဆင်ခြင်တတ်တာ မဟုတ

"နင် ဒီစကား ဘယ်တုန်းကတည်းက ပြောချင်နေတာလ

"ပြောချင်တာ မဟုတ်ဘူး. . . ပြောစရာမို့ ပြောတာပါ. . . မ

တို့မောင်နှမက အကြွင်နှာကြီးကြတယ်လေ"

"နေရွှေဆိုတဲ့လူနဲ့လား"

တစ်ယောက်က ဝင်မေးသည်။

"ဟုတ်တယ်. . . နှမကို ရည်းစားထက်ပိုချစ်တဲ့ အစ်ကိုလေ.

အရမ်းအံ့ဩတယ်"

"အေး. . . ငါကလည်း ယောက်ျားတစ်ယောက်ကို သံသ

ဟစ်ပြုတစ်ခုကြီးရှိနေရက်နဲ့ အဆောင်အယောင်ကို မက်ပြီးရအောင်

ဖို့ လုပ်နေတာကို အံ့ဩလို့ မဆုံးဘူး. . . အိမ်ကို မျက်နှာပြောင်တိ

လာနေပေမယ့် နင့်မျက်နှာမှာ သံသယတွေ အပြည့်ရှိနေတာ ငါ သိတ





"ဟုတ်လား"

မွန်းက ခေါင်းမော့၍ ခပ်အုပ်အုပ် ရယ်သည်။

"အဲဒီလောက်လည်နေတဲ့ ညီမကိုများ အစ်ကိုလုပ်သူက

ကလေးစိတ်ပါတဲ့. . . ရမ်းချင်လိုက်တာ. . . ဟင်းဟင်း. . . မင်းကရော

ရည်းစားနဲ့ပြိုင်ပြီး အခွင့်အရေးယူပြနေတာ မရှက်ဘူးလား. . . အဲဒါ မျက်

နှာပြောင်တာ မဟုတ်ဘူးလား"

မင်းထက်ရှား ဝုန်းခနဲ ထရပ်လိုက်သည်။

"ပြောင်တယ်. . . ပြောင်မှန်း ပိုသိအောင်ကိုပြရအုံးမှာ"

မင်းထက်ရှား လက်တစ်ဖက် မြှောက်တက်သွားသည်။

သို့သော် အောက်သို့ကျလာခြင်းမရှိဘဲ မြှောက်လျက်သား လေ

ထဲမှာ ရပ်တန့်သွားသည်။

"ထက်ရှား. . . နင်. . . သူများညစာစားပွဲမှာ ဘာဖြစ်လို့ အရှက်

မရှိ ချန်လာဖြစ်ရတာလဲ"

နေရွှေကို မြင်တော့ မွန်းလည်း မျက်နှာပျက်သွား၏။

မင်းထက်ရှားက နေရွှေဆွဲလိုက်သည့်လက်ကို အတင်းရုန်း၍

တောက်ခေါက်သည်။

"ကိုကို့ကောင်မ. . . အနားမှာကပ်ပြီး အမူးသမားရစ်သလို

လာအောက်တန်းကျနေတာကျ ကိုကို ကြားလား"

ဘေးစားပွဲက လူတွေ ဝိုင်းကြည့်ကုန်ကြ၏။

သမူခနဲ့ မိသားစု ပြေးလာကြသည်။

ရိုက်မယ်နှက်မယ် တကဲကဲ ဖြစ်နေသည့် မင်းထက်ရှားကို ဆွဲ

ကာ နေရွှေ အားလုံးကို နှုတ်ဆက်၍ ပြန်လာခဲ့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

"နင်ဟာလေ. . . ဘယ်နေရာရောက်ရောက် ပြဿနာနဲ့ စီခဲဆို နင်ပဲ ထစ်ခနဲဆို လက်ပါချင် တစ်နေ့နေ့ နင် ချောင်ပိတ်သေနေမယ် သိလား"

ဖေဖေ နီးမှာစိုး၍ အသံကြိတ်ကြိတ်နှင့် ဆူရသည်။

မင်းထက်ရှား ဆိုဖာပေါ် ခေါင့်ခနဲ ထိုင်လျက်. . .

"သူပြောတာတွေကျတော့ ကိုကိုမကြားဘဲနဲ့ လူကြားထဲမှာ ထက်ရှားကို ကိုကိုလာဆူတာရော ဘာကောင်းလဲ. . . ကိုကို့ကောင်မ ဘက်က ကိုကိုပါတာ သိလား. . . လုံးဝမတရားဘူး"

"ဟ. . . နင်က ငါ့ညီမပဲ. . . နင့်ကိုပဲ ငါဆူရမှာပေါ့. . . သူ ပြောတယ်သာပြောတယ်. . . သူ့အသံကို ဘာမှမကြားဘူး. . . နင်ပဲ ပြော နေတာ နင့်အသံပဲ ကြားမကောင်းတာ"

"ကိုကို့ကိုက ထက်ရှားအပြစ်ပဲ မြင်နေတာကိုး"

နေရှူ ရင်တွေပူကာ ရေခဲသေတ္တာဖွင့်၍ ကွဲရိုင်းတစ်ဗူးဖောက်





သောက်လိုက်သည်။

"နင်. . . စဉ်းစား ဆင်ခြင်သင့်ပြီ ထက်ရှား. . . နင် မိန်းကလေး အိမ်ထောင်ပြုရမယ့်အရွယ်လည်း ရောက်နေပြီ. . . ကိုယ့်ကိုယ်ကို တန်ဖိုး ရှိအောင်နေရမယ်"

"ဘာ"

မင်းထက်ရှား ဆတ်ခနဲ ခေါင်းမော့သွားသည်။

"အခု ထက်ရှား တန်ဖိုးမဲ့နေတယ်လို့ ကိုကိုက ပြောလိုက်တာ လား. . ."

နေရှူ ကွဲရိုင်းကို မော့သောက်နေသည်။

"ကျွန်တော်ကြီးတစ်ခွဲသားပဲနဲ့. . . ချမ်းသာတဲ့လူကို အပိုင်ကြံဖို့ကြိုး ဘားနေတဲ့ မွန်းလိုမိန်းမမျိုးကတော့ တန်ဖိုးရှိတယ်ပေါ့"

"ရှိတယ်. . . မိန်းမဆိုတာ ငွေမက်ရမှာပဲ. . . အဆောင် အယောင်ကိုမက်ရမှာပဲ. . . ကိုယ့်ဘဝအတွက် တင့်တင့်တယ်တယ် ထား နိုင်မယ့် အားကိုးနိုင်မယ့် လူကိုရွေးရမှာပဲ. . . ဒါမှ မိန်းမကောင်း နင့် ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ကြည့်စမ်း. . . ဘယ်နေရာများ မိန်းမပီသသလဲ ဟိုနေ့ရာ သူ့အနေ ဒီနေ့ရာ ဒီနေ. . . ခေါင်းထဲမှာ ဘာကိုမှ အလေးအနက် မထားဘူး. . . ဒီနေ့ ညနေ စိတ်တိုင်း ရိုက်မယ်. . . ဟိုနားမှာ စိတ် ပြေရင် ရယ်မယ်. . . ဒါ ကောင်းတဲ့အကျင့်တွေလား"

ပြောနေတဲ့ နေရှူ မျက်နှာကို မျက်တောင်တွေ မျက်ခွံကျယ် မှာ ပင့်တပ်နေတဲ့အထိ မျက်လုံးပြူးနှင့် ကြည့်ရင်း မင်းထက်ရှား အသက် ရှူ မြန်းလာသည်။

"ဒီလိုမိန်းကလေးမျိုးကို ဘယ်လိုယောကျ်ားကောင်းက စိတ်ဝင်စား မှာလဲ. . . ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင်နေမှ တန်ဖိုးရှိတဲ့ ယောကျ်ားနဲ့



www.burmeseclassic.com

www.burmeseclassic.com

တွေ့မှာ နင့်လိုပုံမျိုးနဲ့ ဒီအတိုင်း ဆက်သွားရင် ကလေကချေကောင်မ
နဲ့ပဲ တွေ့မယ်"

"ကိုကို"

အံကြိတ်ခေါ်သံကြောင့် နေရှူ လှည့်ကြည့်တော့ မျက်ဝန်း
ပြည့်သိပ်နေသည့် မျက်ရည်များနှင့် သူ့ကို နာကျည်းမုန်းတီးစွာကြည့်နေ
သော မင်းထက်ရှားကိုမြင်ကာ အနည်းငယ် အမ်းသွားမိသည်။

သူပြောတဲ့စကားကို ထက်ရှား ဒီလောက်ထိ ခံစားသွားသလား

"စိတ်ချကိုကို... တန်ဖိုးမဲ့နေပြီ ဆိုတော့လည်း ကိုကိုပြောသည်
စုတ်ပြတ်နေတဲ့ ကလေကချေကောင်ကို ထက်ရှား ရှာယူပြမယ်"

"အဲဒီလို ရှိ့ရင် နင်မှားသွားမှာပေါ့... ကိုကိုက နင် နေတတ်
အောင်ပြောတာ"

"မနေတတ်ဘူး... ဒီလိုပဲနေမယ်... ရတဲ့လူကို ယူမယ်...
ထက်ရှား ယောက်ျားတစ်ယောက်ကို သချာ်တွက်ယူဖို့ စိတ်မဝင်စားဘူး
ဆောရီးပဲကိုကို... ကိုကို့စကားကိုသာ ကိုကို မမေ့ပါနဲ့"

"ထက်ရှား"

မင်းထက်ရှား လုံးဝ လှည့်မကြည့်တော့ပါ။

နေရှူ ကိုယ်စကားတွေကို ပြန်တွေးကြည့်မိ၏။

ခါတိုင်းလည်း သူ့အနေအထိုင် မတတ်တာကို ဆူနေကျပဲ...
ဒါ နာစရာလား... မဟုတ်သေးပါဘူး... ခုပြောလိုက်တာ နေရှူ စကား
နည်းနည်းလွန်သွားတာကိုတော့ ကိုယ့်ကိုယ်ကို သိနေသည်။

ဒါလည်း ထက်ရှား စိတ်ထဲမှာမှတ်ပြီး ပြုပြင်လာအောင် ပြော
လိုက်မိတာ... ခုလို နာကျည်းသွားတာမျိုးကိုတော့ လက်မခံနိုင်ပါ။

ဇွတ်တရွက် လုပ်တတ်သည့် ထက်ရှားက ပြောတဲ့အတိုင်း ...





...ပ်သွားလျှင်ခုက္ခ...

နေရှူ မင်းထက်ရှား အခန်းရှေ့လျှောက်သာကာ တံခါးခေါက်
...ိုက်သည်။

"ထက်ရှား... ထက်ရှား... တံခါးဖွင့်ဦး... ကိုကို ပြောစရာ
...သေးတယ်"

ထက်ရှားလုံးဝ တုံ့ပြန်ခြင်းမရှိ။

"ထက်ရှား ကိုကိုပြောတာကို အထင်မလွဲပါနဲ့ကွာ... ကိုကိုက
...င် တည်တည်တံ့တံ့လေး နေတာကို မြင်ချင်လို့ပြောတာပါ... တံခါး
...ကလေး ဖွင့်စမ်းပါ"

"ကိုကိုသွားနော်... ထက်ရှား... ဘာဘာ နိုးအောင် အော်ပစ်
...ိုက်မိလိမ့်မယ်"

နေရှူ ခေါင်းခါယမ်းလျက် ကျောခိုင်းလိုက်ရသည်။

တော်တော် ခက်တဲ့ကောင်မလေး...

www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေ"

"ပြော"

ဖေဖေရှေ့မှာ ဝင်ထိုင်ပြီး သူပြောမယ့် စကားကို စရခက်နေသည်။ တကယ်ဆို ပြောဖို့ သူ မရည်ရွယ်သေးပါ။

မွန်းကို လက်ထပ်ဖို့ သူရင်ထဲမှာ ပြင်းထန်သော ဆန္ဒမရှိသေးတာ အမှန်ပဲဖြစ်သည်။ ဒါပေမယ့် ပတ်ဝန်းကျင်ရဲ့ဒဏ်ကို သူမခံစားချင်တော့ ထက်ရှားနဲ့သူကို သူငယ်ချင်းတွေက စလိုက် ရည်းစားက သံသယဖြစ်လိုက်. . .

"ပြောလေ. . . သား"

"ဟို"

"ဘာလဲ လုပ်ငန်းထဲမှာ အဆင်မပြေတာရှိလို့လား. . . ငွေလိုလို့လား"

"မဟုတ်ပါဘူး ဖေဖေ. . . အဲဒါတွေ အားလုံးက အဆင်ပြေပါ





တယ်"

ဖွင့်ပြောလိုက်လို့ ဖေဖေက လက်ထပ်ခွင့်ပေးသည်ထားဦး. . . သူ သိပ်ပျော်ရွှင်သွားမှာမျိုး မဖြစ်မှာတော့ အသေအချာပါ။

ဒါဖြင့် ပတ်ဝန်းကျင်တစ်ခုအတွက်နဲ့ တစ်ဘဝလုံးအတွက် အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုကို ပစ်လိုက်ဖို့သင့်ရဲ့လား။

မွန်းကို သူချစ်ပေမဲ့ အဆောင်အယောင်မရှိလို့ လက်မထပ်နိုင်ပါ. . . ဟု ငြင်းခဲ့ဖူးသော ခံစားချက်က ခုချိန်ထိ ထိရှနေဆဲ။

နောက်ဆုံး မပြတ်သားသည့်စိတ်ကို ဘေးအသာချထားလိုက်ပြီ ဆုံးဖြတ်လိုက်မိသည်။

"မြဝတီက ဟိုတယ်လ်ကိစ္စ. . . ကျွန်တော်ပဲ သွားလိုက်ရမလားလို့ပါ"

မွန်းနဲ့ လက်ထပ်ဖို့ကိစ္စကို မပြောဖြစ်တော့။

"နေဦး. . . သားသွားဖို့ မလိုသေးဘူး. . . ဟိုမှာ အားလုံးပြီးမှ သွား. . . ဆောက်နေတဲ့ ကိစ္စက ဖေဖေနဲ့ ကိုတာန်သိန်းတို့ အဖွဲ့နဲ့တင် ရပါတယ်"

ဦးဗလနေ အိမ်မှာ တစ်ရက်နှစ်ရက်လောက်သာ နေရတတ်ပြီး နိုင်ငံခြားထွက်လိုက် မြဝတီသွားလိုက်။

သားရဲ့ကြိုးစားမှုကို အားရတာ လုပ်ငန်းတွေ တိုးချဲ့ဖို့ကို အားကြိုးမာန်တက် စီစဉ်နေရှာသည်။

"သား ဒီနေ့ မနက်ပိုင်းနားတာလား"

"ဟုတ်တယ် ဖေဖေ. . . အရောင်းအဝယ်ကိစ္စတစ်ခု ချိန်းထားလို့"

"မနက်စောစောက ဖုန်းလာတာ အဲဒါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဦးဝလနေ ကျေနပ်သွားသည်။

ခုဆို အချိန်တိုတိုအတွင်း နေရဋ္ဌဆိုတဲ့ နာမည်က လူတိုင်းပါးစပ်ဖျားမှာ ရှိလာခဲ့ပြီ။

ဟိုတယ်လ်မှာ နိုဝ်နင်းစွာ ဦးစီးနိုင်သလို ကန်ထရိုက်တာ လုပ်ငန်းမှာလည်း နေရဋ္ဌ စိန်-ရွှေရတနာ ကားရောင်းအဝယ်မှာရော နေရဋ္ဌ

လုပ်ကုတန်းတို့ရဲ့ ဂရုမစိုက်ဘဲ နေမရတော့သော စွမ်းရည်တို့နှင့် နေရဋ္ဌ နာမည်က မွှေးနေသည်။

"ကြိုးစား သား ကတိနဲ့ သိက္ခာကိုတော့ အသက်လို တန်ဖိုးထားကွယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

သိက္ခာကို အသက်လို တန်ဖိုးထားရမည်ဆိုလျှင် ကိုယ်မွေးတဲ့ကြက်ကိုယ်ရိုက်သတ်စားတယ် ပြောခံရမယ့်အဖြစ်ကို သူ ရင်ဆိုင်သင့်သလား။ နေရဋ္ဌ ရင်မောသွားသည်။

● ● ●

၄

"ဘယ်လိုဖြစ်ကြတာလဲ ပြောပါဦး... ကိုနေရယ်"

ညှို့ခန်းထဲမှာ သားအဖနှစ်ယောက်လုံး ရှိနေကြသည်။ ဒေါ်စိုးစိုးထက်ကို မြင်တော့ နေရဋ္ဌ ချက်ချင်းထလာကာ ကြိုသည်။

"မနက်ကတည်းက ထွက်သွားတာပဲအမေ... ခုထိ ပြန်မလာဘူး... သူ့သူငယ်ချင်းတွေ အိမ်မှာလဲ ဘယ်အိမ်မှာမှ မရှိဘူးတဲ့"

"ဘုရား... ဘုရား"

ဒေါ်စိုးစိုးထက် မျက်စိမျက်နှာပျက်ကာ ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။ အချိန်က ညရှစ်နာရီခွဲနေပြီ။

"သမီးလေးမှာ ရည်းစားသနာ ရှိတယ်လို့ ကြားမိသလား... သားရယ်"

"မကြားပါဘူး အမေရာ... ထက်ရားကို မသေကာစရာ ဘာမှကို မတွေ့ဖူးဘူး... ဒါပေမယ့်"

"ဟင်... ဒါပေမယ့်... ဒါပေမယ့် ဘာဖြစ်လဲသား"

"ခုတလော ကျောင်းပိတ်ရက်တွေမှာတော့ ထက်ရွှေး အပြင်



www.burmeseclassic.com

www.burmeseclassic.com



ခဏ ခဏထွက်တတ်တယ်. . . အပေါင်းအသင်းလည်း စုံလာတယ်ထင်တယ်. . . ခါတိုင်းလို အတူသွားအတူလာ မဟုတ်ကြတော့ ကျွန်တော်လည်း သိပ်ဂရုမစိုက်ခဲ့မိဘူး"

ဒေါ်စိုးစိုးထက် မျက်ရည်ဝဲနေရှာပါပြီ။

ဦးဗလနေ တိတ်ဆိတ်စွာနေသည်။

လူကြီးနှစ်ယောက် သဘောတူကြံစည်၍ စိတ်ကူးထားခဲ့ကြတာကတခြား ဖြစ်လာတာက တခြား။

သမီးလေးအတွက် စိတ်အေးရပြီဟု ကိုယ့်မှာ စိတ်ချမ်းသာနေခဲ့သမျှ အားလုံး ရေစုန်မျောကုန်ပြီ။

သမီး ဒီလောက်ထိ မိုက်ရသလားကွယ်။

သောကပွားနေရှာသော ဒေါ်စိုးစိုးထက် မျက်နှာကို ဂရုဏာသက်စွာကြည့်၍ ဦးဗလနေ ဘယ်လို အားပေးရမှန်း မသိဖြစ်နေသည်။

"အမေ"

"ဟင်"

"ထက်ရှား"

ရုတ်တရက် တံခါးဝမှာ ပေါ်လာသူက မင်းထက်ရှား။

"သမီး. . . သမီးလေး"

ဒေါ်စိုးစိုးထက် မတ်တပ်ရပ်လိုက်သလို ဘယ်လိုမှ မထင်မှတ်ဘဲ ဟီးခနဲ ငိုချကာ မအေကို ပြေးဖက်လိုက်သူက မင်းထက်ရှားရယ်. . .

"သမီး. . . သမီး ဘာဖြစ်လာတာလဲ. . . တစ်နေကုန် ဘယ်ပျောက်သွားနေတာလဲ ဟင်. . . ခု ဘာဖြစ်လာတာလဲ. . . ပြောပါဦးသမီးရယ်"

"အမေ"



"ဟင်. . . ပြောစမ်း. . . အမေ့ကိုပြောစမ်း"

ဦးဗလနေရော နေရှူပါ အနားမှာ လာရပ်ကြသည်။

မင်းထက်ရှား ဘယ်သူ့ကိုမှ မကြည့်ပါ။

"ထက်ရှား. . . ထက်ရှား. . . ကိုယ့်ပြဿနာ ကိုယ်ရှင်းဖို့ သွားတာပါ အမေ. . . ဒါပေမယ့်"

"ဟင်. . . ဘာပြဿနာလဲ. . . ဘာဖြစ်လာတာလဲ. . . ထက်ရှားရယ်"

မင်းထက်ရှား မျက်ရည်တွေကို သုတ်ပစ်ကာ ဆုံးဖြတ်ချက်ချလိုက်သလို မျက်နှာလေးကိုမော့၏။

"ထက်ရှား ချစ်သူကို သွားရှာတာပါ အမေ. . . သူနဲ့ထက်ရှား ရှင်းစရာရှိတယ်. . . သူ ထက်ရှားကို ရှောင်ထွက်သွားပြီး"

"ဘာ. . . ဘယ်လို. . ."

ဒေါ်စိုးစိုးထက် မျက်နှာရဲခနဲဖြစ်လျက် မျက်လုံးတွေ ပြူးသွားသည်။

"သမီး. . . ညည်း ညည်းက. . . ဘာပြဿနာတွေရှိလို့လဲ"

ထင်လိုက်တာရှိပေမယ့် ကြားလည်းမကြားရဲပေမယ့်. . .

မေးမှလည်း သိမှာမို့

"ပြောလေ ထက်ရှား"

ဒေါ်စိုးစိုးထက် အသံဟ မာပေမယ့် တုန်ခါနေသည်။

"သူ တာဝန်မဲ့စွာ ထွက်သွားတော့ ထက်ရှားမှာ. . . ထက်ရှား အရှက်ကွဲရတော့မယ်"

"ဘာ"

"ဖြန်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန့် ရိုက်ချက်က တစ်ဆက်တည်း။

နောက်တစ်ချက် အမြှောက်မှာ ဦးဗလနေ ရှေ့ကဝင်ရပ်လိုက်၏။

"တော်ပြီ စိုးစိုး. . . ဖြစ်ပြီးသွားတဲ့ ပြဿနာက ဒီလိုမြေရှင်းလိုက်လို့ ပြီးသွားမှာ မဟုတ်ဘူး"

ဒေါ်စိုးစိုးထက် အသားတွေ တုန်လျက်အံကြိတ်ထားသည်။

"ငါ့သမီးလေး ကလေး ကလေးနဲ့ ခွေးဖာတ်ခင်းလိုက်တာပေါ့လေ. . . ဟင်. . . ညည်း. . . လင်နောက်လိုက်ပြေးသွားတယ်ဆိုရင်တော့ ငါ. . . လိုက်ခေါ်မိဦးမယ်. . . ခုတော့ ညည်း. . . ခွေးလောက်မိုက်တဲ့ကောင်မ. . . သွား. . . ညည်း ငါ့ရှေ့က ထွက်သွား"

"ထက်ရှား. . . သွားပါ့မယ် အမေ"

"နေဦး"

နေရွှေ ထက်ရှားရှေ့က ပိတ်ရပ်လိုက်သည်။

"အဲဒီကောင် ဘယ်သူလဲ ထက်ရှား. . . ငါ့ကိုပြောစမ်း"

မင်းထက်ရှား နေရွှေကို နှုတ်ခမ်းမဲ့၍ နာကျည်းစွာ ကြည့်သည်။

"ဒါ. . . ကိုကိုနဲ့ မဆိုင်ပါဘူး"

"ကြည့်စမ်း. . . တိရစ္ဆာန်မ"

ထုမယ် ရိုက်မယ်ဖြစ်နေသည့် ဒေါ်စိုးစိုးထက်ကို ဦးဗလနေ အတော်ကြီး ထိန်းနေရသည်။

"တို့အားလုံး ဝိုင်းစဉ်းစားကြတာပေါ့ စိုးစိုးရယ်. . . ကဲ. . . သမီးလည်း ဆိုင်စမ်း ဘာဘာပြောတာ နားထောင်"

မင်းထက်ရှားက ဒီအဖြစ်မျိုး ဖြစ်ဖနေတာတောင် မျက်သုံးတို့က





ကြေကွဲညှိုးလျှော်ဟန်မရှိဘဲ ဝင်းလက်စူးရဲကာ နေရွှေကို စစ်မြေပြင်မှာရင်ဆိုင်မိကြသည့် ရန်သူတော်ကြီးကို ကြည့်သကဲ့သို့ ရှိလေသည်။

"လာ သမီး. . . ထိုင်ဦး"

ဆိုဖာမှာ အားလုံးထိုင်မိကြတော့ ကာယကံရှင် မင်းထက်ရှားမျက်နှာက တင်းနေလျက် ဒေါ်စိုးစိုးထက်၏ ရှိုက်သံသည်သာ ပျံ့လွင့်လျက်ရှိနေသည်။

"အဲဒီသူငယ် ဘယ်သူဆိုတာ သမီးက ဖွင့်ပြောမှဖြစ်မယ် သမီး"

မင်းထက်ရှားက နေရွှေကိုပဲ နှုတ်ခမ်းစေ့၍ ခပ်စူးစူးကြည့်ကာ ဦးဗလနေကို မကြည့်ဘဲ ဖြေသည်။

"ကလေးကချေတစ်ယောက်ပါ, ဘဘ. . . သူ့ကိုပြောလည်း ထက်ရှားရဲ့အဖြစ်က ပိုကြီးသွားမှာပဲ ရှိမှာပါ. . . ခု သူလည်း မရှိတော့ပါဘူး. . . လုံးဝပြန်မလာနိုင်တော့တဲ့နည်းနဲ့ ထွက်ပြေးသွားပါပြီ"

ကြည့်စမ်း ကလေးကချေကောင်ကတောင် မယူဘဲ ထွက်ပြေးသတဲ့. . .

ဒေါ်စိုးစိုးထက် အံတကြိတ်ကြိတ်နှင့် ရှိုက်ငိုလို့ မဆုံးတော့ပါ။ သင်းက မျက်နှာပြောင်ပြောင်နဲ့ ပြောရဲသလောက် ဟိုသားအဖမျက်နှာကို သူ မကြည့်ရဲတော့ပေ။

"ဒီတစ်နေ့လုံး ထက်ရှား. . . သူ့ကို သွားစုံစမ်းနေတာပါ. . . ဒီအကြောင်း ထပ်မေးကြဦးမယ်ဆိုရင် ထက်ရှား. . . ဒီကနေ ခုချက်ချင်းထွက်သွားပါတော့မယ်"

တစ်စုံတစ်ခုကို မင်းထက်ရှား မျက်လုံးမှ တဆင့်ခံစားရကာ နေရွှေ ဘာမှဝင်မပြောတော့ဘဲ ငေးငိုင်၍သာ ကြည့်နေမိတော့သည်။

သူ ဘာဝင်ပြောပြော ပက်ခနဲ ရန်တွေ့ချလိုက်မှာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုက်လိုက်တာ ထက်ရှားရယ်. . . ဟု ရင်ထဲမှာက တဖွဖွ ရေရွတ် နေမိသည်။ မိန်းမကလေးတစ်ယောက်အပေါ် လက်ထပ်ဖို့ စိတ်မကူးဘဲ လွယ်ကူစွာ သွေးသားဖောက်ပြန်ရဲသော ဟိုတစ်ယောက်ကိုလည်း အမုန်းကြိတ်ပစ်ချင်နေမိတော့သည်။

"ဒါဆို ဘဘကမေးမယ်. . . တကယ်လို့ အဲဒီသူငယ် ပြန်ချဉ်းကပ်လာရင် ဒါမှမဟုတ် သမီးက စိတ်မကုန်နိုင်ဘဲ. . ."

"သူ ဘယ်တော့မှ ပြန်လာမှာ မဟုတ်ပါဘူး ဘဘ. . . ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ သူ့မှာ တရားဝင်မိန်းမ ရှိနေလို့ပါ"

"ဟာ. . . ထက်ရှား. . . နင်. . . နင်. . . မိုက်လုံးကြီးလှချေလား"

နေရဲ့ ဒေါသတွေ တားဆီးမရဖြစ်ကာ မင်းထက်ရှား လက်မောင်းနှစ်ဘက်ကို ကိုင်လှုပ်လိုက်သည်။

မင်းထက်ရှားက တင်းပြတ်စွာ ဆောင့်ရုန်းပစ်လိုက်၍. . .

"ဘဘ. . . ခမ့်ကို ထက်ရှား တောင်းပန်ပါတယ်. . . ထက်ရှားကို သွားခွင့်ပြုကြပါ"

"မသွားနဲ့ သမီး. . . မသွားနဲ့"

ဦးဗလနေ တားဆီးနေဆဲ. . .

"ဘဘ ပြတ်ပြတ်ပဲပြောတော့မယ်. . . သမီးထက်ရှားရဲ့ အရှုံးကို ငါ့သား တာဝန်ယူရမယ်"

"ဗျာ"

နေရဲ့ ကြက်သေသေသွားသည်။

ငယ်ထိပ်တည့်တည့်ကို မိုးကြိုးပစ်ချခံလိုက်ရပြီလား။

● ● ●



ချက်ချင်းလက်ငင်း ထဆောင်လိုက်ရတဲ့ မင်္ဂလာပွဲက အစီအစဉ်မရှိခဲ့ပေမယ့် စည်ကားလှပေသည်။

မင်္ဂလာပွဲမှာ မင်းထက်ရှားနဲ့ နေရဲ့. . .

သတို့သမီးနဲ့ သတို့သားဆိုပေမယ့် လက်ချင်းချိတ်၍ လိုက်ပြည့်ခံတာမျိုးမရှိဘဲ တစ်ယောက်တခြားစီ။

"နေရဲ့"

နားနားမှာ ကပ်ခေါ်လိုက်တဲ့အသံ။

နေရဲ့ လှည့်ကြည့်လိုက်တော့ သူ့ရဝင်းထွဋ်။

သူ့ရက ရယ်ကျဲကျဲနှင့် လက်ဖွဲ့ထုပ်ကို ကမ်းပေးရင်း လက်ဆွဲနှုတ်ဆက်သည်။

"ကွန်ကရက်ကျူလေးရှင်း"

နေရဲ့ မျက်နှာကြီး နီလျက် ဘာစကားမှ မထွက်။

"ဟဲ. . . ဟဲ. . . အဲဒီလို ရှင်းရှင်းလုပ်စမ်းပါကွာ. . . ကိုယ်ပိုင်ပြီးသား ပစ္စည်းလေးပဲဟာ"

"ဟေး. . . နေရဲ့"

လာကြပြန်ပြီ. . .



www.burmeseclassic.com

www.burmeseclassic.com



လင်းဟိန်းတို့နှစ်ယောက်။

တိုင်းငွေစိုးကတော့ ထက်ရှားနားမှာပါလား. . .

အောင်းဘီအိတ်တွေပဲ လက်နှစ်ဘက်သွင်း၍ ထက်ရှားကို အာ တွေကပ်ပြောနေပြီမသိ။ ပြီးတော့ လက်ထဲက တစ်စုံတစ်ခုကို ပေးနေ တာတွေ့သည်။

လင်းဟိန်းနဲ့ ဖြိုးဝင္ဇာက လက်ဖွဲ့ထုပ်တွေပေးရင်း နေရှင့် မျက် နှာမကောင်းတာကို အကဲခတ်ကာ ဘာစကားမှ အထူးမပြောကြပေ။

တိုင်းငွေစိုး ရောက်လာတော့မှ. . .

"ရေရေလည်လည် မျက်စိလည်သွားတယ်. . . သူငယ်ချင်း ကောင်းကြီးရယ်. . . တတယ်ပါ. . . မင်း သိပ်လျှင်တာပဲနော်"

"ငွေစိုး. . . ငါ. . ."

တိုင်းငွေစိုးက နှုတ်ခမ်းမဲ့ရယ်လျက် ခေါင်းချပြသည်။

"ပြီးပြီ. . . အားလုံးက ပြီးသွားပြီလေ. . . မင်းရလိုက်တယ်. . . ငါ ဆုံးရှုံးသွားတယ်. ဒါပေမယ့် ရင်မဆိုင်လိုက်ရဘဲ လက်သီးပုန်းထိုး တဲ့ကောင်ကို အရှုံးပေးလိုက်ရတာတော့ ငါ အသည်းနာတယ်"

အံကြိတ်သံနှင့် ပြောသည်။

"အစကတည်းက မင်းသတ္တိရှိရှိ စိန်ခေါ်ခဲ့ရင် ထက်ရှားကို ငါ မရရတဲ့ နည်းနဲ့ယူတယ်. . . ခုတော့ မပြိုင်လိုက်ရဘဲ ပွဲကပြီးသွားပြီ"

ဆူညံစည်ကားနေသော လူထုပရိသတ်ထဲမှာ သူတို့လေး ယောက် ပေါက်ကွဲနေကြတာကို ဘယ်သူမှ မရိပ်မိကြ။

သူ့မှာ ဖြေရှင်းစရာ ဘာစကားမှမရှိ။

သွားပြီ အပေါင်းအသင်းကြားမှာ ချစ်သူရဲ့အသိုင်းအဝိုင်းကြား မှာ သူ့သိက္ခာတွေ ရေစုန်မျောကုန်ပြီ။





တိုင်းငွေစိုးက ပြောချင်ရာပြောကာ နေရှင့်ကို စိတ်ရှိလက်ရှိ ထိုးကြိတ်ပစ်လိုက်ချင်သော ဒေါသစက်တင်းမာသည့် မျက်လုံးအစုံတို့နှင့် အတန်ကြာ စိုက်ကြည့်နေပြီးမှ ချာခနဲ လှည့်ထွက်သွားသည်။

လင်းဟိန်း သက်ပြင်းချလျက် ခေါင်းခါသည်။

ဖြိုးဝင္ဇာက နေရှင့် လက်မောင်းကို အားပေးသလို ဖျစ်ညှစ် လိုက်၏။

"စိတ်မကောင်း မဖြစ်ပါနဲ့ သူငယ်ချင်းရယ်. . . သူက ထက်ရှား ကို အသည်းအသန် စွဲလမ်းနေတဲ့သူဆိုတော့ ရုတ်တရက် ခံစားရမှာပေါ့ ဒါပေမယ့် မင်းကို ငါတို့က နားလည်ပေးနိုင်ပါတယ်. . . ငါတို့ သုံးယောက် အရင်တုန်းက အတိုင်းပဲနော်"

နေရှင့် အံကြိတ်ကြိတ်လျက် ဝဲလာခဲ့သော မျက်ရည်ကို သိမ်းလိုက် ပြီ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

"ဘဘနဲ့ အမေ့ကို ထက်ရှား တစ်ခုပြောပါရစေ"

နေရဠ နာကျင်စွာ ကျောခိုင်းလိုက်ပေမယ့် မယ်မင်းကြီးမ ဘယ်
လိုစတန့်ထွင်အုံးမလဲဆိုသော သိချင်စိတ်နှင့် အပေါ်ထပ်တက်ခါနီး လှေ
လှမ်းကို တန့်နေလိုက်သည်။

မင်းထက်ရှားက လှေခါးရင်းမှာ တောင့်တောင့်ကြီးရပ်နေသေ
နေရဠကို ခပ်မှဲ့မှဲ့ လှမ်းကြည့်၍. . .

"ထက်ရှား ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ခဲ့ပြီးပြီမို့ ထက်ရှ
ဝန်ခံစရာရှိတာကို ဝန်ခံပါ့မယ်. . . ဒီစကားကြားပြီးလို့ ဘဘတို့ မပေ
နပ်ရင်း ထက်ရှားကို ရိုက်နိုင်ပါတယ်"

မျက်နှာခပ်လွှဲလွှဲ လုပ်နေသော ဒေါ်စိုးစိုးထက် စိုးရိမ်မကင်း
ဖျတ်ခနဲ လှည့်လာသည်။

**မီထက်ရှား ဘာတွေလုပ်လိုက်ပြန်ပြီလဲ. . .**

"ပြောလေ သမီး. . . ဘဘ နားထောင်နေတယ်"





"တကယ်တော့ ထက်ရှား ဘယ်ယောက်ျားနဲ့မှ အိမ်မှုမပြုဖြစ်ပါ
ဘူး. . ."

"ဟေ. . ."

"ဘာ"

နေရဠ ဖျတ်ခနဲ လှည့်လာသည်။

"ထက်ရှားမှာ ချစ်သူတောင် မရှိခဲ့ဖူးပါဘူး အမေရယ်"

ပြောရင်း မင်းထက်ရှား ဘာကိုဝမ်းနည်းလာမှန်းမသိဘဲ မျက်
ရည်တွေ ဝေ့လာသည်။

ပြီးတော့. . .

နေရဠကို မှန်းတီးစွာ ကြည့်လိုက်ပြီး. . .

"သူပြောလိုက်တဲ့ စကားတစ်ခွန်းကို ထက်ရှား ခံပ်နာလွန်းလို့
ထက်ရှားရဲ့ဘဝကိုရော လူကြီးတွေကိုပါ မိုက်မိုက်မဲမဲ လှည့်စားခဲ့မိ
တာပါ"

"ဘာပြောတယ်. . . အဲဒီထဲမှာ ငါ့ဘဝရော မပါဘူးလား. . . ငါ့
သိက္ခာ ငါ့မာနတွေ အားလုံးကျိုးပဲ့ ကြေမွကုန်ပြီ အဲဒါ နင်သိရဲ့လား"

"ခံလေ. . . အဲဒါ ရှင်မွေးခဲ့တဲ့ မီးပဲ. . . ဒီမှာ ဦးနေရဠ ထက်ရှား
ကို ကလေကချေကောင်မျိုးကပဲ သဘောကျမှာဆို ဒါကြောင့် ကလေက
ချေကောင်ကို ယူပြလိုက်တာလေ. . . ဒီနေ့ကစပြီ ရှင့်ကိုယ်ကိုရှင် လူ
ကြီးလူကောင်းလို့ လုံးဝမသတ်မှတ်နဲ့ ရှုပ်ပျာပျာကောင်မနဲ့ ညားတဲ့ က
လေကချေကောင်လို့ မှတ်လိုက်"

"ထက်ရှား"

"ရှင်ကြီးကို လိုချင်လွန်းလို့ မရအရယူတယ်လို့တော့ မထင်နဲ့
နော်. . . ရှင်ကြီးဟာ ထက်ရှားရဲ့လင် ဖြစ်သွားပြီလို့ အားလုံးအသိအမှတ်



www.burmeseclassic.com

www.burmeseclassic.com

ပြုရတဲ့ အဖြစ်ကိုသာ ထက်မှားလိုချင်တာ. . . ဘာကယ့်လင်မယားလို့ ခေါ်အသံဖြင့် လုံးဝမခေါ်ခဲ့ကြဘူးပါသဲ”

လေကြီးလှေကြီးသည်း ဂရုမစိုက်ဘဲ ပြောချင်ရာပြော၍. . .

မင်းထက်ရှား ထွက်သွားပြီ။

နေရှင် ကြီးဝိုင်းထဲမှာ အကြိမ်ကြိမ် အလဲထိုးခံနေရလျက်. . .

ဒေါ်သပြစ်ဖို့ အင်အားတောင်မှာ မရှိတော့ပါ။

ဒီကြားထဲ ဦးဗလနေကဲ သဘောတကျ ပြုံးနေပြန်သည်။

“ဝမ်းသာလိုက်တာကွယ်. . . စိုးစိုး နင်ဒေါ်သဖြစ်မနေနဲ့. . . သမီးလေး စိတ်လိုက်မာန်ပါ လုပ်ခဲ့လိုက်တာ မိုက်ရူးရဲဆန်ပေမယ့် ငါတို့ဖြစ်စေချင်သလို ဖြစ်ခဲ့တာပဲ မဟုတ်လား”

တွေဝေငေးမောနေရာမှ ဒေါ်စိုးစိုးထက် ပြုံးနိုင်လာသည်။

လူကြီးတွေ့စကားကို ဆက်ကြားနေရကာ ဆက်၍ ဆက်၍ မနေနိုင်မကာယ်နိုင် ဖြစ်ရသူက နေရှင်. . .

“တကယ်တော့ သားနဲ့သမီးကို လက်ထပ်ပေးဖို့ ဖေဖေတို့က အားလုံးတိုက်ကြီး သဘောကြပြီးသားကွယ့်. . . သမီးလေး ကျောင်းမပြီးသေးလို့ စောင့်နေတာ. . . အခုတော့လည်း မင်္ဂလာဆောင်ပွဲ ပြီးသွားပြီပေါ့. . . ကောင်းတယ်”

မိုးဦးတိုက်ကြီးသော ငွေလမင်းကြီးလို ခုမှ ကြည်ကြည်ပြုံးနိုင်ခဲ့သော ဦးဗလနေကို ကြည့်၍ နေရှင် စိတ်ညစ်မနေပြ

မင်းထက်ရှားက ပညာပြ၍တွေ့ထဲမှာ သူဘယ်လောက်ထိ စိတ်ညစ်ရဦးမည်မသိ. ဘောဒေနှင့် ကျူးလွန်လိုက်မိသော စကားတစ်ခွန်းအတွက် ဖေးသပ်ရမည့်ညက. . .

❀ ❀ ❀



# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

"ဟင် အမေက မပြန်ဘူးလား"

"အမေ့ကို မမေးပါနဲ့ ညည်း ညက ဝရံတာမှာ ထွက်အိပ်တယ် ဆို. . ."

"သူ အိပ်တာပါ"

"ကြည့်စမ်း"

ဒေါ်စိုးစိုးထက် သမီးကို လှေခါးရင်းထိ ဆွဲခေါ်လာကာ. . .

"ညည်းက နှင်လွှတ်တယ်ပေါ့လေ"

"မလွှတ်ပါဘူး. . . သူဟာသူ သွားအိပ်တာပါ. . . ထပ် လွှတ် စရာလိုလို့လား. . . ထက်ရှား ပြောပြီးသားပဲဟာ"

"ဖြစ်ရလေ ထက်ရှားရယ်. . . အရင်တုန်းကလို အဲဒါ ညည်း အစ်ကို မဟုတ်တော့ဘူးနော်. . . လင်ဖြစ်နေပြီ"

"ဟုတ်ပါတယ်. . . အမေကလဲ အဲဒါဘာဖြစ်လဲ"

"ညည်း အရင်လို မဆိုးပါနဲ့ သမီးရယ်. . . ဆိုးတယ်ဆိုတာ





အတိုင်းအတာ တစ်ခုထိပဲ ကောင်းတယ်နော်"

"ထက်ရှားက မဆိုးရသေးပါဘူး. . . သူက ဆိုးတာ"

"မဆိုးရသေးဘူးဆိုတော့ ခုမှ ဆိုးမှာလို့ ပြောချင်တာလား"

"မဟုတ်ပါဘူး အမေရယ်. . . ဘာလဲ အမေက ညနေမှ ပြန်မှာလား"

"ဘယ့်နှယ်. . . ငါ့ကိုချည်း ပြန်လွှတ်နေရတာလဲ. . . ဒီနေ့ ခဏ ပြန်မယ်. . . ညကျ ပြန်လာမှာ နောက်နေ့ ကိုနေက ခရီးထွက်မှာတဲ့ ဒီမှာ ညည်းတို့ချည်းပဲ ဖြစ်ချင်တိုင်း ဖြစ်နေကြမှာစိုးလို့"

"အမေကလည်းလေ နေနေကျဟာကို ပူစရာမရှိ ကြံဖန်ပြီး ဟို မှာ အလုပ်တွေက အများကြီးနဲ့"

ဒေါ်စိုးစိုးထက် ငိုင်သွားသည်။

သမီးဆိုးလွန်းတာကို နေရင်း မခံနိုင်ဖြစ်ပြီး အိမ်ထောင်ရေး တစ်စုံတစ်ခု ဖြစ်သွားမှာ စိုးလွန်းလို့ပါ။

"စိတ်ချလက်ချ ပြန်ပါအမေ. . . ထက်ရှား လုပ်ချင်တာ လုပ် ခဲ့ပြီးပြီပဲ. . . ဒီလောက်ထိ ထက်ရှား အငြိုးမကြီးတတ်ပါဘူး အမေရဲ့. . . အမေ စိတ်မချမ်းသာအောင်လည်း ဘာမှထပ်မလုပ်ဘူး ကျေနပ်လား"

"ဟုတ်ရဲ့လားအေ"

"တကယ်ပြောတာ"

ပေးလိုက်ရတာ ကတိတွေ အထပ်ထပ်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

"အို. . . ဒါက ဘယ်လိုဖြစ်တာလဲ"

ခေါင်းအုံးပိုက်၍ အခန်းထဲဝင်လာသည့် နေရွှေကို မြင်တော့ မွေ့ယာပေါ်မှာ လှဲနေပြီးကာမှ ထက်ရှား ငေါက်ခနဲ ပြန်ထထိုင်သည်။

"ဘယ်လိုမှ မဖြစ်ဘူး. . . ဒီမှာ အိပ်မလို့"

"ဒါနဲ့ အပြင်မှာ အိပ်မလို့ဆို"

"ခြင်ကိုက်တယ်"

"ခြင်ကိုက်ရင်လဲ. . . ဟိုအခန်းထဲမှာ ခြင်ထောင်သွားယူထောင်ပေါ့"

မွေ့ယာခင်း ခေါင်းအုံး ခြင်ထောင်အပိုတွေ သပ်သပ်ထားသည့် အခန်းရှိပါသည်။

"အမေ သော့ခတ်သွားတယ်ထင်တယ်"

နေရွှေက မျက်နှာကြီးဘင်းလျှက်. . .

"ခြင်ထောင်ရှိလည်း ထွက်မအိပ်နိုင်ဘူး. . . ခင်ဗျားကတော့ ခုတင်နဲ့ မွေ့ယာနဲ့ ကျုပ်ကတော့ ကလေကချေလို ထွက်အိပ်ရမှာလား"

"ရှင်က ကလေကချေပဲလေ"





"ထက်ရှားနော်"

နေရွှေ ဒီစကားကို ကြားတိုင်း မခံချင်ဖြစ်ရမြဲ။

ဒီလိုလေးပြောမိလို့. . .

"ဒီမှာ ရှင်ကြီး. . . ရိုးတိုးယားတားတော့ မလုပ်နဲ့နော်. . . အပြတ်ပြောပြီးသား"

"မျက်နှာကို မြင်ဖူးအောင်ကြည့်ထား ထက်ရှား. . . ကိုယ်က ခေါ်ဘာ သွေးသားသောင်းကျန်းမယ့် ရုပ်လားဆိုတာ"

"ပြောလို့ရမလား"

မင်းသက်ရှားက ဖက်လုံးကြီးကို အလယ်မှာချ၊ သူက ဒီဘက်အပေါ်မှာတိုး၍ ဆောင့်ခနဲ လှဲချလိုက်ကာ စောင်ကို ခေါင်းမြီးခြုံပြုပစ်လိုက်သည်။ ချောက်ခနဲ မီးပိတ်သံနှင့်အတူ မှောင်ကျသွားတော့. . .

"ဟာ. . . ဘာလို့ မီးပိတ်တာလဲ. . . မှောင်မှောင်ကြီး မအိပ်တတ်ဘူး"

တစ်သက်လုံးက တစ်ဖိန်လုံး မီးပိတ်ဘူး တာ့ အကျင့်ရှိဘာကို နေရွှေက သိပြီသား။

"လုပ်မနေနဲ့ ခင်ဗျားကို ဘယ်သူရဲမှ ဂုတ်မချိုးဘူး"

"သရဲက ဘာမှမလုပ်နိုင်ပါဘူး. . . လူကိုကြောက်တာ"

"ထက်ရှား. . . နင် ဧကေဧကေ တော်ကားနေတယ်နော်"

"ပြောလို့ရမလား. . . ကလေကချေဆိုတာ"

"အေးလေ"

ခေါင်းမြီးခြုံပြန်ဆွဲ ခြုံ၍ ထက်ရှား ကျေနပ်စွာ ပြုံးနေမိသည်။ ခံ. . .ကိုက်ခမ်း ဘဲမြဲတမ်းကို အဲဒီအတိုင်း ပြောနေမှာ. . .



www.burmeseclassic.com

www.burmeseclassic.com

"ထက်ရှား"

"ဘာလဲ"

"အင်္ကျီနဲ့ဘောင်းဘီ ထုတ်ပေးထားစမ်းပါ... အလုပ်နောက်ကျနေလို့"

ရေချိုးခန်းထဲ မဝင်ခင် သမီးပြောသွားသည်မို့ ထက်ရှား ထမင်းကြော်အိုးနားက အခန်းထဲ ပြန်ဝင်လာခဲ့သည်။

ဒီတိုင်း တခါမှလည်း ရွေးမပေးခဲ့ဖူးသည်မို့ ဘာကိုရွေးရမှန်း မသိဘဲ တဟော်ကြာသွားသည်။

"ဟာ... ခုထိလည်း ဘာမှမထုတ်ရသေးဘူး"

"ဘာပေးရမှန်းမှ မသိတာ"

မင်းထက်ရှား ကိုင်ထားတဲ့ အင်္ကျီတွေ ပြန်ခုံဟာ ဘီရိုရှေ့က ဖယ်သည်။

"ဒီမှာကြည့်"

နေရွှေက မင်းထက်ရှား ပခုံးလေးကို ဖက်၍ ဘီရိုရှေ့ ပြန်ဆွဲယူ





က အတွင်းခံအင်္ကျီ ထုတ်အင်္ကျီအရောင်နှင့် ဘောင်းဘီ။

ပြီးတော့ နက်ခ်တိုင်အရောင် ထည့်ပုံကိုပါပြသည်။

"နောက်လည်း ကိုယ့်ဟာကိုယ် ထုတ်ပေါ့... ထက်ရှား ဘာမှမသိဘူး"

"မသိလို့ရမလား... ဒါ မိန်းမလုပ်ရမယ့် အလုပ်တွေပဲဟာ"

"ကိုကိုနော်... ဘာမိန်းမလဲ... အားလုံးက အရင်အတိုင်းပဲ အသားမယူချင်နဲ့"

နေရွှေက နှုတ်ခမ်းတွန့်၍ ပြုံးသည်။

"ဘယ်ဟာမှ အရင်အတိုင်း ဖြစ်မလာနိုင်ဘူး... အားလုံးက ကျိုးပဲ့ပျက်စီးကျန်ခဲ့ပြီ... အတိတ်ကအတိတ် အနာဂတ်ကအနာဂတ်ပဲ... နင်ဖြစ်စေချင်တာကို နင်ဖြစ်အောင်လုပ်ပီတယ်... ကိုကို ဖြစ်စေချင်တာကိုလည်း လုပ်ပေးနိုင်အောင် ကြိုးစားရမှာပဲ"

"ရလိမ့်မယ် စောင့်နေ"

မင်းထက်ရှား လက်ကို ဆွဲထား၍ နေရွှေက ခါးကိုင်းပေးသည်။

"ဒီမှာ ရေသုတ်ပေးစမ်းပါဦး"

"မပေးဘူး"

"ထက်ရှား လုပ်ကွာ... ကိုကို ဒီမှာ အရေးကြီးနေတယ်"

သူ့အင်္ကျီကြယ်သီးတွေတပ် နက်ခ်တိုင်တွေတပ်နှင့် တကယ် အလုပ်ရှုပ်နေတာမြင်တော့လည်း မင်းထက်ရှား သဘက်စောင်ကို ဆွဲယူလိုက်ရတော့သည်။

"ရှင့်သစ်ကုလားအုပ်ခေါင်းကြီးကို ဘယ်လိုမှီမလဲ"

နေရွှေက အဝတ်ဘီရိုကို ပိတ်၍ နောက်ပြန်မှီကာ ခါးကိုင်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်သုတ်ကွာ. . . ပြီးရင် ကရင်မ်လူးပေး. . . ရှစ်နာရီ meeting ရှိတယ်"

"လာပြန်ပြီ. . . တစ်ခုပြီးတစ်ခု"

အရေးကြီးတာ အကြောင်းပြု၍ မှိန်းစုံအောင်ခိုင်းနေသည့် နေရှူကို မင်းထက်ရှား သည်းမခံနိုင်တော့။

"တော်ပြီ. . . မလူးပေးတော့ဘူး"

စောင်ကို ပစ်ချ၍ အတင်းထွက်လာခဲ့သည်။

"ဟာ. . ဟေ့"

နောက်ကနေ ဆောင့်ဆွဲလိုက်သဖြင့် မင်းထက်ရှား နောက်ပြန်လန်ကျသွားလေသည်။

နေရှူက ဆီးပွေ့ကာ လက်ထဲကို ကရင်မ်ဘူးလေး ထည့်ပေး၏။ ပြီးတော့ ခါးကိုလည်း ဖက်ထားကာ. . .

"မပြေးနဲ့နော်. . . သေချာလိမ်းပေး"

မင်းထက်ရှား ဆောင့်ဆောင့်အောင့်အောင့်နှင့် လိမ်းပေးရင်း။

"ညစ်တာ. . . အဲဒါ သက်သက်ညစ်တာ. . . သူလက်တွေအားရဲ့သားနဲ့ ရေသာခိုတာ ညေစ်ကြီး အဲဒီဆံပင်တွေ နီပါစေ မြန်မြန်ဖြူပါစေ. . . ပျင်းတဲ့လက်တွေရော ပိုလီယိုဖြစ်ပါစေ"

နေရှူ အသံထွက်အောင်ရယ်လျက်. . .

"နှာခေါင်းပိတ်ပါစေလို့ မကြိမ်တော့ဘူးလား"

ဆို၍ မထင်မှတ်ဘဲ မင်းထက်ရှား ပါးလေးတစ်ဖက်ကို ငုံ့နမ်းပစ်လိုက်သည်။

"အာ. . . ညေစ်ကြီး. . . ကဲ"

နေရှူ ရင်ဘတ်ကို နာအောင် တအားထုပစ်ကာ မင်းထက်ရှား





ထွက်ပြေးသွားလေသည်။

လွန်စွာ စိတ်ဆင်းရဲပင်ပန်းဖွယ် ကောင်းလိမ့်မည်ထင်ထားခဲ့သော အိမ်ထောင်ရေးလေးကို နေရှူ တပ်မက်စိတ်လေး စတင်ဝင်ရောက်လာခဲ့သည်။

မောင်နှမ မဖြစ်မှန်းသိရက်နဲ့ ဒီကောင်မလေးကို အစကတည်းက ပဲ။

စိတ်ကို အရောင်ဆိုး ကြည့်လိုက်တော့ ရင်ခုန်သံက ချက်ချင်းမြန်တတ်လာသည်။ ကိုယ့်ဇနီးဆိုသော ပိုင်ဆိုင်ခြင်းစိတ်နှင့် မင်းထက်ရှား ပါးလေးကို ရှိုက်နမ်းမိလိုက်တဲ့ ခဏလေးရဲ့ ရင်ခုန်သံက ဘာနဲ့မှမတူ. . .

ရည်းစားထားခဲ့တုန်းက စိတ်လှုပ်ရှားခြင်းမျိုးနှင့်လည်း မဆိုင်။

ထိတွေ့လိုက်လို့ သာယာတာမျိုးလည်း မဟုတ်ဘဲ. . .

တစ်ကိုယ်လုံး နွေးထွေးကာ လှိုက်ဖိုကျန်ခဲ့သော ကြည်နူးမှု. . .

ဒီအရှိုင်းပန်းကလေးကို ချစ်တတ်လာအောင် သူ ဘယ်လိုလုပ်ရမလဲ။

● ● ●

www.burmeseclassic.com

www.burmeseclassic.com

"နေကြာစေ့ ဝယ်အုံးမယ်"

မင်းထက်ရှားက ရုံထဲမဝင်သေးဘဲ နေကြာစေ့ ဝယ်နေသဖြင့် နေရွှ ဝီစတာတွေ လိုက်ကြည့်ရင်း စောင့်နေသည်။

"ဟင်"

အမှတ်တမဲ့ ဘေးမှာ လာရပ်သူက မွန်း. . .

မွန်းကလည်း သူ့ကို မမြင်သေး. . .

"မွန်း"

"ဟင်"

ရုတ်တရက် အံ့ဩသလိုလေး ဖြစ်သွားပြီးမှ မွန်းက နှုတ်ခမ်းကို လှုပ်ရွှာ မဲ့ပစ်လိုက်၏။

"ရှင်က ဒီလိုခေါ် ရဲသေးတယ်နော်"

ထိုစဉ် အနားကို ဇွေ့ခနဲရောက်လာသူက မင်းထက်ရှား။

"ဖြစ်ရလေ. . . နင့်ကို ဒီလိုမခေါ်ဝံ့ရအောင် နင်က ကတုံးတုံး





ပြီး သီလရှင်ဝတ်ထားလို့လား. . . နေ့ချင်းညချင်း နိုင်ငံတော် သမ္မတကတော် ဖြစ်သွားလို့လား. . . နင့်နာမည် မွန်းမို့ မွန်းခေါ် တာ ဘာဖြစ်လဲ"

"ညည်း. . . ညည်း ငါးစိမ်းသည်လို ရန်မတွေ့နဲ့နော်"

"တော်ပြီ. . . တော်ပြီ. . . ထက်ရှားလာ"

နေရွှ ထက်ရှားကို အတင်းဆွဲခေါ် လာခဲ့ရသည်။

မွန်းတော့ ထက်ရှားကို ရင်မဆိုင် ချင်တာလား။ ရှက်သွားသည်လားမသိ။ ရုံထဲဝင်လာတာကို မမြင်တော့ပါ။

နေရွှလည်း ခုမှ အလုံးကြီးကျသွားတော့သည်။

တော်ကြာ ရုံထဲမှာ လာထပ်ဆုံမှဖြင့်. . .

အဲဒီကိစ္စက အိမ်ရောက်တဲ့အထိ မပြီးနိုင်။

"ရှင်ကြီးက ဘာလို့ သွားခေါ် ရတာလဲ. . . လွမ်းနေလို့ ချော့ချင်ရင်လည်း ထက်ရှား ကွယ်ရာမှာသွားချော့ကြ. . . ရှေ့မှာ မဖွယ်မရာတွေ လာပြောလို့ကတော့ ဒီကပါးစပ်က ပြောပြီးသားပဲ"

"ကိုယ်က မိတ်ဆွေတစ်ယောက်လို နှုတ်ဆက်တာပါ"

"ခုမှ ဆယ်ရက်ကျော်ပဲရှိသေးတယ်. . . ရှင်ကြီးက မိတ်ဆွေလို သဘောထားလိုက်နိုင်သလား. . . အဲဒီလိုပဲ အစေ့ကျရာ အပင်ပေါက်တတ်သလား"

ထမင်းပွဲနဲ့ ဟင်းပွဲတွေပြင်နေရင်း မင်းထက်ရှားက ပါးစပ်ကလည်း စက်သေနတ် ပစ်သလို မနားတမ်းပြောနေ၏။

"ထက်ရှား. . . နင် ချစ်တာတွေ သစ္စာတွေလည်း ကျွမ်းနေတာပဲနော်. . . ဘာမှမသိသလို ကလေးလုပ်နေတာက ဟန်ဆောင်နေတာလား"

"ကျွမ်းတာပေ့ါ ချစ်တယ်ဆိုတာ ရည်းစားထားဖူးမှ သိတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်တာ"

"ဒါပေမယ့် ဆိုင်တယ်"

"စာရေးဆရာအမျိုး လူမျိုးတွေ အိမ်ထောင်ရေး ဝတ္ထုတွေ ရေးနိုင်တာကျတော့ ဘာပြောကြမလဲ"

"ဖွဲ့နွဲ့ပုံချင်းကျတော့ ကွာပါတယ်ကွာ. . . အငှားခံစားတာ အငှားပါပဲ"

"ငှားငှားမငှားငှား ဒါ ကိုယ့်အကြောင်း မပါပါဘူး. . . ရှင့်ကို ပြောချင်တာက သနားစိတ်ရှိရင် သွားချော့ ဝါသနာပါရင် ဒီက ကွာပေးဖို့ အဆင်သင့်ပဲ"

"ထက်ရှား"

နေရွှန စားပွဲကို ဖြန်းခနဲ ပုတ်ပစ်သည်။

"နင် အိမ်ထောင်တစ်ခုကို ကစားစရာလို ဟိုကဖွဲ့ ဒီကဖွဲ့ ဖွဲ့လို့ရမယ် ထင်နေသလား. . . အခု နင်ရော ငါရော ဘဝနှစ်ခုကို မြှုပ်နှံခဲ့ကြတာ နှစ်ယောက်မဟုတ္ ရှုန်းကန်ဖို့ စခဲ့ကြတာ ကလေးကလားစကားတွေ ထပ်မပြောမိစေနဲ့"

"ပြောရမှာပဲ. . . ဒါ ထက်ရှား နှစ်သက်လို့ ဖန်တီးခဲ့တာ မဟုတ်ဘူး. . . ထက်ရှား ဘာလဲဆိုတာ ရှင်သိအောင် ပြလိုက်တဲ့ ပြကွက် တစ်ခုပဲ. . ."

မင်းထက်ရှားက နောက်ဆုံး တို့စရာပန်းကန်ချ၍ ကုလားထိုင်မှာ ဝင်ထိုင်လိုက်ကာ. . .

"ဒီပွဲမှာ. . . ထက်ရှားက နစ်နာတယ်. . . ရှင်က ရည်းစားနှင်ယောက်ဘောင် ထားခဲ့ဖူးတယ်. . . မင်္ဂလာပွဲမှာ ငါ့သဘောနဲ့ မဟုတ်ပါဘူးကွာဆိုတဲ့စကားမျိုးနဲ့ ငိုပြခဲ့လို့ ထက်ရှား အရှက်ကွဲခဲ့ရတယ်"





"ကိုယ် ဘယ်သူကိုမှ ဒီစကားမျိုး မပြောခဲ့ဘူး"

"မယုံဘူး. . . ဒီတော့ အခု ထက်ရှားလည်း ရည်းစားထားမယ် ကိုကိုလဲ. . . အဲ. . . ရှင်လည်း လွတ်လပ်သလိုနေ"

"ကျွတ်"

ခွန်းနဲ့ခက်ရဲဝံးကို ပစ်ချကာ နေရွှန ကျွတ်ခနဲ စုတ်သပ်၏။ ပြီးတော့ မင်းထက်ရှား နားမလည်နိုင်သော မျက်လုံးကြီးနှင့် စိုက်ကြည့်၍ ထမင်းစားခန်းထဲက ထွက်သွားလေသည်။

သွားပေါ့. . .

မင်းထက်ရှား ပခုံးလေးတွန့်၍ ထမင်းစားပါလေသည်။

● ● ●

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ. . . နေရွှ မင်းတို့ အိမ်ထောင်ရေး"

သူငယ်ချင်းတွေကို ကိုယ့်ဟိုတယ်လ်မှာ စုချိန်း၍ သီးသန့်ဝိုင်းဖွဲ့မိကြတော့ ဖြိုးဝဥ္စာက စမေး၏။

"အဆင်မပြေပါဘူးကွာ"

"ဟင်. . . ဘယ်လိုဖြစ်လို့လဲ"

"ထက်ရှားက သိပ်ဆိုးတာ"

"မင်းက ကောင်းပေးလိုက်ပေါ့. . . မင်းတို့ ပုံစံကြည့်ရတာ လူကြီးတွေ ရွှတ်ပေးစားတာထင်ပါတယ်. . . နေတာ ထိုင်တာ အရင်လိုပဲ တုန့်ခေါက်ကြီး"

"လူကြီးတွေ ပေးစားတာက မှန်တယ်. . . ဒါပေမယ့် ငါ ထက်ရှားကို ငါ ချစ်တယ်"

"ဟေ"

"ဒီလိုပဲ ဖြစ်ရမယ်. . . ဒီကောင် အစကတည်းက ချစ်တာ ငါသိသားပဲ. . . မောင်နှမဆိုတဲ့ စိတ်မွေးထားတော့ မီးခဲပြာဖုံး ဖြစ်နေ





ဘာပါ. . . လေတိုက်လိုက်တော့ ပြာတွေလွင့်ပြီး ရဲသွားပြီမို့လား"

"ဒါလည်း မှန်တယ်. . . တခါတလေ ဟိုတုန်းကလည်း ရှက်စိတ်တွေ မလုံမလဲစိတ်တွေ ရှိခဲ့ဖူးတယ်. . . ဒါပေမယ့် သူ့ တအားကလေး ဆန်တာကိုလန့်ပြီး စိတ်နဲ့တောင် မပြစ်မှားခဲ့မိဘူး"

"ခုတော့. . . ခံရပြီလား"

"ဟုတ်တယ်. . . အိမ်ထောင်ရေးရယ်လို့လည်း သူ့ရင်ထဲမှာ အလေးအနက် မရှိဘူး. . . ပြီးတော့ ဟိုတစ်နေ့က ပြောတယ်ကွာ ငါ့ကို သက်ထပ်တာ သူနစ်နာတယ်တဲ့. . . ငါ့လိုပဲ သူ ရည်းစားနှစ်ယောက်ထားမယ်တဲ့"

"ဟာ. . . ဒါတော့ လွန်ပြီ"

"ဟုတ်တယ်. . . ထက်ရှားပုံစံ ကြည့်ရတာ တကယ်သေ့ပ်အားခံပြောနိုင်ဘူး"

"မင်း သိပ်အလျှော့မပေးနဲ့ နေရွှ"

နေရွှ စားပွဲပေါ် တံတောင်နှစ်ဘက် ထောက်၍ လက်ခုံနှစ်ခုယှက်ကာ မေးတင်ထားလိုက်သည်။

"ငါ. . . သူ့ကို အရင်လိုတောင် မဆူဘူး. . . သူက ခွဲတတ်တဲ့ အကျင့်ရှိတယ်ကွ"

"သွားပြီကွာ. . . မင်းကလည်း မတည့်တော့လည်း မတည့်လို့ ကြွေမယ့်ကြွေတော့လည်း ကွန္ဒြေရရတောင် လှလှပပ ကြွေမဆင်းဘဲ ဖုတ်ခနဲ ခုန်တာကိုး"

"အဲဒါ ဘယ်လိုပြောရမှန်းကို မသိဘူး. . . ငါ့ကိုယ်ငါတောင် အားမလည်နိုင်ဘူး. . . ငါ့ဖနီးဆိုတဲ့ အသိနဲ့ ခံစားကြည့်လိုက်တာနဲ့ ငါ သူ့ကို တော်တော်ချစ်သွားတာ ဘယ်တုန်းကတည်းက ချည်နှောင်ထားမိ



www.burmeseclassic.com

www.burmeseclassic.com



နေမှန်းကို မသိဘူး"

နေရွှေ ကိုယ့်ကိုယ်ကို စိတ်ပျက်သလို ပြောနေသည်။

"မင်းကိုသာ မပြောတာ ငါတို့က မင်းတို့အကြောင်းတွေ ကြား ပြီးသား"

"ဘာလဲ"

"မွန်းနဲ့ မင်း ခဏခဏ ပြဿနာတက်တာတွေပေါ့"

"မင်းကိုသိတယ်"

"သိတာပေါ့. . . ရည်းစားကို ပစ်ထားပြီး နမကို အရှိုးထွင်ပေး တာတောင် သိတယ်"

"အဲ့ဒါကကွာ"

"ထက်ရှုးက အရှိုးစူးတတ်လို့ပါလို့ ပြောမလို့လား"

"မွန်းက သိပ်သဝန်ကြောင်တာ. . . ငါ စိတ်ပျက်တာ အဲဒါပဲ"

"မင်းကိုက စိတ်နောက်ပြန်ဆွဲနေတာပါ. . . ရှေ့မှာ မက်မောမှု မရှိဘဲ စိတ်ပျက်တဲ့စိတ် ဝင်လာတာပေါ့"

သူတို့စကားပြောတုန်း စားစရာတွေ လာချပေးလိုက်ကာ စားပွဲ နဲ့တစ်လုံး ပြည့်သွားသည်။

"ဟ. . . နေရွှေ မှားလှချေလား. . . ဒို့နှစ်ယောက်တည်း မကုန် ပါဘူးကွာ"

"စားစမ်းပါ. . . ဘာလိုသေးလဲ. . . လိုတာပြော"

"ရပြီကွ"

ဟိုတယ်လ ဝန်ထမ်းလေးက အနားမှာ ရပ်စောင့်နေသည်။

"မောင်သိန်း"

"အမိန့်ရှိပါ သူဌေး"





"မန်နေဂျာကို လွှတ်လိုက်စမ်း"

"ဟုတ်"

မန်နေဂျာ ရောက်လာသည်၊

နေရွှေက လက်ကနာရီကို မြှောက်ကြည့်ကာ. . .

"ဝန်ထမ်းတွေ လစာရှင်းပေးဖို့ အတွင်းရေးမှူးကို ပြောလိုက် ပါ. . ."

"ကောင်းပါပြီ"

"နေရွှေ မင်းလုပ်မှ ဖြစ်မှာဆိုသွားလေ. . . ငါတို့ စောင့်နေပါ့ မယ်. . ."

"ရတယ်. . . အတွင်းရေးမှူး လုပ်လို့ရပါတယ်"

မြိုးဝဠာက တူကိုကောက်ကိုင်ကာ အသားကင်ကို မှဲ့ယူလိုက် သည်။

"မင်းကို မွန်းနဲ့ပတ်သက်တဲ့ သတင်းပြောမလို့"

"ဘာလဲ"

"မွန်း အိမ်ထောင်ကျသွားပြီ"

"ဟုတ်လား. . . မြန်လှချည်လား"

နေရွှေ ဟာကယ်အံ့ဩတာပါ။

"အံမာ. . . ချွေးကောင်း သူကျတော့ အရင်ယူပြီးတော့"

"မှန်ပါတယ်. . . ဒါပေမယ့်"

"ဒါပေမယ့် မနေနဲ့. . . သူ မင်းကို ရွဲ့တာလား. . . တကယ်လို ချင်လို့ ယူတာလားတော့ မသိဘူး. . . ပါရမီရှိသာထက သူဌေးပဲကွ. . . ဒါပေမယ့် မင်းနဲ့တော့ ယှဉ်မရပါဘူး. . . ရုပ်မှားကတ် တစ်ခုပိုင်တယ် ဝပ်ရှော့ရှိတယ်. . . အသက်က လေးဆယ်နီးပါးရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ခြော်"

ရင်ထဲမှာ တကယ်ပဲ သနားသွားမိပါ၏။ မွန်း ဂဏ်မက်တာ သုလက်တွေ့ သိထားခဲ့သည် မဟုတ်ပါလား...မွန်းသာ ဝိစိတ်တွေ မရှိခဲ့လျှင် မွန်းနဲ့သူ လက်ထပ်ပြီးခဲ့တာ ကြာပြီပေါ့။

"ကိုယ်လည်း ချစ်နေပြီဆိုတော့ အယူလွဲမနေနဲ့ ဟိတ်ကောင် ကိုယ်ရထားတဲ့ ကလေးကိုပဲ ချော့သိပ်ပေတော့"

"ထက်ရှားက အရိုင်းပန်းလေးလိုပဲကွာ...သိပ်ချစ်စရာကောင်း ပြီး မနေတတ်ဘူး"

"မင်း ချစ်တယ်မို့လား"

"အင်း"

"ချစ်ရင် ချော့ပေါ့ကွာ...လိုအပ်ရင်လည်း နည်းနည်းပါးပါး ရိုက်ပေး"

"ဟာ...ခွေးကောင်"

"အံမယ်....ငရှဋ္ဌ တကယ်ပြောတာနော်...နောက်တာ မဟုတ်ဘူး...မယုံရင် ရိုက်ကြည့် ငါ့အစ်ကိုနဲ့ မရီးဆို အစက မရီးက သိပ်နိုင်တာ...တခါ ရန်ဖြစ်လိုက်ကြတာ အကြီးအကျယ်ပဲ ငါ့အစ်ကို လည်း ဒေါသမထိန်းနိုင်ဖြစ်ပြီး နားရင်းအုပ်ထည့်လိုက်တာ နှစ်နာရီ လောက် သတိလစ်သွားတယ်...ဟော အဲဒီနောက်ပိုင်း ချစ်လိုက်ကြ တာများ မောင့်သဘော မောင့်သဘောနဲ့"

သုံးယောက်သား ရယ်မိကြလေသည်။

နေရှဋ္ဌ မင်းထက်ရှား မျက်နှာလေးကို မြင်ယောင်ကာ စိတ် လည်းရှုပ် ကြည်နူးခြင်းလည်းဖြစ်လျှက်...

● ● ●



"ဟာ...ဘဘ ပြန်လာပြီ"

ထမင်းစားနေရင်းကနေ မင်းထက်ရှား ချက်ချင်း ပြေးထွက်သွား ကာ ဦးဗလနေ ခါးကို ပြေးဖက်သည်။

"ဘဘ...ထက်ရှား မှာလိုက်တာ ပါလားဟင်"

"ပါတာပေါ့ သမီးရယ်...ငါ့သမီးမှာတာ ဘဘက မေ့ပါ့မ လား"

နေရှဋ္ဌ ထမင်းကို အမြန်လက်စသတ်၍ အပြင်ထွက်ခဲ့သည်။ ထက်ရှား ဘာတွေများ မှာထားလို့ပါလိမ့်လို့ သိချင်၍ ကြည့်လိုက်တော့ လမုန့်တွေ ထိုးမုန့်တွေ...

"ဒီမှာ ဝယ်စားလည်း ရတာများကွာ...ဟိုကိုများ တကူးတက မှာရတယ်လို့"

"ဘယ်တူမလဲ သားရဲ့...ဟိုကပစ္စည်း ဟိုကဟာက ပိုကောင်း တာပေါ့...ဒီမှာ သမီးအတွက် ဘဘ မန္တလေး ကြိုးကြိုးချိတ်တွေ ဝယ်



www.burmeseclassic.com

www.burmeseclassic.com



လာသေးတယ်. . . ကြည့်စမ်း သမီး"

ထိုးမုန့်စားရင်း အဆီရွဲနေသော မင်းထက်ရှား နှုတ်ခမ်းလေး မသိမသာ မှဲ့သွားသည်။

"ဘာဖြစ်လို့လည်း သမီးရဲ့. . . အဆင်မကြိုက်လို့လား"

"မဟုတ်ပါဘူး. . . ဘာဘကလည်း ထက်ရှား အဲဒါကြီးတွေ မဝတ်တတ်တာ"

"မဝတ်တတ်ပေမယ့် ပွဲနေ့ပွဲထိုင်ကျ ဒါတွေမှ ကောင်းတာသမီးရဲ့. . ."

ရောင်စုံအထပ်လိုက် ထမီပုံကြီးကို မင်းထက်ရှား ထ မကြည့်မိအောင် မျက်နှာလွှဲထားလျက်. . .

နေရွှေကတော့ သဘောကျနေသည်။

မင်းထက်ရှား ဘေးနားမှာ ကပ်ထိုင်လိုက်၍ နက်မှောင်အိစ္စနေသော ဆံပင်လှလှလေးတွေကို လက်နှင့်တို့ထိကာ. . .

"ကောင်းတယ် ဖေဖေ. . . နောက်ဆို ဆံပင်တွေလည်း အရှည်ထားရမယ်. . . ထက်ရှား ဆံပင်တွေက ပျော့အိအိလေးနဲ့ တအားလှတာ အရှည်လေးဆို အရမ်းကြည့်ကောင်းမှာပဲ"

"မထားပါဘူး. . . ဆံပင်ရှည်ရင် ညစ်ပတ်တယ်"

"မညစ်ပတ်အောင် ခဏခဏ လျှော်ပေါ့"

"ပျင်းတယ်"

"ပျင်းရင် ကိုကို လျှော်ပေးမယ်"

ဘာဘရှေ့မို့ ထပ်မပြောတော့ပေမယ့် နောက်ပြန်လှည့်ကြည့်၍ မင်းထက်ရှား နေရွှေကို မျက်စောင်းထိုးသည်။

ဦးဗလနေ သဘောကျလျက် ရယ်နေသည်။





"ကဲ. . . ဘာဘ သွားနားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဘာဘ. . . ဪ. . . ဘာဘ တစ်ခုခု စားပါလားဟင် ထက်ရှား လုပ်ပေးမယ်"

"မစားသေးဘူး သမီး. . . လမ်းမှာ စားထားသေးလို့"

ဦးဗလနေ ထွက်သွားတော့ မင်းထက်ရှားက ထမီတွေကို ဖိုဘက်တိုးပစ်လိုက်ကာ. . .

"အားလုံး အမေ့ကို သွားပေးပစ်မယ်"

"ဖေဖေ့မှာ အမေ့အတွက်လည်း ပါမှာပဲ. . . ဒါက မင်းဝတ်ဖို့ ဝတ်ကိုဝတ်ရမှာ"

မင်းတွေ ဘာတွေနဲ့ ဖြစ်လာသည့် နေရွှေကို မင်းထက်ရှား မကျေမနပ်ဘဲ ကြည့်သည်။

"လူကိုများ မင်းတွေ ဘာတွေနဲ့ ဟင်း. . . တော်တော်ထွင်"

"ထွင်တာ မဟုတ်ဘူး. . . လင်မယား ဖြစ်နေမှ နင်နဲ့ငါနဲ့ ပြောလို့ လူကြားကောင်းမလား"

"ကောင်းကောင်း မကောင်းကောင်း"

"ထက်ရှား ဒီနေ့ ကိုကိုနဲ့ အလုပ်ထဲလိုက်ခဲ့ပါလား"

"မလိုက်ချင်ပါဘူး"

"လိုက်ခဲ့ပါကွာ. . . တခါတလေပဲဟာ"

"အို. . . မလိုက်ချင်ပါဘူး ဆိုနေမှ ဘယ်လိုဖြစ်နေလဲ"

"ကိုယ့်ယောက်ျားအလုပ် ဘာလုပ်လဲဆိုတာ လေ့လာထားမှပေါ့ မတော်တဆ အက်ဆီးဒင့် တစ်ခုခုဖြစ်ပြီး ကိုကို သေသွားရင်. . ."

"ကိုကိုနော်"

မင်းထက်ရှား မျက်လုံးပြူးလေးနှင့် ထအော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တော်တော်ပဲ သေချင်နေလား"

နေရှု ဝမ်းသာသွားသည်ကို မျိုသိပ်၍ တမင်ခပ်တည်တည် လုပ်နေသည်။

"လူ့ဘဝဆိုတာ ကွေးသောလက် မဆန့်မီ ဆန့်သောလက် မကွေးမီတဲ့. . . တကယ်လို့ ဖြစ်သွားခဲ့ရင် ထက်ရှား မလုပ်တတ် မကိုင်တတ် ကျန်ခဲ့မှာစိုးလို့"

"အဲဒါဆိုလည်း အားလုံးရောင်းဝစ်ပြီး သီလရှင်ဝတ်လိုက်မယ် ပြီးရောပေါ့"

အသံလေး တုန်သွားလျက် ဖျတ်ခနဲ လှည့်သွားသည့် မင်းထက်ရှား မျက်နှာလေးကို နေရှု အတင်းဆွဲလှည့်ယူသည်။

"ကိုကိုနော်"

ကြည့်စမ်း မျက်ရည်တွေ လည်လို့. . .

သူ့အပေါ် မင်းထက်ရှား သံယောဇဉ်ကြီးတာကို သိလိုက်ရ၍ ရင်ထဲမှာ ဝမ်းသာမှုက အတိုင်းအဆမရှိ။

"ထက်ရှား"

"ဘာလဲ"

"ကိုကို့ကို စိတ်ပူတယ်ပေါ့"

"ပေးသေးတယ်"

ဖုံးကွယ်ပြော၍ မင်းထက်ရှား ထထွက်သွားသည်။

နေရှု ပြုံး၍ကျန်နေခဲ့သည်။

တော်ပါသေးရဲ့ သံယောဇဉ်ဆိုတာ ရှိနေသေးလို့. . .

● ● ●



"အမေ. . . ထက်ရှား. . . အဲဒီမှာရှိလား"

"ဟော. . . သားပါလား"

ကားတောင် မရပ်ရသေးတဲ့ ခြံဝကလှမ်းမေးသည့် နေရှု မျက်နှာက မှုကုတ်ကုတ်။

ဒေါ်စိုးစိုးထက်က တံခါးထဖွင့်ပေးကာ. . .

"ရှိတယ်လေ သားရဲ့. . . မနက်က ရောက်တာ သားကို မပြောခဲ့ဘူးလား"

နေရှု စိတ်အေးသွားပုံ နှင့် သက်ပြင်းချကာ ကားပေါ်က ဆင်းသည်။

"မပြောပါဘူးအမေရာ. . . ထက်ရှား တကယ်ဆိုးတာပဲ. . . ဖေဖေနဲ့ ကျွန်တော် ဆိုဒ်ထဲသွားနေကြတာ တစ်မနက်လုံးပဲ. . . အိမ်ကို ဖုန်းလှမ်းဆက်တော့ ရွှေဥလာကိုင်တယ်. . . မရှိဘူးတဲ့ မနက်ကတည်းက ထွက်သွားတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . သားရယ်. . . သူလာနေ အမေ့အိမ်ပဲ ရှိတာပါဟာ သားက ကြံဖန်တွေးပူနေတာကိုး"

အမေကမှ မသိတာလို့ ပြောလိုက်ချင်လှသည်။

ရည်းစားထားမယ်လို့ စိန်ခေါ်ထားတဲ့ မင်းထက်ရှားအပေါ် ဘယ်သွားသွား သူစိတ်မချ။

"နေရွှေ. . . မနေ့က ကျောင်းအပြန် အအေးဆိုင်ရှေ့မှာ ထက်ရှားနဲ့ ငွေစိုး စကားပြောနေကြတယ်ကွ. . . အတူအအေးသောက်ပြီး ထွက်လာတာလား. . . ခဏတွေ့လို့ ရပ်စကားပြောသလားတော့ မသိဘူး" တဲ့ ဖြိုးဝင့်ဇွ ဖုန်းဆက်ခဲ့ဖူးသည်။

အဲဒီကတည်းက မင်းထက်ရှား သူ့ကို ရွဲ့တော့မှာပဲလို့ နေ့စဉ်နဲ့ အမျှ ရင်တွေပူနေခဲ့ရသည်။

ငွေစိုးနဲ့ စကားပြောသလားလို့ ဖွင့်မေးဖို့ကလည်း မဖြစ်နိုင်။

ကိုယ်က ဒီလောက်ထိ သဘောထားသေးရာ ကျဦးမယ့်အပြင် ထက်ရှားကလည်း ငြိမ်ခံနေမှာ မဟုတ်။

ဒီ့ထက် ပိုပြီး ရွဲ့လုပ်သွားတော့ မခက်ဘူးလား။

ကိုယ့်စကားတစ်ခွန်းမှားခဲ့လို့ အရွဲ့တိုက်လုပ်ခဲ့လိုက်တာ ချက်ချင်းကြီး မိန်းမပျောလိုက်ရတဲ့ အဖြစ်။

သူပဲ ဖန်တီးပြီး သူက မချစ်နိုင်ဘဲ ခပ်ပေါ့ပေါ့ နေခဲ့ပေမယ့် ကိုယ့်မှာ ချစ်လွန်းလို့ မပြောရဲမဆိုရဲ။

နေရွှေ ဘယ်လိုလုပ် စိတ်ချနေနိုင်မလဲ။

ဒီနေ့ စိတ်ထဲ သတိတရဖြစ်ကာ ဆိုဒ်ထဲကနေ ဖုန်းလှမ်းဆက်တော့ တစ်နာရီခွဲနေပြီ။

ရွှေဥ ဖုန်းလာကိုင်၍ မနက်ကတည်းက ထွက်သွားသည်ဟု





ပြောလိုက်တာ ကြားရသည်တွင် ရင်ထဲမှာ ပူသွားသည်။

ကျောင်းပိတ်ရက်ကြီးမှာ ဘယ်မှလည်း သွားစရာရှိတယ် မကြားပါဘဲ ဘယ်သွားနေပါသနည်း။

ဖြစ်နိုင်ချေ အရှိဆုံးနေရာတို့ သူအရင်လာခဲ့တာပါ။

တော်ပါသေးရဲ့. . . ထက်ရှားတို့ သူ ဒီမှာတွေ့ပါလျှင်. . .

"သား အလုပ်ထဲက တန်းလာတာလား"

"ဟုတ်ကဲ့"

ဘောင်းဘီရှည်အနက်နှင့် စပို့ရှပ်အဖြူနဲ့ အနက်စင်းကို ဝတ်ထားသည့် နေရွှေ မျက်နှာမှာ စိတ်ပင်ပန်းခြင်းကြောင့် နီနေသည်။

"ထက်ရှားရော အမေ"

"ရေချိုးနေတယ် လားရဲ့"

နေရွှေ မီးဖိုထဲဝင်ကာ အိုးတွေခွက်တွေ လျှောက်လှန်နေရင်း တစ်ချိန်က ဒီနေရာတွေမှာ တစ်ယောက်ကို တစ်ယောက် ထရိုက်လုယက် စားခဲ့ကြတာတွေကို သတိတရ ရှိလာမိသည်။

ဩော်. . . မင်းထက်ရှားဆိုတာ ကိုယ့်ဇနီး ဖြစ်လာခဲ့မယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့ပါလား"

"သား. . . ထမင်းဆာလို့လား"

ဒေါ်စိုးစိုးထက် နောက်က ကပ်လိုက်ကာ ရပ်မေးသည်။

"မဆာပါဘူး အမေ. . . အမေ့အိမ်ရောက်တော့ သတိရသလို ရှိလို့ လျှောက်ကြည့်နေတာ"

"သားရယ်"

ဒေါ်စိုးစိုးထက်က နေရွှေ အရပ်မြင့်မြင့်ကြီးကို မော့ကြည့်ကာ ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးသည်။ လွန်စွာ သည်းတုန်လှုပ်မောဖွယ်ကောင်းသော မရွှေထက်ရှားရဲ့ စွန့်စားမှုတွေက လုပ်တဲ့အတိုင်း ကွက်တိအဆင်ပြေခဲ့ပေလို့…

"ထက်ရှား…ဒီလို ဇုက္ခရောက်ပြီဆို ဘဘက ဘယ်လိုမှ ဒီအတိုင်းကြည့်နေမှာ မဟုတ်ဘူးလေ…ကိုကိုနဲ့ မချပေးစားမှာပဲ သူပြောတဲ့ ကလေကချေဆိုတာ သူကိုယ်တိုင်ဖြစ်အောင် ထက်ရှား မဖြစ်မနေ လုပ်ပစ်လိုက်တာ"တဲ့ ကဲ…အဲဒီလောက်ထိ မိုက်ရူးရဲလုပ်တဲ့ သမီး။

"သားက လုံးဝမယူနိုင်ပါဘူးဆိုပြီး သူ့ရည်းစားကို ခိုးသွားရင်ညည်း ဘဘကရော ဘာတတ်နိုင်မှာလဲ…ညည်းလုပ်ပုံက ငါ့မှသာ နှလုံးရောဂါရှိရင် သေပြီ"

"ကိုကိုကလည်း အမေကြောင့် ခေါင်းခါနိုင်မှာ မဟုတ်ဘူးဆိုတာ ထက်ရှားက အပိုင်တွက်ပြီးသား"တဲ့ ဒီလိုကျတော့လည်း ကလေးဆန်တဲ့ ဦးနှောက်က တယ်သချာ်တော်ပါလား…

"ထိုင်လေ သားရဲ့…ဟိုလှောက်ဒီလှောက်နဲ့ ဘာလဲ…ထက်ရှား ပြီးတာနဲ့ တန်းပြန်တော့မလား"

"ပြန်မယ် အမေ…ဆိုဒ်ထဲမှာ ဖေဖေတစ်ယောက်တည်းရယ် ပဗ္ဗည်းတွေ ရောက်လာရင် တစ်ယောက်တည်း မဖြစ်ဘူး"

နာရီကိုကြည့်၍ ပြန်ဖို့ အိမ်ရှေ့ဘက် လျှောက်သွားပြီးမှ…

"အမေ့သမီး ရေချိုးနေတာ ကြာလှပြီ"

ပြော၍ နောက်ဖေး ရေချိုးခန်းထဲ ခနရှုရှ လျှောက်ဝင်လာခဲ့သည်။

"ထက်ရှား"

"ဟင်"





"ရေချိုးတာ ကြာလှချေလား…ခေါင်းလျှော်နေတာလား"

"အင်း…ကိုကို ဘာလာလုပ်တာလဲ"

"ခင်ဗျား…မပြောမဆိုနဲ့ ထွက်သွားလို့ လိုက်ရှာတာလေ…ကဲ…မြန်မြန်လုပ်"

"လုပ်လို့မရဘူး…ဒီမှာ ခုမှ စလျှော်တာ"

"ခုမှစလျှော်ရင် အစောကြီးက ရေချိုးခန်းထဲဝင်ပြီး ဘာလုပ်နေလဲ…အအေးပတ်ပြီး နှာတွေမွှန်တော့မှာပဲ"

"ဘယ်လို လာဖြစ်နေတာလဲ…နှာညည်းလိုက်တာ"

"ထက်ရှား…ဒီမှာ ကိုကိုရပ်စောင့်နေတာနော်…မြန်မြန်လုပ်"

ခေါ်စိုးစိုးထက် နေရှု ဖြစ်နေပုံကို တစေ့တစောင်း လှမ်းကြည့်ကာ တစ်ယောက်တည်း ပြုံးနေမိသည်။

သမီးဆိုးသမျှ သူ့ပဲခံနိုင်တာ…

မင်းထက်ရှား ထမီရင်လျားလေးနှင့် ထွက်လာတော့ အခန်းဝမှာ သဘက်ကိုင်၍ ရပ်နေသည့် နေရှု မျက်နှာက သုန်မှုန်လျက်…

"ရော့…ရေမြန်မြန်သုတ်…အကျီဝတ်ပြီး သွားမယ်"

"ဟာ…ညနေ မုန့်တီသောက်မလို့ အမေ့ကို ပြောထားတာ"

"မသောက်နဲ့တော့"

နေရှု နာရီကိုလည်း တကြည့်ကြည့်နှင့် အပြင်ထွက်လာကာ

"အမေရေ…ကျွန်တော် ထက်ရှားကို ခေါ်သွားတော့မယ်"

"ဟဲ့…သားက ဆိုဒ်ထဲပြန်ရမှာဆို"

"ဟုတ်တယ်…သူ့ကိုပါ ခေါ်သွားမှာ"

"ကိုကိုနော်…အလုပ်ထဲကို ထက်ရှား မလိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်လို့ မရဘူး... ခင်ဗျား သိပ်ခြေရှည်တာ... ဒီကပြန်ပြီး ဟိုဝင်ဒီထွက် လျှောက်လုပ်လို့ ကျုပ်က လိုက်ရဦးမယ်"

"ခြေထောက်ပါတာပဲ သွားမှာပေါ့... ဘာလို့ လျှောက်လိုက်နေတာလဲ"

"ဟဲ့... ထက်ရှား ဒီလိုမပြောရဘူးလေ"

ဒေါ်စိုးစိုးထက် ဝင်ဆူမှ မင်းထက်ရှား အသံတိတ်သည်။ ရင်ထဲမှာတော့ မကျေနပ်သေး။

ခုတလော ဒီလူ ဘာဖြစ်မှန်းမသိ... ဘယ်သွားလဲ... ဘာလုပ်နေလဲ အစစ်ဆေးတွေကများလာသလို...

အလုပ်ထွက်သွားပြီဆိုပြီး အိမ်မှာ အေးအေးလည်း မနေရ။

ဖုန်းဆက်တာ နာရီတော်င် မခြားချင်။

အဲဒါ အမေ့ကို တိုင်ပြောတော့ 'ညည်းကို ချစ်လို့ပေါ့တဲ့'

ထက်ရှား မယုံပါဘူး...

လတ်လတ်ဆတ်ဆတ် ရည်းစားကြီးကိုဖြတ်ပြီး ကောက်ယူလိုက်ရတဲ့ မိန်းမကို ချစ်တယ်ဆိုတာ ယုံစရာလား...

● ● ●

"နေ"

"ဟာ... ဘရဏီပါလား"

ကားတံခါးဆီ လက်လှမ်းလိုက်ပြီးမှ ပြန်ရုတ်လိုက်ရသည်။

ဘရဏီ ပုံစံက အရင်လို မဟုတ်ဘဲ နွမ်းလျနေသည်။

"နေ အချိန်ရလားဟင်"

အိမ်ပြန်ချင်နေပေမယ့် ဘရဏီပုံစံကိုမြင်တော့ ခေါင်းမခါနိုင်ဘဲ ဖြစ်ရတော့...

"ရပါတယ်... ဘရဏီ ပြောစရာရှိလို့လား"

"အင်း..."

"ဒါဆို အေးအေးစကားပြောလို့ရတဲ့ နေရာတစ်ခုခုမှာ သွားထိုင်တာပေါ့"

"ဟင့်အင်း... ထိုင်လို့မဖြစ်ဘူး... နေ့အိမ်ကို [illegible] လို့မရဘူးလား"

"ဟင်"

နေရွှ ခေါင်းကြီးသွားသည်။

တစ်ချိန်က အတွဲကြီးတွဲခဲ့ကြတဲ့ ချစ်သူကြီးကို မိန်းမရှေ့ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားဖို့ သူဘယ်လို သတ္တိမွေးရမလဲ. . .

ဘရဏီက နီရဲပါးလှသော ဆံပင်တွေကို ဖျတ်ခနဲ ခါပစ်လိုက်တာ. .

"ခဏလေးတော့ လိုက်ချင်တယ် နေ. . တို့ သိပ်ကို အခက်အခဲ ဖြစ်နေလို့ပါ"

ဘရဏီက ဘေးဘီကို ဝေ့၍မျက်လုံးကစားလိုက်ပြီး. . .

"မြန်မြန် စဉ်းစားပါ နေရယ်. . . တို့ ဒီတိုင်းကြာကြာ ရပ်နေလို့ မဖြစ်ဘူး"

နေရဲ့ ပို၍ မျက်လုံးပြူးသွားသည်။

မတတ်သာတဲ့အဆုံး ကားတံခါး ဖွင့်ပေးလိုက်ရတော့သည်။

မြို့ထဲကို ကားကွေ့ဝင်လိုက်သည်နှင့် ပန်းပင်တွေကြားမှာ ကုန်းကုန်းကွကွ အလုပ်ရှုပ်နေသည့် မင်းထက်ရှားကို လှမ်းမြင်လိုက်သည်။

မင်းထက်ရှားက သူတို့ကို မော့မကြည့်ပါ။

"ထိုင် ဘရဏီ. . . ရွှေဥရေ"

"ရှင်. . . အစ်ကိုလေး"

"ဘေးစရာ တစ်ခုခုလုပ်ခဲ့စမ်း"

"အို. . . ဘာမှမလုပ်နဲ့ နေ. . . ဘရဏီ ဘာမှစားလို့ရမှာ မဟုတ်ဘူး. . . ဘာမှမလုပ်နဲ့ ညီမလေး သွား. . . သွား"

"ဟုတ်"

ရွှေဥ ထွက်သွားတော့ ဘရဏီ မျက်ဝန်းမှ မျက်ရည်တွေ ပြိုက်ခနဲ ကျလာကြသည်။

"ဘယ်လိုဖြစ်ရတာလဲ. . . ဘရဏီ ပြောစမ်းပါဦး"

အရင်တုန်းက မျက်နှာမှာ အိုင်းစဲ့ဦး ရောင်စုံနှင့် နှုတ်ခမ်းဆိုး





ဆေး မပြတ်ရှိခဲ့သော ဘရဏီက အခုတော့ ဖျော့တော့သော မျက်ဝန်း မှိန်မှိန်နှင့် ပိတ်ကပ်ပြယ်နေသော မျက်နှာမှာ ရဲနေသော နှုတ်ခမ်းနီကို တင်ထားပေမယ့် တခြားစီဖြစ်ကာ လိုက်ဖက်တင့်တယ်ခြင်း မရှိတော့။

အနည်းငယ်သွယ်သော ကိုယ်လုံးက ပိန်ကပ်ကပ်ဖြစ်ကာ အသားအရေက ဖြူဖွေးနေတာတောင် စိုပြေခြင်းမရှိ။

"တို့. . . ဘလက်စ်နဲ့ လက်ထပ်ပစ်လိုက်တာ နေ သိလားဟင်"

"သိတယ်. . . ဟိုတလောကမှ ကြားလိုက်တာပါ. . . ကျောင်းမပြီးဘဲ ယူလိုက်တာဆို"

"ဟုတ်တယ်. . . တို့က မိုက်တာပါ"

ဘရဏီ နေရဲ့ကို နမျောတမ်းတသော မျက်လုံးနှင့် တစ်ချက်ကြည့်ကာ မျက်လွှာချ၍ ရှိုက်ငိုသည်။

နေရဲ့ကို သူ တအားချစ်ခဲ့သော်လည်း ဘလက်စ်အပေါ်မှာ အထင်ကြီးမှုပို၍ စွဲငြိခဲ့လေသည်။

နေရဲ့က အေးဆေးပြီး ဘလက်စ်က အချွဲကောင်းသသောက် လက်ရဲဖက်ရဲ နိုင်သည်။ သူ့အပြော သူ့အတွေ့မှာ ရှန်းထွက်ဖို့ခက်ရတဲ့ အဖြစ်မျိုး။ မိဘအရှိန်အဝါနှင့် မိဘတွေကပါ ကြည်ဖြူကြတာမို့ လက်ထပ်ခဲ့တုန်းက နေရဲ့ကိုပင် ပြတ်သားခြင်း မရှိခဲ့သေး. . .

"သူ အရမ်းပွေတာပဲ နေရယ်. . . သူ့မိဘတွေကလည်း လောင်းကစားသမားတွေချည်းပဲ"

ဖေဖေ့လို အဖြစ်မျိုးပါလားဟု တွေးမိကာ ဘရဏီကို သနားသွားသည်။

"သူ တို့ကို ဘာမှလုပ်ကိုင် မကျွေးတတ်ဘူး. . . မိဘတွေကလည်း အရင်းအနှီး ထုတ်ပေးနိုင်တဲ့ အဆင့်မရှိကြဘူး. . . သူ့ဘိုးဘ အနွံ



www.burmeseclassic.com

www.burmeseclassic.com



ပဲရှိတာကိုး"

တူလိုက်တာဟု ထပ်၍ တွေးမိပြန်သည်။

"မာမီတို့က နှစ်ခါသုံးခါတော့ အရင်းထုတ်ပေးပါတယ်... ဘယ်နှစ်သိန်းပေးပေး သူ ဖြုန်းပစ်တယ်. . . ခုတော့ ဆေးသုံးနေတဲ့အထိ ဖြစ်လာတယ်"

'ဟင်"

"ဟုတ်တယ်. . . ငွေလိုတော့ သူ ဒုစရိုက်တွေ လုပ်နေတယ် ထင်ပါတယ်. . . မာမီတို့လည်း ဘာမှမပေးတော့တဲ့အဖြစ် ထို့ကိုပါ ဒေါသ ဖြစ်ပြီး လုံးဝ အိမ်မလာရဘူးလို့ မြွတ်အောင်ထားခဲ့တာကြာပြီ"

"ဖြစ်ရလေ ဘုရားရယ်"

"ခု သူ့ကို ပစ္စည်းတွေနဲ့ မိသွားတယ်. . . ဖြစ်ချင်တော့ တို့က သူ့နားမှာ ရှိနေတုန်းဆိုတော့ တို့ပါ ငြိနေလို့ မနည်းလွတ်အောင် ပြေးခဲ့ရ တာ"

"ခု မပြူးသာတာပေါ့"

"အင်း"

သူတို့ စကားပြောနေကြတုန်း မင်းထက်ရှား ခြံထဲက တက်လာ သည်။ မထင်မှတ်ဘဲ သူ့ကို မြင်လိုက်ရ၍ အံ့ဩဟန် ခဏလေးဖြစ်တာ ချက်ချင်း မျက်နှာလွှဲ၍ အပေါ် ထပ်တက်သွားသည်။

"နေ. . . သူနဲ့ လက်ထပ်လိုက်ပြီနော်"

"ဟုတ်တယ်"

"သူနဲ့ နေက အရမ်းကံကောင်းမှာပါ. . . ကောင်မလေးက ချစ် စရာလေးနော်. . . ခုမှ မြင်ဖူးတာ"

ထိုစဉ် မင်းထက်ရှား ပြန်ဆင်းလာသည်။





"ရွှေဥရေ"

"ရှင်"

"ဟိုမှာ ညွှန့်သည်ကို တစ်ခုခု ကျွေးဖို့လုပ် မပေးဘူးလား"

"မလုပ်နဲ့ဆိုလို့ပါ"

မင်းထက်ရှား ပြောနေတာတွေ နေရွှေတို့ အားလုံးကြားနေရ သည်။ ဒီလောက်ဆို မဆိုးသေးဟု နေရွှေ တွေး၍. . .

"ထက်ရှား. . . ခဏလာပါဦး"

လှမ်းခေါ်တော့ မင်းထက်ရှား အနားမှာလာထိုင်သည်။

ရှပ်အင်္ကျီပွပွနှင့် စကတ်ကျပ်ကျပ် ဒူးဆစ်လောက်လေးကို ဝတ် ထားသည့် မျက်နှာပုံ့ပုံ့ဖွေးဖွေးလေးကို ဘုရားကြီး ငေးကြည့်သည်။

"တို့က ဘုရားကြီးပါ"

သူကိုယ်သူပဲ စ၍မိတ်ဆက်လိုက်၏။

သိသားပဲ ကိုကို့ အသည်းစွဲ အမေရိကန် သဲ ... နေရွှေ မခံချင်အောင် မကြာခဏ စခဲ့ဖူးတာကို ပြန်တွေးမိကာ မင်းထက် ရှား ပြုံးလိုက်မိသည်။

"ထက်ရှား သိပါတယ်"

ဘယ်လိုပုံစံ သိတာလဲဆိုသော အတွေးကြောင့် ဘုရားကြီး မျက်နှာ မှာ အားနာဟန်တွေ ပေါ်သွားသည်။

ကိုယ်က ရည်းစားဟောင်း၊ အဖြစ်နဲ့ လာတာမျိုး မမြင်စေချင်။

"တို့က အစောကြီးကတည်းက လက်ထပ်လိုက်တာပါ. . . အခု တို့ အရမ်းဒုက္ခရောက်နေလို့ မိတ်ဆွေတစ်ယောက်အနေနဲ့ အကူအညီတော င်းတာပါ. . . ထက်ရှားရယ်"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျနေတာကိုတော့ ခုမှသိတာမို့ မင်းထက်ရှား နည်းနည်းဖော့ဪသွားသည်။

ဟိုအချိန်တွေက မြင်ဖူးခဲ့သလို ပလက်တီနမ်တွေ ညှပ်နေအောင် ဝတ်ကာ ကြွကြွရွရွလေး နေတတ်ခဲ့သည့် ဘရဏီ မဟုတ်တော့တာကိုလည်း ခုမှပဲ သတိထားမိခဲ့၏။

"ပြောလေ ဘရဏီ...ကျွန်တော် ကူညီနိုင်တာဆို ကူညီပါ့မယ်"

ဘရဏီက နှစ်ယောက်လုံးကို ဝေ့ကြည့်လိုက်ပြီး...

"ဘလက်စ်ကို ပြန်လွှတ်အောင် နေရှရဲ့ အင်အားနဲ့"

"ဟာ...အဲဒါတော့ မဖြစ်လောက်ဘူး ဘရဏီ...ဒီလိုအမှု အခင်းမျိုးနဲ့ ပတ်သက်တာ ဖေဖေ လုံးဝလက်ခံမှာ မဟုတ်ဘူး"

"ကိုကြီးတော့ မငြင်းလိုက်ပါနဲ့ နေရယ်"

...ကာ ပြောရင်း မျက်ရည်ဝဲလာလျက်...

"ဘရဏီ ခုချိန်မှာ လုံးဝကို အားကိုးမဲ့နေတာပါ"

"ကျွန်တော် မကူညီချင်တာ မဟုတ်ဘူး ဘရဏီ... ဒီကိစ္စမျိုး ဖြစ်နေလို့ ပြောတာ...အဲ...တစ်ခုတော့ ရှိတယ်"

"ဘာလဲဟင်"

"ကျွန်တော် ငွေတော့ ကူညီနိုင်ပါတယ်...ကိုယ်တိုင် လိုက်ဆောင်ရွက်ပေးဖို့ကိုတော့ တကယ်မဖြစ်နိုင်တာပါ"

ဘရဏီကလည်း ငိုနေတော့ မင်းထက်ရှား သနားစိတ်ဝင်လာကာ...

"ဘလက်စ်ဆိုတာ မဘရဏီရဲ့ယောက်ျားလားဟင်"

"ဟုတ်ပါတယ်...ထက်ရှားရယ်...သူ ဆေးမှုနဲ့ အချုပ်ထဲ





နေတယ်"

"ဒီလိုလုပ်ပါလား ကိုကို...သူ့ကို အကျိုးဆောင်တစ်ယောက် ကိုကို ငှားပေးလိုက်ပါလား"

"ဟယ်...ဟုတ်ပါရဲ့ ဖဲ့ ဖဲ့ဒီလိုလုပ်ပေးပါလား နေရယ်... ကိုကိုယ်တိုင်က ဖဲဒီကို မဝင်ရဲမထွက်ရဲ ဖြစ်နေလို့ ခုကွရောက်နေတာ ဒီကိစ္စကို နေ့ အစအဆုံး ကူညီပါနော်"

"အစအဆုံးတော့ မဖြစ်နိုင်ဘူး ဘရဏီ...ကျွန်တော့်မှာ အလုပ်က အများကြီး ဘယ်လိုမှ မအောင့်မှုပါနဲ့ ကျွန်တော် အကျိုးဆောင်လည်း ငှားပေးမယ်...ငွေလည်း ထုတ်ပေးပါ့မယ်...ကျန်တာ ဘရဏီ ကြည့်လုပ်ရှားပါ...ဒီအမှုမျိုးက ခိုးမှု ရိုက်မှုလို လွယ်လွယ်ပြလိုက်တာနဲ့ ပြီးသွားနိုင်တာ မဟုတ်ဘူး"

ဘရဏီ ဘာမှမပြောတော့ဘဲ မျက်ရည်သုတ်သည်။

"ကောင်းပါပြီ နေ့...ဒီလောက် ကူညီတာပဲ ဘရဏီ ကျေးဇူးတင်လှပါပြီ...ဒီက ညီမလေးကိုလည်း မမ ကျေးဇူးတင်ပါတယ်"

မင်းထက်ရှားကတော့ ဘရဏီကို သနားနေမိသည်။

ကိုကို ကူညီနိုင်သားနဲ့ သက်သက်လုပ်တာဟု တွေးနေမိ၏။

"မနက်ဖြန် ကိုးနာရီခွဲလောက်ကို အခုဆောက်နေတဲ့ ကွန်ဒိုမီနီယံ(...)ကို လာခဲ့နော် ကျွန်တော် ဖေဖေ့ကိုပါ ပြောထားပါ့မယ်"

"ကောင်းပါပြီ"

ဘရဏီ ပြန်သွားတော့ မင်းထက်ရှားက ရန်စသည်။

"ကိုကိုက ဘာဖြစ်လို့ ခေါင်းရှောင်ရတာလဲ...ကိုယ်တိုင် မလုပ်ပေးချင်လည်း ကိုကို့မှာ တပည့်တပန်းတွေရှိသားနဲ့ သူမှာ ကိုယ်တိုင်တောင် ထွက်ပြေးနေရပါတယ်ဆိုမှ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သေးသေးလေးပဲ သိတာ. . . ဒီကိစ္စမျိုးကို နိုင်ငံတော်က ဘယ်တော့မှ သက်ညှာမှာ မဟုတ်ဘူး. . . ပစ္စည်းနဲ့အတူ မိထားပြီဆို လွတ်ဖို့ကို မစဉ်းစားနဲ့ မရတော့ဘူး"

"ဒါဆိုလည်း ခုနက အဲဒီအတိုင်း ပြောလိုက်ပါလား"

"ကောင်းမလား ထက်ရှားရဲ့. . . ဘာပဲဖြစ်ဖြစ် အမှုအခင်းတွေနဲ့ ကိုကို မပတ်သက်ချင်ဘူး"

"ထက်ရှားကတော့ ထင်တယ်. . . ဒီနေရာမှာ မွန်းသာဆို ကိုကို နေမှာ မဟုတ်ဘူး"

"ထက်ရှား. . . မင်း. . . ကိုကို့ကို ရန်မစနဲ့နော်"

"ရန်စတာ မဟုတ်ဘူး. . . ဘာရယ်က. . ."

"တော်ကွာ. . . အဓိပ္ပါယ်မရှိတာတွေ လာမပြောနဲ့"

"ပြီးရော နောက်လည်း ရှင့်ညည့်သည်တွေ ရှင့်ဟာရှင် ညှိခံ ထက်ရှားကို လာမခေါ်နဲ့"

မင်းထက်ရှားက ကိုကိုခေါ်လိုက် ရှင်ဖြစ်လိုက်။ စိတ်ကောင်းလေးရှိနေလျှင် ချစ်စရာကောင်းသလောက် ညစ်လာပြီဆို ကမ်းကုန်အောင် ဆိုးတဲ့ကောင်မလေး။

နေရှူ ခေါင်းကုတ်နေမိသည်။

● ● ●



လက်ဖက်ကို ကျွတ်ချနေ ထောင်း၍ လက်ဖက်အစ်ထဲ ပြောင်းထည့်ကာ ဆီရွှဲအောင် ဆမ်းလိုက်ပြီးတဲ့အထိ ဘာမှမဖြစ်သေး။

ဘေစင်မှာ လက်သွားဆေးပြီးတော့မှ တရှိန်ရှိန် ပူတက်လာသည့် ဝေဒနာက ခံအားချင်း မခံရပ်နိုင်ဖြစ်လာတော့သည်။

ပုလင်းထဲက နှမ်းတွေပြူထည့်။ ပုလင်းကို ပြန်ချ၍ လက်ကို ပါးစပ်နှင့်မှုတ်။ အဖုံးပြန်ပိတ်ပြီး လက်ကိုခါ။

"အား. . . ဟူး. . . ဟူး"

လက်ကိုခါလည်းမရ မှုတ်လည်းမရ။

"ဘာဖြစ်နေတာလဲ လက်က"

နေရှူ အပေါ်တက်လာကတည်းက မြင်နေသဖြင့် အိတ်ဆွဲလျက်နှင့် မီးဖိုခန်းထဲဝင်လာသည်။

"လက်တွေပူနေလို့"

"ဘာတွေ လုပ်ထားလို့လဲ"

"လက်ဖက်ထောင်းတာလေ. . . ငရုတ်သီးစိမ်းတွေ ထည့်ထောင်းတာ. . . အား. . . ဟူး. . . ဟူး"



www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်စားတဲ့ ရေနွေးတို့ကလို့ ဘယ်လောက်တောင် ထည့်လို့လဲ... ထက်ရှား တော်တော်မွေ့တယ်ကွာ... အဓိကတောင်းလက်ဖက်တွေလည်းရှိတဲ့ဟာကို"

"အဲဒါတွေ မစားချင်လို့ပေါ့... အား ပူငှိုက်တာ... တအားပူလာပြီ... ဟူး"

"လာ... လာ"

မင်းထက်ရှား လက်ကိုဆွဲ၍ ညှော်ခန်းမှာထိုင်ခိုင်းကာ အိတ်ကိုဝါးချ၍ ဆေးပြာသွားယူလာသည်။

"အဲဒါ ဘာလုပ်မလို့လဲ... ရေနွေးပူလောင်တာလည်း မဟုတ်ဘဲနဲ့"

"ဘာပူဝဲဖြစ်ဖြစ် အေးတာပဲဟာ... ပေးလက်"

"မပေးပါဘူး... လက်ကြီးမဲပြာ သွားမှာပေါ့... တော်ကြာပျောက်သွားမှာ နေပစေ"

"ခက်ပါလား"

ပြောမရတော့ နေရွှေပဲ အရှုံးပေးရသည်။

"အရမ်းမှုတ်နေလို့ ခေါင်းတွေမူးလာမယ် ထက်ရှားရဲ့... တအားမှုတ်တော့ ပိုပူတာပေါ့"

ကိုယ်တိုင် မင်းထက်ရှား လက်ကလေးကို ဆွဲယူကာ သာသာလေးမှုတ်ပေး၏။

ဒီလိုကျတော့လည်း နေရွှေကို အားနာသလိုလို။

"ဖယ်ပါ... ထက်ရှား ဖာသာမှုတ်မယ်"

"မင်း တအားမှုတ်နေတာ ကြာရင်ခေါင်းမူးလာလိမ့်မယ်"

မျက်နှုံးထူထူတို့နှင့် ချောမောသော နေရွှေ မျက်နှာကို ငေးခနဲ တစ်ချက်ကြည့်ကာ...





မင်းထက်ရှား စိတ်ခနဲ လှုပ်ခုန်သွားသည်။

ဘယ်လိုကြီးမှန်းလည်း မသိ။

နေရွှေ ဖျက်ခနဲ မျက်လုံးပင့်အကြည့်နှင့် ဆုံကာ မင်းထက်ရှား မျက်နှာလေး သွေးလှူမိ၍ နီရဲသွားလေသည်။

ရှက်ရှက်နှင့် လက်ကိုတအားရုန်း၏။

"ထက်ရှား"

နေရွှေ ထက်ရှား ပခုံးလေးကို သိုင်းဖက်လိုက်သည်။

"ထက်ရှား ကိုကို့ကို ချစ်လားဟင်"

"ဟာ... ဘာတွေလာမေးနေတာလဲ"

မင်းထက်ရှား မျက်နှာနားမှာ ကပ်ပြောနေသည့် နေရွှေရဲ့ ထွက်သက်လေကြောင့် တစ်ကိုယ်လုံး ထူပူရှိန်းမြနေ၏။

အမြဲလည်း ပွတ်သီပွတ်သပ် နေခဲ့ဖူးကြပါလျက် ခုလို ဘယ်ခါမှ မခံစားခဲ့ဖူး။

"ကိုကို့ကို ထက်ရှားချစ်တယ်မို့လား ဟင်"

"ဟင့်အင်း... မချစ်ဘူး"

"မညာပါနဲ့ကွာ... ကိုကိုလေ ထက်ရှားကို ချစ်နေတာကြာပြီ"

"ရှင် မဟုတ်တာတွေ လာမပြောနဲ့နော်"

"တကယ်ပြောရှာ"

နေရွှေက မင်းထက်ရှား လက်ခုံနုနုလေးကိုလည်း မှုတ်ပေးလိုက်၍...

"အပြင်မှာ ဘယ်ရည်းစားပဲထားထား ထက်ရှားလောက် ကိုကို ဘယ်သူ့ကိုမှ နေရာမပေးခဲ့ဖူးဘူး"

"အဲဒါတွေ ပြောမနေပါနဲ့ ကိုကို... ရှင့်ကို လုံးဝလည်း မယုံဘူး ချစ်လို့လည်း ရမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မချစ်ဘဲနဲ့ ကိုကို့ကို ဘာလို့ရအောင်ယူခဲ့တာလဲ"

"ရှင်ကရော... ထက်ရှားကို ချစ်လို့ယူတာလား"

ရုတ်တရက် သူ ဆွံ့အသွားသည်။

"ရှင် ပြောလေ... မိန်းမတွေ့တိုင်း ချစ်တယ် ပြောကြတာ က မဆန်းပါဘူး"

"ထက်ရှား ကိုကို့ကို ဒီဂါမပြောနဲ့နော်... မင်းတို့ချစ်ပေမယ့် မောင်နှမစိတ်နဲ့ မဖောက်ပြန်မိအောင် ကိုကို စောင့်ထိန်းခဲ့တာ ပြီးတော့ မင်း ကလေးဆန်လွန်းတာကို ကြောက်တာ"

"ခုလည်း ဆက်ကြောက်ပေါ့... ထက်ရှားက လူကြီးလူကောင်းနဲ့ မတန်တဲ့ မိန်းမပေါ့"

"ထက်ရှားကွာ"

ရန်တွေ့လွန်းတဲ့ နှုတ်ခမ်းလေးတွေကို မချင့်မရဲဖြစ်လျက် ထက်ရှားကို သူ အတင်းဆွဲဖက်ပစ်လိုက်ကာ...

"ကိုကိုနော်... ဟာ... ဟိုမှာ ဘဘ"

ဦးဗလနေ တကယ်ဝင်လာတာမို့ ထက်ရှား ထွက်ပြေးသလို နေရငှ ရှက်ကိုးရှက်ကန်းဖြစ်လျက်...

● ● ●

"သား... မင်း နေမကောင်းဘူးလား"

ချောင်းတွေဆိုးလျက် နှာခေါင်းသံပါနေသော နေရွှေ နှုတ်ကို ဦးဗလနေက အသာစမ်းသည်။

"ကိုယ်လည်း ပူလို့ပါလား... ပင်ပန်းလို့ ဖျားတာထင်တယ်... ဆရာဝန်ခေါ်မှ ဖြစ်မယ်"

"မခေါ်ပါနဲ့ ဖေဖေ... နှာစေး ချောင်းဆိုးတာလောက်နဲ့ ဆရာဝန် မလိုပါဘူး ဆေးသောက်အိပ်လိုက်ရင် ပျောက်ပါတယ်"

"ကဲ... ကဲ... ဒါဆိုလည်း ဒီနေ့ စောစောသွားနား ဒါတွေ ဖေဖေလုပ်နိုင်ပါတယ်"

"ရတယ်... ဒါပြီးမှ နားမယ် ဖေဖေ... ဖေဖေ သွားအိပ်ပါ"

"ဟုတ်တယ် ဘဘ... ဘဘအတွက် ထက်ရှား နွားနို့ ပူပူလေး နွေးထားတယ်... ဖန်ခွက်ထဲမှာ တခါတည်း ထည့်ထားခဲ့ပြီးပြီ အိပ်ယာဝင်ခါနီး သောက်ရအောင်"

"သမီး ကိုကို ဖျားနေတယ်ကွဲ့"

ညည်းစွန်းတာမေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဟုတ်လား"

"ဟုတ်တယ်. . . သမီး စောင့်ခေါ် သွားလိုက်နော်. . . ဘဘ သွားအိပ်တော့မယ်"

"ဟုတ်ကဲ့"

ဦးဗလနေ ထွက်သွားသည်။

"ကိုကို လက်ဖက်သုတ် စပ်စပ်စားလိုက်ပါလား. . . ဟိုနေ့က ထက်ရှား ထောင်းထားတဲ့ဟာလေ. . . သိပ်ကောင်းတာ နာတွေဘာတွေ ပျောက်သွားနိုင်တယ်"

"မစားတော့ပါဘူး. . . ထက်ရှား သွားအိပ်လေ. . . ကိုကိုက အိပ်လို့မရသေးဘူး"

"မအိပ်သေးပါဘူး. . . ဒါဖြင့် ဆေးသောက်လိုက်ပေါ့. . . ခဏနေအုံး"

မင်းထက်ရှား ကော်ဖီနဲ့ဆေးယူလာတော့ နေရွှေ သောက်သည်။ အလုပ်တွေ ဆက်လုပ်ရင်း ခေါင်းတွေလည်းမူးလာ၏။

ထက်ရှားက သူ့နားမှာ အိပ်ပျော်နေပြီ။

"ထက်ရှား"

"ဟင်"

ဆတ်ခနဲ ခေါင်းလေးထောင်လာသည်။

"ဘာဖြစ်လို့လဲ ကိုကိုရဲ့"

တအားယိုင်နဲ့နေတဲ့ နေရွှေ နဖူးကို ထစမ်း၍ မျက်လုံးလေး ပြူးသွား၏။

"ကိုယ်တွေ တအားပူနေပါလား. . . ဆရာဝန်ခေါ်မှ ထင်တယ် ထက်ရှား ဘာမှမလုပ်တတ်ဘူး"





"ဘာမှမလုပ်နဲ့ ကိုကိုလည်း အိပ်တော့မယ်"

အခန်းထဲရောက်တော့ သူ့ဟာသူ အနွေးထည်တွေ ထပ်ဝတ်ကာ စောင်ခေါင်းမြီးခြုံအိပ်သည်။

"ကိုကို"

"ဟင်"

"ကိုယ်တအားပူရင် သိပ်ထူတာတွေ မဝတ်ရဘူးတဲ့. . . စောင်ကြီးကလည်း ထပ်ခြုံလိုက်သေးတယ်"

"ချမ်းနေတယ်ကွ"

"ချမ်းတယ်"

"အင်း"

ကိုယ်တွေပူ၍ အချမ်းပြန်တာမျိုးကို မင်းထက်ရှား ကြားဖူးသည်။

တပူအချမ်းပြန်တာတဲ့။

နားမလည်ပေမယ့် လျှောက်တွေးနေမိသည်။

စောစောကလည်း မေးခနဲ ပျော်သွားခဲ့သည်က တစ်ကြောင်း။

နေရွှေကိုလည်း စိတ်မချသည် တစ်ကြောင်းနှင့် မင်းထက်ရှား အိပ်မပျော်တော့။

"ဆေးထပ်သောက်ပါလား ကိုကို"

နေရွှေထံမှ ပြန်သံ မကြားရတော့ပေ။

"ကိုကို"

တုတ်တုတ်မျှမလှုပ်. . .

မင်းထက်ရှား စိတ်ပူသွားမိသည်။

ခေါင်းမြီးခြုံထားသည့် စောင်ကိုကမန်းကတန်း ဆွဲဖယ်၍ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့ နေရှ မျက်လုံးဖွင့်လာကာ...

"ဘာလုပ်တာလဲကွာ... ခွမ်းလို့ပါဆို"

"ကိုကို ချက်ခြင်းကြီး ငြိမ်သွားတော့ လန့်သွားတာပေါ့"

"မင်း မအိပ်သေးဘူးလား"

"အိပ်လို့မှမရကာ"

"ဘာဖြစ်လို့လဲ... ကိုကို သေနေရင် အနားမှာ အလောင်းကြီးနဲ့ စုကွာပဲဆိုပြီး"

"ကိုကိုနော်... ထက်ရှား အော်ငိုပစ်လိုက်မှာ"

နေရှ လေးလံနေတဲ့ မျက်ခွံတွေကို သတိမရတော့ဘဲ ပြုံးလိုက်မိသည်။

"ချမ်းနေသေးလား ကိုကို"

"ချမ်းတယ်"

"ထက်ရှားနဲ့စောင်ပါ ယူခြုံလိုက်နော်"

"အဲဒီစောင်တွေနဲ့ မရပါဘူးကွာ"

"ဟင်... ဒါဆို ရှိသမျှ စောင်တွေ ယူခြုံပေးရမှာလား"

နေရှက ဘေးတရက် မင်းထက်ရှား ကိုယ်လုံးလေးကို ချုပ်ဖက်ပစ်လိုက်သည်။ ပြီးတော့...

"ချစ်တယ် ... ထက်ရှားရယ်"

"ဟာ... ကိုကိုနော်... ထက်ရှား ပြောပြီးသား ထက်ရှား စိတ်ဆိုးမှာ သိလား ဟင့်အင်း"



**ဟယား... ဟိုး... ဟိုး...**

"အဟင့်... ဟီး... ဟီး... လူဆိုး အလတ္တားလူကြီး ကတိမတည်တဲ့ ကွေမ် သက်သက်အနိုင်ကျင့်တာ... မကျေနပ်ဘူးသိလား ... ရှင်ကြီးကို ဘယ်တော့မှလည်း မချစ်ဘူး"

ထက်ရှားကကွာ... အချိန်မတော်ကြီး လူကြားကုန်တော့မှာပဲ တိတ်နော်"

မင်းထက်ရှားက လုံးဝအထိမခံဘဲ ပုတ်ထုတ်ပစ်ကာ ငိုမြဲတိုင်းငိုသည်။

မွေယာပေါ်မှာ ခြေဆင်းလိုက် ဒူးနှစ်ဖက်ထောင်၍ ဖက်ငိုလိုက်နေရှကို တအားလှည့်ထုလိုက်နှင့်မနား။

"သား"

"ဟာ... ဖေဖေ လာပြီ"

နေရှ မင်းထက်ရှားကိုနောက်မှ သိုင်းဖက်ကာ ပါးစပ်ကလေးကို လက်တစ်ဖက်နှင့် ဖိပိတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား. . . သမီး ထက်ရှား"

"ဗျာ. . . ဖေဖေ"

"ငိုသံကြားသလားလို့"

"မ. . . မဟုတ်ပါဘူး ဖေဖေ. . . ထက်ရှား အိပ်နေပါပြီ"

လှိမ်း၍လည်းပြောရင်း ပါးစပ်ပိတ်ထားတဲ့ လက်ကို ထက်ရှား အတင်းဖြုတ်ချနေ၍ နှစ်ယောက်သား အိပ်ယာပေါ်မှာ လုံးထွေးနေတော့သည်။

"သား ကိုယ်ပူကျရဲ့လား"

"ဟုတ်"

"အေး. . . အေးပြီရော. . . သမီးငိုသံကြားလို့ သားများ အတော်ဖြစ်နေသလားဆိုပြီး ဖေဖေ စိတ်ပူလို့ခေါ်တာ. . . အိပ်တော့ သား"

"တုတ်"

"ထက်ရှား"

"မခေါ်နဲ့"

"ကိုကို ချစ်လို့ပါကွာ. . . ကလေးလေးကျနေတာပဲ. . . ဒါငိုစရာလား"

"ငိုစရာပေါ့. . . ထက်ရှား ရှင့်ကို မုန်းတယ်သိလား အဟင့်"

"ဒါဆို မထူးတဲ့စိတ်နဲ့ ကိုကို့ကို ပြန်ချစ်လိုက်တော့နော်"

"မချစ်ဘူး. . . အဲဒီမှာ လဲသေလိုက်"

"သေတော့ မသေခိုင်းပါနဲ့ကွာ. . . ခုမှ ကိုကို တကယ်မိန်းမရှုပဲ ရှိသေးတယ်"

"နေမကောင်းတာလည်း မဟုတ်ဘဲနဲ့ အလကား ပလီတာ. . .





အဲဒီ ပလီတဲ့ပါးစပ် ဝဲပေါက်ပါစေ"

"ဟော့. . . နှာခေါင်းတော့ မပိတ်နိုင်ဘူးနော်"

"ပိတ်ရုံမကဘူး. . . အတစ်လိုက် ဖြတ်ကျပါစေ. . . သူများကို အတင်းချုပ်ထားတဲ့ လက်တွေရော နုနာဖြစ်လို့ လက်ချောင်းတွေ တိုကုန်ပါစေ"

"ကုန်ပါပြီဗျာ"

အဲဒီ ကလေးဆိုးလေးကို နေရှူ တအားပွေ့ဖက်၍ မြတ်မြတ်နိုးနိုး နမ်းရှိုက်နေမိလေသည်။

ရင်ထဲမှာ လမင်းတစ်ရာသာနေသည်။

• • •

ပြီး

www.burmeseclassic.com

www.burmeseclassic.com

"ဟား. . . ဟား. . ."

သူတို့ ဝိုင်းရယ်ကြတော့ နေရှူ ကိုယ်ပါ ပြုံးလိုက်မိရသည်။

"ဖြစ်ရတယ် နေရှူရယ်. . . သိပါဘူး. . . ငါတို့ကတော့ ထမင်းပွဲကြီးပြင်ပြီး ထမင်းငတ်နေတဲ့ မင်းအဖြစ်ကို ဟား. . ."

"အေးလေ. . . ဒါဖြင့် ဒီပွဲက မင်းရဲ့ ဘချလာနိုက်အတွက်ပေါ့"

"ဟုတ်တယ်"

"ဟား. . . ဟား"

စားလည်းစားကြ ရယ်လို့လည်းမဆုံး။

"အဲဒါပြောတာပေါ့. . . ထက်ရှားက တစ်ခါတစ်ခါ တကယ့်ကိုကလေးပဲ. . . ကလေးကို မုန့်ပေးကြိုက်တယ်ဆိုတာ ငါကိုယ်တိုင် ကြုံရေးပဲ. . . ရင်ကာန် . ခံးတုန် ဖြစ်ခဲ့ခဲ့ . . . ည်"

မိန်းမလေးတစ်ယောက်ပေါ်တယ. . . ငါ့သူငယ်ချင်း အဲ့ဖြစ်ယ်. . . ဟား. . . ဟား"

"ဟီတ်ကောင်တွေ တော်ကွာ. . . မင်းတို့ ရယ်လွန်းလို့ ငါ ရှယ်





လာပြီ"

"သြော်. . . ဘင်း. . . ဒါ ရှက်တဲ့ ရုပ်ကြီးလား. . . မှတ်သားရမယ်"

"ငါတို့မိန်းမယူရင် ဒါမျိုးက သင်ခန်းစာပဲ"

"ဟုတ်တယ်. . . မှတ်သားရမယ်"

"ဒါပေမယ့် ဆိုးတာလေးကိုက ထက်ရှားက သိပ်ချစ်ဖို့ကောင်းတာကွ. . . ဒေါသဖြစ်လာရင်လည်း ကြိမ်းလိုက်တာများ စက်သေနတ်ပစ်တာကျနေတာပဲ"

"ပြောစမ်းပါအုံး. . . ဘာတွေကြိမ်းလို့လဲ"

"နေရှူက ဘီယာတစ်ခွက်ကို လက်ကျန်မော့ချလိုက်ပြီ။

"နှာခေါင်းပြတ်ပါစေ. . . လက်ပြတ်ပါစေ. . . ဝဲပေါက်ပါစေနဲ့ ဟား. . . ဟား. . . တကယ်ချစ်ဖို့ကောင်းတယ်"

"မင်းကလည်း သူများမခံနိုင်အောင် သည်းနေမှာကိုး. . . တော်ကြာ တကယ်ပြတ် တကယ်ပေါက်နေလို့ ကုတ်စရာတောင် လက်မရှိဘဲ နေအုံးမယ်"

"သူတောင်းစား"

နေရှူက ဆဲသည်။

"အေး. . . သူတောင်းစားက အဆင့်မြင့်အုံးမယ်. . . သူများကြည်ဖြူသလောက်ပဲ တောင်းစားတာ. . . မင်းကတော့ မသထာရေစာ တောင်းစားနေရတဲ့ သူတောင်းစား"

"ဟား. . . ဟား"

သူငယ်ချင်းတွေ ဆုံတော့ အားလုံးရှင်ဖွင့်ကာ လွှင်လင်စွာ ရယ်ဖြစ်ကြ၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

"ထက်ရှား"

"ဟင်း. . . အရက်စော်နံလိုက်တာ"

မင်းထက်ရှား ဖတ်လက်စ စာအုပ်ကို ချ၍ ရှုံ့မဲ့နေသည်။

"တိုးတိုးပြောပါ ထက်ရှားရယ်. . . မေမေ ကြားပါ့မယ်. . . သူငယ်ချင်းတွေနဲ့ဆုံလို့ အီယာလေး နည်းနည်းသောက်လာတာ"

ပြော၍ ဆိုဖာမှာ ဝုန်းခနဲ လှဲချလိုက်ကာ. . .

"ခေါင်းတွေမူးတာ တအားပဲကွာ. . . ကိုကို့ကို သံပုရာရည် ချဉ်ချဉ်လေး ဖျော်ပေးစမ်းပါ"

မင်းထက်ရှားက ခိုင်းတာကိုလည်း လုပ်မပေးဘဲ မနေနိုင်. . .

"အရင်လိုပဲ ရှိုးရိုးလေးနေပါလား. . . ဟင်း. . . အလုပ်အကိုင်လေး ငါးမြှားဖိုးလောက် သုပ်လာရနှင် ဘဝင်တမြင့်မြင့်ပြီး အရက်လေး တမြမြ အပေါင်းအသင်းက တမမနဲ့ ကိုယ့်ကိုယ်ကိုတော့ သိပ်ဟုတ်တယ် ထင်နေ"

ပါးစပ်ကလည်း ပေါက်ပေါက်ဖောက်သလို ပြောလျက် သံပုရာ





ရည်ကို ဖော်ဖော်ပေးသည်။

"ထက်ရှားကလည်းကွာ. . . စာတွေအိုးခေါက်ဝလေး ကျနေတာ နှမ်းပွစိနဲ့"

ထက်ရှား သက်ကလေးကို ပန်းခွဲ၍ နေရှု ထထိုင်သည်။ ခေါက်စမရှိသည့်ဖို့ နည်းနည်းလေးနှင့် မူးနောက်ရှိနေ၏။

"ထက်ရှား"

"ဘာလဲ"

"ကိုကို့ကို ချစ်လား"

"စိတ်ကိုမကောင်းဘူး"

"မရေးဘူးကွာ. . . ချစ်မယ်"

မူးမူးနှင့် နေရှု ချစ်နေသည်။

"ရှင် နေမယောင် အရက်သောက်တာ နှစ်ခါရှိပြီနော်"

"ရှင်. . . ရှင်နဲ့ မပြောနဲ့ကွာ. . . စိမ်းကား မနေစမ်းပါနဲ့"

"ကဲ. . . ရှင် ရစ်မနေနဲ့. . . ထက်ရှား သွားအိပ်တော့မယ်"

"ကိုကို့ကို တွဲမခေါ်တော့ဘူးလား"

"မခေါ်ဘူး. . . ရှင်က ဒုက္ခတမှ မဟုတ်ဘဲ"

"ကြင်နာတယ်နော်"

လက်ကိုလည်း လွှတ်မပေးဘဲ ရစ်နေတဲ့ နေရှုကို မင်းထက်ရှား စိတ်ပျက်လာတော့သည်။

"ထက်ရှား ကိုကို့ကို အရက်မသောက်ရဘူးလို့ ဘာလို့မချုပ်ချယ်တာလဲ. . . မတားဆီးဘာလဲ"

"ဘာလို့ချုပ်ချယ်ရမှာလဲ. . . အရက်သောက်တာ မကောင်းမှန်း သိရက်နဲ့ သောက်တာကို တားနေလည်း အပိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဗိုဘူး ထက်ရှားရဲ့ . . . ကိုကိုက ထက်ရှား ချုပ်ချယ်တာလေး ကို ခံချင်တာ. . . ထက်ရှား နည်းနည်းလေးကို ခံနေချင်တယ်ကွာ. . . ကိုကို့ ကို မချစ်ဘူးလားဟင်"

"ကိုကိုနော်. . . ထက်ရှား အိပ်ချင်ပြီ"

"ကိုကို့ကို ချစ်လား. . . ပြောလေ"

"မချစ်ဘူး"

"မရဘူးကွာ. . . ချစ်တယ်လို့ပြော. . . ချစ်တယ်မဟုတ်လား ဟင်. . ပြောကွာ"

"ကိုကို ဘယ်လိုဖြစ်နေလဲ"

"မင်းကို တအားချစ်နေတာလေ"

နေ့ရှင့် နေ့စဉ်နေ့တိုင်း ချစ်သလား မေးတာတွေကို မင်းထက် ရှား စိတ်တောင်ညစ်လာရသည့် အဖြစ်။

အလုပ်သွားခါနီးတိုင်း ပါးကိုငုံ့နမ်း၍ 'ကိုကို့ကို ချစ်ဖို့ဝဦးစား ထားနော်' ဟု မှာသွားဖို့ မမေ့သလို. . .

အိပ်ယာဝင်တိုင်း တဖွဖွ ခေါ်နေတော့သည်။

မင်းထက်ရှား တစ်ခါတစ်ခါ ကျတော့လည်း ရယ်ချင်သေးသည်။ တစ်သက်လုံး အတူနေလာခဲ့ကြတဲ့ ညံယောလ်ကြက နည်းသလား။

ထက်ရှား ကိုကို့ကို ချစ်တာပေါ့။

ဒါပေမယ့် သူက အဲသည် မချစ်ရဘူးတဲ့ ဘယ်လိုအချစ်မျိုး လိုချင်နေပါသလဲ။ ခုမှ အသည်းအသန်ချစ်နေတဲ့ နေ့ရွှေပုံစံက ကလေး မုန့်ပူဆာသလို တတွတ်တွတ်။

❀ ❀ ❀



ခုတလော မူးမူးနေတာကြောင့် ဘာကြောင့်မှန်းမသိ။

ဆေးဆိုင်မှာ ကိုယ်လိုချင်တဲ့ဆေး ဝယ်၍ မျက်နှာအမော့. . .

"ထက်ရှား"

"ဟင်"

"ဆေးလာဝယ်တာလား. . . ဟင်"

"ဟုတ်တယ်"

ဆေးဆိုင်က ပြန်အမ်းတဲ့ ပိုက်ဆံကို ယူ၍ဆေးပုလင်းနဲ့ ဆေး ထုပ်တွေပါ ပိုက်ဆံအိတ်ထဲ စုထည့်ကာ မင်းထက်ရှား ဆိုင်ထဲက ထွက်ခဲ့ ၏။

ငွေစိုးက အနားမှာ ကပ်ပါလာ၏။

"ထက်ရှား"

". . ."

"တို့နဲ့ တစ်ခုခုလိုက်စားပါလားဟင်. . . စကားနည်းနည်း လောက် ပြောချင်လို့ပါ"

"ဘာပြောတယ်"



www.burmeseclassic.com

ဒေါ်သက ခုန်ပေါက်ထွက်သွား၏။

"ရှင်ခေါ် တိုင်း လိုက်စားရအောင် ထက်ရှားက..."

"တို့ ဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူးကွာ...လာမယ့် ဆန်း ဒေးမှာ တို့အားလုံး ပြောင်းကြတော့မှာပါ...ဒါကြောင့် နှုတ်ဆက်စားပွဲ လေးအဖြစ် ဧည့်ခံချင်လို့ပါ"

"မလိုပါဘူး...နှုတ်ဆက်ရအောင် ရှင်ကိုလည်း ဘယ်သူကမှ ကြိုဆိုထားတာ မဟုတ်ဘူး"

ငွေစိုးက သက်ပြင်းချသည်။

"မှန်ပါတယ် ထက်ရှား...ကိုယ်ကပဲ ဝင်တာ ကိုယ်ကပဲ နှုတ် ဆက်ချင်တဲ့သူပါ...ဒါဆို ကိုယ်တစ်ခုတော့ သိသွားပါရစေ"

မင်းထက်ရှားက စိတ်မရှည်သလို လှည့်ကြည့်သည်။

ဒီနေ့ကျမှ ကားနဲ့မလာမိခဲ့တာ ဒုက္ခ။

"ထက်ရှား နေရှင့်ကို ချစ်သလား"

"ချစ်ချစ် မချစ်ချစ် အဲဒါ ရှင့်ကိစ္စလား"

"ပြောပါ ထက်ရှားရယ်...ဒါလေးတော့ ကိုယ်သိပါရစေ... မင်း သူ့ကိုမချစ်ဘဲ လက်ထပ်ခဲ့တာ မဟုတ်လား...မင်းအချစ်ကို သူ မရခဲ့ဘူးဆိုတာ ကိုယ်သိတယ်...လူကြီးတွေ လက်ထပ်ပေးခဲ့တာမို့လား ဟင်...ခေါင်းညိတ်လိုက်ပါ ထက်ရှား...မင်းရဲ့အချစ်ကို ကိုယ် မရနိုင် ခဲ့သလို သူလည်း မရခဲ့ဘူးဆိုတဲ့ အဖြစ်ကို ကိုယ်လိုချင်တယ်"

မင်းထက်ရှား တစ်ခုခု ပြန်ပြောမည်ပြင်ဆဲ အနားမှာ ကားအ ဖြူလေးတစ်စီး လာရပ်သည်။

နေရှင်...

ငွေစိုး မျက်နှာတင်းသွားသည်။





နေရှင်က အေးစက်စက် စိုက်ကြည့်၏။

မင်္ဂလာဆောင်တုန်းကလို သွေးပျက်ကြေကွဲနေတဲ့ မျက်နှာနှင့် တခြားစီ။

ငွေစိုး မျက်နှာ ချက်ခြင်းရဲတက်လာ၏။

မင်းထက်ရှားက တစ်ဖက်မှ ဝင်ထိုင်လိုက်သည်။

ကားလေးက ရှော့ခနဲ [illegible]ထွက်သွား၏။

လမ်းမှာ နှစ်ယောက်[illegible] စကားမပြောမိကြ။

• • •



www.burmeseclassic.com

www.burmeseclassic.com

"ရှင် အဲဒီလို မစွပ်စွဲနဲ့နော်"

"စွပ်စွဲတာ မဟုတ်ဘူး. . . မင်းကို ရှင်းခိုင်းနေတာ. . . အဲဒီ ငွေစိုးနဲ့ အပြင်မှာ ခဏခဏ တွေ့နေတာ တိုက်ဆိုင်တာလား. . . ဖန်တီး ထားတာလား. . . ဘာတွေလဲ"

"ဖန်တီးတယ်လို့ ရှင်က ထင်တယ်ပေါ့"

"ပြန်မမေးပါနဲ့ မင်း ငါ မေးတာကို ဖြေပါ. . . မင်းကို ဒီကောင် ခုချိန်ထိ ကြိုးစားနေတဲ့သဘောလား"

"ဟုတ်တယ်ဆိုရင် ရှင်က ထက်ရှားကို ကွာပေးမှာလား . အဲဒါ ပြော"

"ထက်. . . ရှား. . . မင်း"

ထက်ရှားပခုံးကို သူ ခပ်ကြမ်းကြမ်းဆုပ်၍ ကိုင်ဆောင့်ပစ်မိ တော့မည့်စိတ်ကို မနည်းထိန်းလိုက်ရသည်။

"မင်းကို အသည်းအသန် ချစ်ခဲ့ကြိုးစားခဲ့ဖူးတဲ့ကောင်က မင်း အနားမှာ တဝဲဝဲ ဖြစ်နေတဲ့အဖြစ်ကို ငါ ဘယ်လိုကြည့်နေရမလဲ. . . မင်း ငါ့ကို နည်းနည်းမှ ထည့်မစဉ်းစားဘူးလား. . . ဟင် ထက်ရှား"





မင်းထက်ရှားက သူ့ကို စူးရဲစွာ စိုက်ကြည့်၏။

"မင်းနဲ့ ဒီကောင် စကားပြော ပြောနေကြတာ. . . ငါ သိတယ်"

"စကားပြောတာ ဘာဖြစ်လဲ. . . ရှင်ရော ရှင့်ကောင်မနဲ့ စကား ပြောတာပဲ. . . အလွမ်းသယ်ဖို့ ကြိုးစားတာပဲ. . . ရှင်ပြောတဲ့ စကားမျိုး ထက်ရှား ပြောခဲ့ဖူးလား"

"ဘယ်ပြောမလဲ. . . မင်းကမှ ငါ့ကိုမချစ်ဘဲ ငါတော့"

"ချစ်တယ်လို့ ပြောမလို့လား. . . လာမပြောနဲ့ ယုံဘူး. . . ငါ မယားဆိုတဲ့ ပါဝါနဲ့ ချုပ်ချယ်ချင်တာ ထိန်းချုပ်ချင်တာ ဒီမှာ ဦးနေရှူး အဲဒီ တိုင်းငွေစိုးဆိုတဲ့ ကောင်ကို ခေါင်းထဲထည့်ခဲ့ရုပ် ဒီနေ့ ဒါတွေဖြစ် လာစရာအကြောင်းမရှိဘူး. . . ရှင်. . . ထက်ရှားကို နောက်ထပ် ဒီလိုသံ သယတွေနဲ့ ထပ်စွပ်စွဲရင် စွပ်စွဲတဲ့အတိုင်း ဖြစ်အောင်လုပ်ပြမယ်. . . မ ယုံမရှိနဲ့"

"ထက်ရှား"

"ဖယ်. . . မကိုင်နဲ့"

သူကဆွဲ ထက်ရှားက ဖယ်ထုတ်နှင့် မထင်မှတ်စွာ မင်းထက်ရှား မိုက်ခနဲ ပြိုလဲကာ နေရှူး ရင်ခွင်ထဲကျလာသည်။

"ဟာ. . . ထက်ရှား. . . ထက်ရှား"

"ဘာဖြစ်တာလဲ သား. . . မင်း ဘာလုပ်လိုက်တာလဲ"

"မသိဘူး မေမေ. . . ကျွန်တော် ဘာမှမလုပ်ဘူး"

ထက်ရှားကို အိပ်ခန်းထဲပြေးပို့ ဆရာဝန်ဆီ ဖုန်းဆက်နှင့် သား အဖနှစ်ယောက်လုံး အလုပ်ရှုပ်သွားသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ရလေ သမီးရယ်. . . ကိုယ့်တို့ချစ်တာများ စိတ်ညစ်ရတယ်လို့"

"မတုတ်ဘူး အမေရဲ့. . . အခုပိုဆိုးသွားပြီ ထက်ရှားကို ဟိုဟာမစားနဲ့ ဒီဟာမလုပ်နဲ့ သောက်လိုက်ရတဲ့ ဆေးတွေဆိုတာ စိတ်ညစ်စရာကြီး"

"သမီးက ဘယ်နှစ်လရှိပြီလဲ"

"သုံးလ"

မင်းထက်ရှား ကိုယ်ဝန်ရှိနေနဲ့ မျက်နှာလေး ညှောင်နေရှာသည်။

"ပြီးတော့ ထက်ရှားကို ကျောင်းမတတ်ရတော့ဘူးတဲ့. . . ဘာဘကပါ အလိုတူအလိုပါ"

"ဟုတ်လား"

ဒေါ်စိုးစိုးထက်ကတော့ ကိုယ့်သမီးလေးကို သူတို့ ချစ်ကြသည်ဆို၍ သဘောကျလို့မဆုံး။





"ကျောင်းမတက်နိုင်းတော့လည်း မတက်နဲ့ပေါ့ သမီးရယ်. . . ပြီးတော့ သမီးယူမယ့်ဘွဲ့က လုပ်စားတော့လည်း တစ်ချက်မှ နားရမယ့် အလုပ်မဟုတ်ဘူး"

"ထက်ရှား ဘွဲ့တစ်ခုတော့ လိုချင်တယ်. . . သူ့ကျတော့ ဘွဲ့တွေအာတွေနဲ့"

"ဟော. . . ဟိုမှာ သားသိုက်လာပြီ"

"ကြည့်ပါလား အဲ့ဒါပဲ"

မင်းထက်ရှား ဆောင့်ဆောင့်အောင့်အောင့်နှင့် အိမ်ပေါ် ပြေးတက်သွားသည်။

"အမေ. . . ထက်ရှားရော"

"အပေါ်မှာ သားရဲ့"

နေရဲ့ကလက်ထဲက အထုပ်ကြီးကို စားပွဲပေါ် ချလိုက်သည်။

"ဘာဆုပ်ကြီးလဲ သွ့ဲ"

"မွေးပွဲကတ္တီပါလေ"

"ဘာလုပ်ဖို့လဲ"

"အမေ့လှေခါးမှာ ခင်းဖို့"

"ဘာဖြစ်လို့လဲ သားရဲ့. . . အမေတစ်သက်လုံး ဒီလိုပဲ နေလာတဲ့ဥစ္စာ"

နေရဲ့က မလုံမလဲ ပြုံးလိုက်ကာ. . .

"ဟို. . . အမေ့သမီးကြောင့်လေ. . . ကိုယ်ဝန်ရှိပြီ ဆိုကတည်းက အမေ့ဆီမှာချည်းပဲ. . . တော်ကြာ သူက ရေချိုးပြီး ခြေထောက်ရေစိုနဲ့ လှေခါးပေါ် ပြေးတက် ချော်ခေါ်ခင်းအုပ်မှာ မတော်တဆ ခြေချော်သွားမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ဩော်"

သူမိန်းမ ခေါ်လဲမှာ စိုးလို့ကိုး...

"မသိပါဘူးတော် အနေမက အမေ့အိမ်ကို တမင်တန်ဆာဆင်ပေးသလားလို့"

"အမေကလည်း"

နေရွှေ ရယ်ကျဲကျဲနှင့်...

"ဖေဖေ လုပ်နိုင်းလို့ပါ"

"ဟုတ်ပါပြီ...ဘယ်သူပဲ နိုင်းနိုင်းပါ...ဟင်း...ဟင်း"

အပေါ်ထပ်တက်သွားသည့် သားသမက်ကို ကြည့်၍...

ဒေါ်စိုးစိုးထက် ရယ်ပါလေသည်။

"ထက်ရှား"

"ဘာလဲ ကိုကိုရာ...ဒီကိုလာရင် ဘာလို့လိုက်လာတာလဲ...ကိုယ့်မိဘအိမ် ကိုယ်မလာရတော့ဘူးလား"

နေရွှေ မင်းထက်ရှား လဲလျောင်းနေသည့် သင်ဖြူးပေါ်မှာ ခြေတစ်ဖက်ဆင်း၍ ဝင်ထိုင်သည်။

"ထက်ရှား အရင်လိုပဲ တစ်ခါတစ်လေမှ လာပါလား...အသုံက်ပြန်လာလို့ အိမ်မှာတန်းမတွေ့ရရင် ရင်ထဲမှာ မောသွားတာပဲ"

မင်းထက်ရှားက ဆတ်နေ ထထိုင်သည်။

"အဲဒါ ရှင့်ကိုယ်ဝန်ကြောင့်မို့လား...ဒါကိုပဲ ရှင်သည်းသည်းလှုပ်နေတာ...ထက်ရှားလည်း ဟိုဟာမစားနိုင် ဒီဟာမစားနိုင် ပြီးတော့ ပြန်အန်နဲ့ ဝဋ်ခံနေရတယ်...အဲဒါရှင်ကြောင့် ရှင့်ကို မကျေနပ်လို့ ဒီမှာ လာလာနေတာ သိလား"

"နေကိုတော့တာပဲကွာ...ကိုယ်ဝန်မရှိခင်ကရော ကိုကို ထက်





ရှားကို မချစ်လို့လား...ဘယ်သွားသွား ပစ်ထားခဲ့သလား"

မင်းထက်ရှား နှုတ်ခမ်းစူ၍ တစ်ဘက်လှည့်နေသည်။

"ပြီးတော့ ထက်ရှားက ကိုယ်ဝန်ရှိစဆိုတော့...ထက်ရှားကို ဂရုစိုက်မှုဖြစ်မှာ ကိုကို မျက်စိအောက်ကတောင် အပျောက်မခံနိုင်တာ...ထက်ရှားကို စိုးရိမ်တာပါကွာ...ကိုကို ထက်ရှားကို ချစ်ခဲ့တာ ကိုယ်ဝန်ကို ချစ်ခဲ့တာမှ မဟုတ်ဘဲ"

"ဘာပဲဖြစ်ဖြစ်...အဲဒီကိုယ်ဝန်ကို ထက်ရှား မလိုချင်ဘူး မုန်းတယ်"

"ဟာ...ဘယ်လိုပြောလိုက်တာလဲ...ထက်ရှားရယ်"

နေရွှေ တကယ်စိတ်မကောင်းဖြစ်သွားမိလေသည်။

ထက်ရှားအပေါ် ချည်နှောင်စရာလေးရလာပြီမို့ သူမှာ မျှော်အုန်းသီးရသလို ခြေမကိုင်မမိ လက်မကိုင်မိ ပျော်လိုက်ရတာ။

"ကိုကို့ကို မချစ်ရင်နေပါ ထက်ရှားရယ်...အပြစ်မဲ့တဲ့ ကလေးကိုတော့ မမုန်းပါနဲ့"

လုံးဝ ထိခိုက်ကြေကွဲသော နေရွှေ လေသံကို မင်းထက်ရှား သတိထားလိုက်မိသည်။

"ကိုကို...ချစ်တာ...ဟာ...မင်းအတွက် မုန်းစရာတွေချည်း ဖြစ်နေတယ်ဆိုရင်...ကိုကို ဆင်ခြင်မယ်...မင်းဘက်က ကလေးနဲ့ မင်း ကျန်းမာရေးကိုသာ ဂရုစိုက်ပါ"

နေရွှေ မင်းထက်ရှား လက်ဖျားလေးကို တစ်ချက်ဖျစ်၍ ထရပ်သည်။

"ဒါဆို...ထက်ရှားကို ကိုကိုစောင့် မခေါ်တော့ဘူးနော်...မိုးချုပ်မှ ဒရိုင်ဘာ လွှတ်ပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းထက်ရှား ဘာမှမပြောဘဲ ငြိမ်နေသည်။

နေရှူ့ လေးကန်သော ခြေလှမ်းများနှင့် ဆင်းသွားသည်။

ရင်ထဲမှာ ဘာနဲ့မှ နှိုင်းမရနိုင်သော လောက်ကြိုက်ခြင်းက နေရာမှာတင် ပစ်လဲကျသွားနိုင်လောက်သည်။

ထက်ရှား အချစ်ကို သူမရနိုင်တော့ဘူးလား. . .

● ● ●

"ဒီမှာကြည့်ပါအုံး သမီးရဲ့. . . ပိုစတာလေးတွေ"

လှန်ပြချစ်စရာကောင်းသော ကလေးပိုစတာလေးတွေက မျက်လုံးပြူးပြူး ပါးဖောင်ဖောင်းလေးတွေနှင့် မင်းထက်ရှားကို ပြုံးရွှင်နေသလို ပင်"

"ချစ်စရာကောင်းလိုက်တာ ဘာဘာရယ်"

"အဲဒါလေးတွေ ကိုယ့်အိပ်ခန်းထဲမှာ ချိတ်ထားသမီး. . . ဒါမှ သမီးလည်း ဒီလိုလှလှလေးတွေ မွေးမှာ"

"ဟင်"

မင်းထက်ရှား မျက်နှာ မသိမသာ တည်သွားလေသည်။

ကိုယ်က ပိုစတာလေးတွေကို ချစ်တာ။

ဗိုက်ထဲက ကလေးအတွက် မဟုတ်။

"ဟောဒီမှာ အားဆေးတွေ သမီးကိုကို ဝယ်ပေးလိုက်တာ. . . ဒါက ညဆေး ဒါက အစားစားပြီးတိုင်း သောက်ရမှာ"

လာပြန်ပြီ ဆေးတွေ. . .

ရည်မွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သားက ဝယ်လိုက် ဖအေကဝယ်လိုက်. . .

ဒါပေမယ့် ခုတလော နေရွှ အတော့်ကို ပြောင်းလဲသွားပါသည်။

"ဆေးသောက်ပြီးပြီလား"

မေးတတ်ပေမယ့် သူကိုယ်တိုင် ခွတ်တိုက်တာမျိုး မလုပ်. . .

အမေ့အိမ်သွားလည်း လိုက်မလာတော့ပေ။

အမေ့က မျက်နှာမကောင်းပေမယ့် မင်းထက်ရှား ကျေနပ်သည်။

မခံချင်စိတ်လည်း ဖြစ်၍. . .

ဒါ သက်သက်ပညာပြတာဟု တွေးမိသည်။

တစ်ခါတစ်လေ ရွှံ၍ အမေ့ဆီမှာ ညအိပ်ပစ်ဖို့ ကြံပေမယ့် အမေက လုံးဝလက်မခံလို့. . .

ညအိပ်ယာဝင်တိုင်း ပွေ့ဖက်၍ ချစ်လားဟု တတွတ်တွတ် မေးတတ်တဲ့သူက ညဦးနက်မှ အိပ်ယာဝင်ကာ တိတ်ဆိတ်စွာ အိပ်လေသည်။

တစ်ခါတစ်လေ ကျတော့လည်း မင်းထက်ရှား ရင်ထဲမှာ ကြေကွဲသလိုလို မခံချင်သလိုနှင့် မျက်လုံးမှိတ်ထားပေမယ့် အိပ်မပျော်နိုင်။

အဲဒီလိုညများဆို နေရွှ အိပ်ယာဝင်လာလျှင် မင်းထက်ရှား အိပ်ပြီအမှတ်နှင့် ဖွဖွလေး ယွေးဖက်ကာ မျက်နှာအနှံ့ နမ်းရှိုက်နေတတ်သည်။ ပြီးတော့ ရှူရှူကလေး ခွာသွားကာ တစ်ဘက်လှည့်အိပ်၏။

အဲဒီလို ညပေါင်းတွေ မနည်းတော့။

"ခြော်. . . သမီး ညခနေ အိုကိုနဲ့ ချိန်းထားတာ ရှိတယ်ဆို. . . အဲဒါ အဆင်သင့် လုပ်ထားတဲ့ သမီးကိုကို လာခေါ်လိမ့်မယ်. . . တကယ်ဆို သား ဒီနေ့မအားဘူး"





"မအားလည်း နေပစေပေါ့ ဘဘရယ်. . . ထက်ရှား တစ်ယောက်တည်း သွားလည်းရပါတယ်"

"ဘယ်ဟုတ်မလဲ သမီးရယ်. . . ဒီနေ့ရာမျိုးကို သွားတာ ကိုယ့်ခင်ပွန်းမပါရင် သိပ်မျက်နှာငယ်တာ. . . ပြီးတော့ အစ်ကိုတို့ အဖေတို့ကို ခေါ်သွားလို့ ကောင်းတာလည်း မဟုတ်ဘူး"

ဦးဗလနေ ကိုယ်တိုင့် မွေးလာမယ့် မြေးအပေါ် အတော်လေး မျှော်လင့်နေရှာသည်။

နေရွှ လာခေါ်တော့ မင်းထက်ရှား ပန်းနုရောင် ဗိုက်ဖုံးအင်္ကျီ ဖားဖားလေးနှင့် မျက်နှာမှာ ပတ်စ် အနည်းငယ်သာ ရိုက်ထားသော်လည်း မှုန်ညက်နေသည့်အလှက ကိုယ်ဝန်ကြောင့် ပိုရှိုကျက်သရေ ရှိနေသလားမသိ။

ကားပေါ်ကနေ ငေးကြည့်နေရင်း နေရွှ ပင့်သက်ရှိုက်မိသည်ကိုယ့်က ယုယယွေးပွေ့ချင်တာတောင် မငဲ့ရဲတဲ့အဖြစ်။

"ကားရပ်ပေးပါဦး"

လမ်းမှာ မင်းထက်ရှားက ကားရပ်ခိုင်းသည်။

"ဘာလုပ်မလို့လဲ ထက်ရှား"

"ထက်ရှား မုန့်တီသောက်ချင်လို့"

"ဖြုပ်ကောင်းတွေ အများကြီးနဲ့ ထက်ရှားရယ်. . . ကလေးက နုနုလေးရှိသေးတာ"

"ဟင့်အင်း. . . သောက်ချင်တာပဲ ရပ်ပေး"

မင်းထက်ရှား မုန့်တီကို ရွှတ်သီးတွေ ခပ်ထည့်မယ်လုပ်တော့လည်း လူကြားထဲမှာ နေရွှ အတင်းတောင်းပန်ရသည်။

"ခဏနေဦး တအားပူတယ်"



www.burmeseclassic.com

www.burmeseclassic.com



နေရှုက မုန့်တီကို အသာမွှေ၍ အေးသွားအောင် မှုတ်ပေးသည်။ သည်းလိုက်တာဆိုတဲ့ အပြုံးတွေကို သိနေပေမယ့် ဂရုမစိုက်နိုင်ဒီ ရွှတ်ကောင်းကပ္ပပ္ပ အရည်ကပ္ပပ္ပနှင့် အထဲက ကလေး ဘယ်လိုလုပ်နေမလဲ။

"အရမ်းအေးကုန်ရင် ဘယ်လိုလုပ်သောက်မှာလဲ ကိုကို"

မင်းထက်ရှားက အတင်းဆွဲ၍ သောက်သည်။

ကလေးအဲပေါ် လုံးဝမသက်ညာတော့ဘူးလားဆိုသော အတွေးနှင့် ရင်ထဲမှာ နင့်နေအောင် ခံစားရသည်။

ဘယ်ဘဝက ဝဋ်ကြွေးများလည်းကွာ. . .

● ● ●

နေရှုကိုမြင်တော့ ဒေါ်စိုးစိုးထက် မျက်နှာက သိပ်မကောင်း။

"အမေ. . . အမေ့သမီးရော"

"မအေးနဲ့ လမ်းထိပ်မှာ ကြုံသွားဝယ်တယ်. . . သားတို့ အိမ်ခထောင်ရေး အဆင်ပြေရဲ့လားကွယ်"

နေရှု မျက်နှာမှိုင်းကျသွားကာ အမေ့ဘေးမှာ ဝင်ထိုင်လိုက်သည်။ ညက ထက်ရှား အိမ်ပြန်မအိပ်၍ သူ တစ်ညလုံး နိုးတစ်ဝက် ပျော်တစ်ဝက်နှင့် ဒုက္ခများခဲ့ရသည်။

မိုးလင်းတာနှင့် ထွက်လိုက်လာချင်ပေမယ့် ခြေဦးမလှည့်မိအောင် ကြိုးစားနေခဲ့ရသည်။

ထမင်းစားချိန် ဖုန်းဆက်ကြည့်တော့ ပြန်မရောက်သေးဘူးတဲ့ မနေနိုင်လွန်းလို့ သူလိုက်လာခဲ့ခြင်းပါ။

"ပြောလေသား. . . မင်း ညီမကတော့ ဆိုးမှာပါ. . . အမေသိတယ်"

နေရှု ခေါင်းခါသည်။

ချည်မှုန်စာဝေ

www.burmeseclassic.com

www.burmeseclassic.com



"သူက ဒီလိုပဲ နေတတ်တာပါ. . . ကျွန်တော် သူ့ စိတ်ဆင်းရဲမှာစိုးလို့ စိတ်ချမ်းသာသလို နေခွင့်ပေးထားတာ"

"သမီးကို သား စိတ်ပျက်နေလားဟင်"

"မပျက်ပါဘူး အမေ. . . ငယ်ငယ်ကတည်းက နေလာတာ. . . သက်ရှားစိတ်ကို ကျွန်တော် သိတယ်. . . သူ မကြိုက်တာ ဖွတ်လုပ်မိရင် ကိုယ်ဝန်ကိုပဲ သူ စိတ်ပျက်သွားမှာစိုးလို့ လျှော့ပေးထားတာပါ"

"ဒီလို ဘယ်ဟုတ်မလဲ သား ရှယ်. . . ဆူသင့်တာ ဆူ ရိုက်သင့်တာ ရိုက်ရမှာပေါ့"

"မမစိုး. . . မမစိုးရေ"

"စကား"

စကားပြောနေကြတုန်း မအေးက နှစ်တောင်လောက်ရှိသော ကြံရိုးကြီးကိုင်၍ ခပ်သုတ်သုတ် ဝင်လာ၏။

"မမစိုးသမီး ဖိုက်ဖုံးအင်္ကျီကြီးနဲ့ အစောတို့ခြံထဲက မာလကာပင်ပေါ် ရောက်နေပြီ. . . ပြောတာလည်း မရဘူး"

"ဟာ"

နေရဗ္ဗ စကားမဆုံးခင် ပြေးထွက်လာခဲ့သည်။

မစော်တို့ မာလကာပင်က မမြင့်လှပေမယ့် သိပ်နိမ့်တာလည်း မဟုတ်"

သူ့ရင်ထဲမှာ ပူလောက်လျက် ခြံထဲပြေးဝင်လိုက်သည်နှင့် အဖြူရောင် ဖိုက်ဖုံးအင်္ကျီလေးနှင့် မင်းထက်ရှားက မာလကာပင်ပွကြားမှာ အကျအနထိုင်လို့. . .

"ထက်ရှား"

မထင်မှတ်ဘဲ နေရဗ္ဗ ခေါ်သံကြောင့် မင်းထက်ရှား သူ့ဦးလှမိ





သလို တုန်ခနဲဖြစ်သွားကာ လှည့်အကြည့် နင်းထားသည့် မြေထောက်က ချော်သွားသည်။

"အား"

"ထက်ရှား"

နေရွှ ခေါ်သံကြီး ဟိန်းထွက်သွားသည်။

အနားရောက်၍ ပုံကျနေတဲ့ ထက်ရှားကို ကောက်ပွေ့လိုက်တော့ ခါးကိုထောက်၍ တအားအော်နေပြီ။

"နာတယ်. . . အား"

"ထက်ရှား"

သူ ထက်ရှားကို ခွေ့ခနဲပွေ့ကာ ကားဆီပြန်ပြေးခဲ့သည်။

"ဟဲ့. . . ဟဲ့ အမလေး ဘာဖြစ်တာလဲ. . . လုပ်ကြပါအုံး"

ဒေါ်စိုးစိုးထက် ငိုသံပါကြီးအော်၍ ပြေးထွက်လာသည်။ ကြားကြားသမျှ ပတ်ဝန်းကျင်က လူတွေဝိုင်းအုံလာ၏။

နေရွှ သတိလစ် မတတ်ဖြစ်နေသည့် ထက်ရှားကို ကားပေါ် တင်ကာ မောင်းသူနေရာကို ပြေးတက်သည်။

"ဆေးရုံ အမြန်သွားမှ ဖြစ်မယ် အမေ. . . အမေ လိုက်ခဲ့တော့နော်"

"သမီး. . . သမီးလေး"

"အား. . . အမလေး"

နေရွှ ကားဘက်ခ်ဆုတ်လိုက်သည်တွင် မင်းထက်ရှား ထိုင်ခဲ့တဲ့အောက်မှာ နီရဲသော သွေးတို့ကို မြင်လိုက်ရလေသည်။

သွေးခေါင်းတွေ မီးတွေတောက်ကုန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

အနိစ်တော် ဆရာမလေး တစ်ယောက် အခန်းထဲက ထွက်လာသည်။

"ဆရာမ. . . စောစောက လူနာဘယ်လိုနေသေးလဲ ခင်ဗျာ"

ဆရာမလေးက နေရွှကို မော့ကြည့်သည်။

"ဪ. . . အဘောရှင်းဖြစ်တဲ့ လူနာထင်တယ်"

"ဗျာ"

"သမားတော်ကြီးတွေ ခွဲစိတ်နေပါတယ်"

ဆရာမလေးက ဒါပဲပြောပြီး ထွက်သွားသည်။

"သား. . သား ဘာတဲ့လဲဟင်"

ဦးဗလနေနဲ့ ဒေါ်စိုးစိုးထက် ပျာယီပျာယာ ရောက်လာကြသည်။

"အဘောရှင်း ဖြစ်တာတဲ့"

နေရွှ လေသံမှုသာ ပြောနိုင်လျက် ခေါင်းငိုက်စိုက်ကျသွား





လေသည်။

"သား. . . သားခေါ်လာတုန်းက သွေးတွေဆင်းသလားဟင်"

နေရွှ ခေါင်းညိတ်တော့ ဒေါ်စိုးစိုးထက် ဘုရားတလေသည်။

"သွားပြီပေါ့. . . မိုက်လိုက်တဲ့ ကလေး"

ဦးဗလနေ ခေါင်းတယမ်းယမ်း ဖြစ်နေသလို. . .

ဒေါ်စိုးစိုးထက် မျက်ရည်ကျသည်။

နေရွှ နွေးထွေးသော ခြေလှမ်းတို့နှင့် အားလုံးကို ကျောခိုင်းခဲ့မိသည်။ ရက်စက်လိုက်တာ ထက်ရှားရယ်. . .

ကိုကို့ကို မင်း အရှင်လတ်လတ် ရင်ခွဲလိုက်တာ. . .

ကိုကို့ ရင်သွေးကို မလိုလားတာ ကိုကို့ကို မင်းမုန်းနေလို့ပါ။

ဆက်မုန်းခွင့်ပေးမယ် ထက်ရှား. . . မျှော်လင့်ချက်မဲ့တဲ့ ကမ္ဘာထဲမှာ ဘဝဟာ ဘာများအဓိပ္ပာယ်ရှိပါမည်နည်း။

နေရွှ ဆေးရုံကြီးရှေ့က စားသောက်ဆိုင်မှာ လက်ဖက်ရည်တစ်ခွက်မှာ၍ အချိန်တွေကို ဖြုန်းတီးပစ်နေမိသည်။

ရှေ့မှာနေသည့် လက်ဖက်ရည်က အေးစက်လျှောင်ခြြောင်းနေပြီ. . .

"ကျွန်တော် ဖုန်းဆက်မယ်နော်"

"ဆက်ပါရှင်"

ဆိုင်ရှေ့မှ ချထားသည့် ဖုန်းကို ကော်က်နှိပ်လိုက်သည်။

"ဖေဖေလား. . . ကျွန်တော်ပါ"

". . . သား မင်းပြန်သွားတာလား"

"မပြန်ပါဘူး ဖေဖေ. . . ဒီနားမှာပါ. . . ထက်ရှား နေကောင်းရဲ့လား. . . ခွဲစိတ်လို့ ပြီးသွားပြီမို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ မကြားရဲ့ နားက ဖုန်းကိုဖွတ်ခနဲ ချပစ်လိုက်သည်။

ဖေဖေ ဆက်ပြောနေမှာစိုး၍ ပုခက်ပေါ် ပြန်တင်ထားလိုက်သည်။

ဘာဖြစ်သွားပြီဆိုတာ သိနေပြီးသားပဲ. . .

ထက်ရှား ကျန်းမာတယ်ဆိုတာကိုပဲ သူကြားချင်တာ ရှိပါစေတော့လေ. . .

နေရွှေ ကားပေါ်တက်၍ အိမ်ပြန်လာခဲ့သည်။

နှစ်ယောက်အိပ်မွေ့ယာကြီးကို ကြေကွဲစွာကြည့်၍ ဘီရိုကိုဖွင့်ကာ အဝတ်အစားအနည်းငယ် ထည့်လိုက်သည်။

ငါ မရှိရင် မင်းပျော်မှာပါ။

မင်းအနားမှာရှိနေရင် မင်းမလိုချင်တဲ့ အချစ်တွေ ငါ ပေးမိဦးမှာ အားလုံး ဘယ်လိုထင်ထင် မင်း စိတ်ချမ်းသာဖို့ ငါ ဆုံးဖြတ်လိုက်တာပါ. . .

နေရစ်ခဲ့တော့ ထက်ရှားရယ်. . .

လွတ်လပ်ခြင်းကို မင်း ပျော်ရွှင်စွာ ခံစားနိုင်ပါစေ. . .

● ● ●

"ကောင်းတယ် မင်း ဒီလိုပဲ လုပ်သင့်တယ်. . . ဆက်သင်းထား သူဆိုးခဲ့သမျှ မင်း ဒီလောက်တော့ ပြန်ပေးသင့်တာပေါ့"

လင်းဟိန်းက သူ့အတွက် အိပ်ယာပြင်ပေးရင်း မခံနိုင်ဖြစ်နေပြန်သည်။

"ဘယ့်နှယ် ဗိုက်ကြီးနဲ့ သစ်ပင်တက်ရတယ်လို့. . . မိန်းတစ်ယောက်လုပ်နေပြီး ဒီလောက်ပဲ အကြင်နာ နည်းရသလား"

ခင်းပြီးတဲ့ အိပ်ယာပေါ်မှာ နေရွှေ လှဲချလိုက်သည်။

"သူ ချစ်တတ်ပါတယ် လင်းဟိန်းရာ. . . မချစ်နိုင်တာက ငါ့ကိုပါ. . . သူ ငါ့ကို တလွဲထင် မုန်းတီးပြီး ကလေးကို စေတနာမထားနိုင်တာ. . . ကလေးကို ဆုံးရှုံးရတာထက် အဲဒါကိုပဲ ငါရင်နာတာ"

"အေးလေ. . . မင်းကိုရော မုန်းစရာလား. . . ဒီလောက် အလို လိုက် ယုယနေတဲ့ ယောကျ်ားကို"

"ငါက အလိုလိုက်လေ သူက မုန်းလေပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေတယ်. . . ဒီကောင်မလေး ဆိုးကိုဆိုးပါတယ်ကွာ. . အသာနေ သူ့ဟာသူ လိမ့်ပေ့စေ. . . မင်း မပြန်နဲ့ဦး"

နေရှု ငြိမ်နေသည်။

"အရေထဲ ဟိုခွေးကောင် တစ်ကောင်ကလည်း ဖုန်းဆက်ထား သားနဲ့ မလာဘူး. . . ပြောဆိုတိုင်ပင်ရအောင် တစ်ကောင်က ပဲ့နေပြန် ပြီ"

"ဘာမှမတိုင်ပင်နဲ့ ကိုယ့်အပူ သူများမပေးပါနဲ့ကွာ. . . ငါ အေး အေးဆေးဆေးပဲ နေချင်ပါတယ်"

"ဒါ သူများလာကွ. . . ဒီလူဒီဟာတွေမှ မတိုင်ပင်ရင် ဘယ်သူ့ တိုင်ပင်မလဲ"

လင်းဟိန်းက အိပ်ကို ပြောချင်ဆိုချင်နေတဲ့ပုံ။

"အိပ်ယာဝင် မင်းတစ်ခုခု စားတတ်သလား"

"ဘာမှ မစားချင်ပါဘူးကွာ. . . စားချင်လည်း မျိုကျမှာ မဟုတ် ဘူး. . . မင်းလည်း သွားအိပ်တော့"

"အိပ်ပါ့မယ်. . . ကိုယ်တော်ကလည်း ဘာလဲ မိန်းမနဲ့ ခွဲရတာ နာရီပိုင်းပဲ ရှိသေးတယ်. . . ငါ့ကို နှင်လွှတ်ပြီး ကျိတ်ငိုမလို့လား"

နေရှု မချိတရိ ပြုံးသည်။

"ငါ ဘာအတွက်နဲ့မှ မျက်ရည်ကျ မငိုခဲ့ဖူးဘူး"

"အေး. . . မငိုနဲ့ဦး တောင့်ထား တောင့်ထားနိုင်လေ အကျိုး ရှိလေပဲ"

❦ ❦ ❦



"နေလည်းမကောင်းဘဲနဲ့ ဘာဖြစ်လို့ ဒီလောက်ငိုရတာလဲ သမီး ရယ်"

"ဟုတ်တယ် သမီး. . . ကျွန်းမာရေးကို ဂရုစိုက်အုံးလေး. . ဗိုက်ထဲက ကလေးက ရှိသေးတယ်"

ဘယ်လိုချော့ချော့ မင်းထက်ရှား နေ့ရှိသရွေ့ ငိုနေမြဲပင်. . .

သူရှိတတ်တဲ့ ဘယ်နေရာလိုက်လိုက် ရှာလို့မတွေ့။

အလုပ်ထဲလည်း ဘယ်မှာမှမလာ။

"သား. . . မြဝတီဘက် သွားသလား မသိဘူး. . . ဘာဘာ သွား ရှာပေးပါ့မယ်. . . သူ ကြာကြာမနေနိုင်ပါဘူး သမီးရယ်. . . ပြန်လာမှာ ပါ"

"ဘာဘ"

"ပြောလေ သမီး"

"သူ ထက်ရှားတာ ကလေးပျက်အောင် လုပ်လိုက်တယ်ဆိုပြီး စိတ်နာသွားတာ ကလေး ဒီတိုင်းရှိနေတာကို မသိပါနေနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ. . . သိတော့ မြန်မြန်ပြေးလာရင် ပိုမကောင်းဘူးလား. . သမီးရယ်"

ထက်ရှား ခေါင်းခါ၍ အမေ့ရင်ခွင်ထဲမှာ မှီလိုက်သည်။

"ကလေးကိုချစ်လို့ ပြန်လာတာကို ထက်ရှား မလိုချင်ဘူး. . . သူ ကလေးကိုမက်တာလား. . . ထက်ရှားကို မက်တာလားဆိုတာ သေချာ သိချင်တယ်"

"ခက်ပါလား"

"ထက်ရှား ကိုကို့အချစ်ကို အရင့်ကအတိုင်း ပြန်လိုချင်တယ်"

"အေးလေ. . . သားကို ဘဘ လိုက်ရှာမယ်. . . ဘာမှဖွင့် မပြောဘူး. . . ဟုတ်ပြီလား သမီး. . . သမီးကိုတို လိုချင်တဲ့ ကလေးကို ငဲ့ညှာတဲ့အနေနဲ့ ကျန်းမာရေးကို ဂရုစိုက်"

ဒေါ်စိုးစိုးထက်ကတော့ ဘာမှမပြောနိုင်တော့ပါ။

မင်းထက်ရှားနဲ့ ပတ်သက်သမျှ အားလုံး သည်းထိတ်ရင်ဖိုတွေ ကျော်လွှားရလွန်းလို့ သရဲမြင်တာတောင် ကြောက်တတ်ပါတော့ မလား မသိ။

မင်းထက်ရှား ညအင်္ကျီတစ်ယောက်တည်း အိပ်ရတိုင်း ကိုကို့ကို သတိရကာ ရှိုက်ငိုလိုက် ကျိတ်ငိုလိုက်. . .

တစ်ခါတစ်လေ အိပ်မက်မက်ရင်းလည်း ငို. . .

နိုးလာတော့ ပါးမှာ မျက်ရည်တွေ စိုစွတ်လို့. . .

အနားမှာနေတုန်းက ပေါပေါရခဲ့တဲ့ အချစ်တွေကို တန်ဖိုးထား ရမှန်းမသိ. . .

အမြဲ အလိုလိုက်ခံနေရလွန်းလို့ အလိုလိုက်ခံရတာကို ကျေနပ် ရောလို့ မမြင်. . .





သီချင်းထဲမှာ နစ်မျောနေသည့်စိတ်က ဘာမှမလာတာလဲ ကို မေ့လျော့နေမိသည့်အဖြစ်။

အဲဒီ မဝေးရဲဘူး သီချင်းက ကိုကိုနဲ့ ထက်ရှားကို စောင်းဆိုသလား သလား ထင်ရလောက်အောင် ရင်ထဲမှာ ထိရှသွား၏။

ပြန်လာခဲ့ပါ ကိုကိုရယ်. . . ထက်ရှားလေ ကိုကို့ကို ချစ်တယ် ကိုကို့အချစ်တွေကိုလည်း ပြန်ရချင်တယ်. . .

တကယ် မုန်းသွားတာလား ကိုကိုရယ်. . .

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ ဘာလုပ်မလို့လဲ နေရွှ"

"ဖေဖေ့ဆီ ဖုန်းဆက်မလို့ပါ"

"မဆက်နဲ့ တော်ကြာ ဟိုကောင်မလေးအကြောင်း ဘာညာဘာညာ ကြားပြီး ပြန်မြေးချင်စိတ်ပေါက်အုံးမယ်. . ."

နေရွှ သက်ပြင်းချလျက် ဖုန်းကို ပြန်တင်ထားလိုက်ရသည်။

ဖြိုးဝဋ္ဌာ ပြုံးစိစိ။

"ဟိတ်ကောင်. . . လင်းဟိန်း မင်း သူမျှားလင်မယားကြား မဝင်နဲ့လေ"

"သူရေရှည် ကောင်းစားဖို့ အမုန်းခံသင့်ရင်လည်း ခံရမှာပဲ"

နေရွှက ရယ်သည်။

"မမုန်းပါဘူးဗျာ. . . ကိုယ်တော်ကြီး မိန့်တော်မူတဲ့အတိုင်းပါ"

ဖြိုးဝဋ္ဌာက စီးကရက်တစ်လိပ် ထုတ်သောက်ရင်း. . .

"ဟိုနေ့က မင်းကောင်မလေး ငါ့အိမ်ကို ဖုန်းဆက်တယ်ကွ. . . ကိုကို ရှိလားတဲ့ ဘာသတင်းကြားလဲတဲ့ စုံစမ်းပေးပါတဲ့"





"တဲ့တွေကလည်း များလိုက်တာကွာ"

"သူပြောတာ ပြန်ပြောရတာပဲကွ"

အရေးထဲ သူတို့ချင်း ရန်ဖြစ်နေကြသေးသည်။

"ဘာလိုလိုနဲ့ မင်းတို့ဟာ တစ်လပြည့်တော့မယ်"

"ဟိတ်ကောင်. . . ငါ့ဖြိုး မင်း ဒီမှာ ငိုချင်နေတဲ့ လူကို လက်မတို့နဲ့ ပုံမှန်အတိုင်းပဲနေ"

နေရွှ တကယ်ပဲ ဆွေးသွားမိသည်။

ထက်ရှား သူ့ကို လိုက်စုံစမ်းနေတာတွေ ကြားရတိုင်း စိတ်ကို သည်းချုပ်ထားနေရ၏။

"တောင့်ထား သူငယ်ချင်း. . . အဲဒါ ထက်ရှားရဲ့ အချစ်တွေ . . မင်း တဖွဲ့ချင်းဖွဲ့ယူနေတာ. . . ကြာကြာ တောင့်ထားနိုင်လေ များများရလေပဲ. . . လူ့သဘာဝက လိုက်မှန်းသိရင် ပြေးတယ်ကွ. . . ပေါ်ပေါ် များများရနေရင် တန်ဖိုးထားရမှန်း မသိဘူး. . .

. . . နေပူရှောက်မှ အရိပ်ကို တမ်းတတာ. . . နားလည်စမ်းပါဟဲ. . . ဟဲ. . . ငါက မိန်းမ မယူဖူးပေမယ့် သဘာဝကို အမြဲလေ့လာမှတ်သားနေတဲ့ကောင်ပါ"

"မှန်လိုက်တာ ဆရာရယ်. . . ဆရာမိန်းမ မရတာ များ ဘယ်လို သဘာဝလည်း ပြောပြပါအုံး"

"ကြိုက်မယ့် သူမရှိတဲ့ သဘာဝလေ"

"မရှင်းလိုက်သလိုပဲ"

"ဒါဆို နောက်နေ့ဆက်ရှင်ကျမှ ဆက်ရှင်းမယ်ကွယ်. . . ဆရာမ နုတ်ခမ်းထပ်ဆိုးဖို့ အချိန်ယူရဦးမှာ ရှဲ. . . ရှဲ. . . ရှဲ"

သူတို့ကို ကြည့်၍ နေရွှ မရယ်ဘဲ မနေနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"တိ"

"ဟော. . . ဘယ်သူလဲ ဖိမ်ရှေ့က"

သုံးယောက်သား တရုတ်ကပ်မှန်တွေ အသာပင့်၍ ချောင်းကြည့်လိုက်ကြသည်။

"ဟာ ထက်ရှား"

နေရွှ ပြေးထွက်ဖို့ ခြေလှမ်းပြင်သည်။

"ဟိတ်ကောင်"

လင်းဟိန်းက ဆွဲထား၏။

"မြူးဝဠာ ဒီကောင့်ကို ချုပ်ထားစမ်း. . . ငါ ထွက်ပြီး ဖြီးဖျန်းလိုက်အုံးမယ်"

ထက်ရှား မျက်နှာလေးကို ချောင်းကြည့်၍ နေရွှ ဂဏာမငြိမ်ဖြစ်နေမိသည်။

ခတွေ့တာကြာပြီဖြစ်တဲ့ မျက်နှာလေးက ဖြူနုလှပနေဆဲ. . .

လင်းဟိန်း ပြောသမျှကို ကားစတီယာရင်လေးကို ကိုင်၍ ခပ်မော့မော့လေး နားထောင်နေသည့် မျက်နှာလေးက သနားစဖွယ်. . .

"ဒီလောက်ကြာရင် တော်လောက်ပါပြီကွာ. ...ငါ ပြန်လိုက်သွားတော့မယ်"

"ဟာ. . . ဟိုကောင် ဒေါက်နဲ့သိမ့်မယ်ကွ. . . မင်းကလည်း မြင်လိုက်တာနဲ့ ပေါက်ကွဲချင်နေပြန်ပြီ. . . စိတ်ထိန်းမရရင် လက်သီးသာ ဆုပ်ထားလိုက်"

သူငယ်ချင်းတွေကလည်း စေတနာနှင့် တားကြတာမို့ နေရွှ ငြိမ်နေလိုက်ရပါတော့သည်။

ဒါပေမယ့် စိတ်ကမချ။





ထက်ရှား ကျွမ်းကျွမ်းကျင်ကျင် ကားမမောင်းတတ်သေးပါ။ သူကားမောင်းသင်ပေးတာတောင် ဖေဖေက ဆူသေးသည်။ အန္တရာယ်များလို့ မမောင်းရဘူးတဲ့. . .

အခု ထက်ရှား ဖေဖေ မသိအောင် ထွက်လာတာများလား. . . ကားရှုပ်တဲ့လမ်းမှာ တစ်ခုခု ဖြစ်မှဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com

နေရှူ သဘင်းစာကို စိတ်မပါဘဲ ဟိုလှန်ဒီလှန် လုပ်နေမိအဲ

[illegible]

"[illegible] ... အရေးသေကြီး"

"အရေးကြီးတယ်ကွ"

ဖြိုးဝင္ခာက နေရှူလက်ထဲက သတင်းစာကို ဆွဲယူလွှင့်ပစ်လိုက်သည်။

"ငင်း မိန်းမ ထက်ရှား... သွားပြီ"

"ဟာ... ဘယ်တွက်သွားတာလဲ"

[illegible] ထိတ်လန့်သွားသည်။

"ဆီလချင် ဝေါ်ခေတာ့လို့တဲ့"

"ဟာ"

"အခု ရွှေဥမင်ကျောင်းကို သွားကြပြီ"

"ရွှေဥမင်ကျောင်းက ဘယ်မှာလဲ . . စစ်ကိုင်းလား"

"ဘယ်ကလာ မြောက်ဥက္ကလာထဲကလေ. . . အတိတ်မေ့သွား





ပြီလား"

"ဒါဆို နီးနီးလေးပဲ. . . ဘယ်တုန်းက သွားကြတာလဲ. . . မှီပါတော့မလား"

"ခုနတင်ပဲ သွားကြတာ. . . ထ ထ မြန်မြန်"

နှစ်ယောက်သား တိုးလိုက်ပြေးထွက်လာခဲ့ကြသည်။

"ဟာ. . . သောက်မလုတ်တုတ်"

ဝင်လာသည့် လင်းတီနှင့် အပြင်ရောက်မှ ဝင်တိုက်မိမြင်သည်။

"ဘာဖြစ်လာကြတာလဲ. . . လမ်းထိပ်မှာ နို့ဗျာန်စျေးရှိတယ်ကြားလို့ သွားတိုးမလို့လား"

"ဟုတ်တယ်ဟေ့. . . လာ. . . မင်းပါ လိုက်ခဲ့"

အထင်းဆွဲ၍ ဖြိုးဌေးက ကားပေါ် တွန်းတင်သည်။

"မြည်းမြည်းလုပ်ပါဟ. . . ဘာမသိ ညာမသိ ကားတင်ခံနေရတာ ဒီမှာ ပုဆိုးကျွတ်နေပြီ"

"မဝတ်ထားလည်း လည်ပင်းမှာ ခဏချိတ်ထားလိုက်ကွာ. . . ဒီမှာ နည်းနည်းလေးနောက်ကျသွားတာနဲ့ မင်းကြောင့်ဆိုပြီး ခေါင်းကို ဆင်နင်းပြီသာမှတ်"

● ● ●



www.burmeseclassic.com

www.burmeseclassic.com

"ဘုရား တရားရဲ့ အရိပ်ဟာ အေးချမ်းလိုက်တာ အမေရယ် နော်. . . အန်တီအေးနဲ့ မမလွင်တို့ကို ထက်ရှား အားကျလိုက်တာ. . . ဒီ ကိုယ်ဝန်ကြီးသာ မရှိရင် ထက်ရှားပါ လိုက်ဝတ်မိမလားပဲ"

ပြောရင်း ထက်ရှားက ငိုသည်။

ရွှေဥမင်တောရကျောင်းရဲ့ ပရဝုဏ်က သစ်ပင်ကြီးငယ် ဇရပ် အဆောင်ဆောင်တို့နှင့် အေးချမ်းတိတ်ဆိတ်နေသည်။

ဒီနေ့ သီလရှင် သုံးပါးအတွက် ဒေါ်စိုးစိုးထက် တာဝန်ယူကာ ဝတ်ကြောင်လဲပေးခဲ့သည်။

လမ်းထဲက မအေးနဲ့မဓောတို့ ညီအစ်မနှစ်ယောက်ကို ဇုလ္လာ သီလရှင်စည်းပေးသည့်နေ့မှာ သောကများနေသည့် သမီးကိုပါ တရားရိပ် မှာ ဘာပဲဖြစ်ဖြစ် စိတ်ချမ်းမြေ့ရပါစေ. . . အေးချမ်းပါစေ. . . ဆိုသော ဆန္ဒနဲ့ အလှူညီမကျသေးလို့ စောင့်နေရင်း သားအမိနှစ်ယောက် အေး ချမ်းတိတ်ဆိတ်တဲ့ နေရာတွင် လမ်းလျှောက်ရင်း ထွက်လာခဲ့ကြသည်။

"ကျောင်းကလည်း အကျယ်ကြီးပဲနော် အမေ"





"အင်း. . . သမီး တစ်ခါမှ မရောက်ဘူးလား"

"ဟင့်အင်း"

သူတို့ သားအမိနဲ့ ရှေ့တည့်တည့်မှာ မိသားစု သုံးယောက်က သစ်ပင်ကြီးတွေကို မော့ကြည့်ရယ်မြူးလျက် ကြည်နူးစွာ လျှောက်လာ ကြသည်။

ခြောက်နှစ် ခုနစ်နှစ်သားအရွယ်ကလေး တစ်ယောက်နှင့် အမျိုး သမီးက ထက်ရှားထက် ဆူဖြိုးသော ကိုယ်ဝန်ကိုလွယ်ထားလျက်။

အမျိုးသားလုပ်သူက သူမလက်မောင်းလေးကို တယုတယ ဖေး ကိုင်လို့ ကြည်နူးစရာမြင်ကွင်းလေး. . .

ကိုကိုရယ်. . .

ငါးလဆိုတဲ့ အမျိုပိုက်က သိပ်၍ဆူဖြိုးခြင်းမရှိသေးပေမယ့် ဗိုက် ဖုံးအင်္ကျီလေးနှင့် ကိုယ်ဝန်ဆောင်မှန်းတော့ သိသာနေပါပြီ။

ထက်ရှား ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်ကာ မျက်ရည်က အိခနဲ ဝိုင်းလာသည်။

သူများတွေ ချစ်တယ်ဆိုတာတွေထက် ပိုချစ်တတ်တဲ့ ကိုကို. . .

ထက်ရှား ရက်စက်ခဲ့တာတွေကို ကျေအောင် ကိုကိုလက်စားချေ နေတာလား. . .

"သမီး. . . အို. . . မငိုနဲ့လေကွယ်. . . ခက်တော့တာပဲ"

ဟိုမိသားစုလေး လွန်သွားတော့ ထက်ရှား အမေ့ကိုဖက်၍ အင် အင်ဖင့် ရှိုက်ငိုလိုက်မိသည်။

"ကိုကို့ကို ထက်ရှား သိပ်လွမ်းတယ် အမေ. . . ကိုကို နောက် အကြာကြီးထိ ပြန်မလာရင် ထက်ရှားသေမှာပဲ"

"သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှလည်း ရှာမတွေ့ဘူး. . . ထက်ရှားကို ကိုကို အဲဒီ လောက်ထိ စိတ်နာသွားလားဟင်"

"သူ့စိတ်ထဲ အမေ ဘယ်သိမလဲ သမီးရယ်. . . ကလေး ဘာမှမဖြစ်တဲ့အကြောင်းနဲ့ ပြန်လာဖို့ကို သတင်းစာထဲ ထည့်လိုက်မလား သမီး"

"ဟင့်အင်း. . . အဲဒီလို အကြောင်းပြခေါ်လို့ ပြန်လာတာလဲ ထက်ရှား မလိုချင်ပါဘူး"

"ခက်တော့တာပဲကွယ်"

• • •

BURMESE CLASSIC

"ဟာ. . . ဟို. . . ဟိုမှာ မင်းအမေ. . . ဟိတ်ကောင်"

"ကတုံးတွေတော့ ပြောင်ကုန်ပြီ. . . သွားပြီထင်တယ် နေရှူ မြန်မြန်ပြေး"

နေရှူ ဘာမှမပြောနိုင် ပြောလို့လည်း ထွက်မှာမဟုတ်။

ရင်တွေ တလှပ်လှပ်တုန်တာ အဲဒီဆီကို ပြေးသွားနေတဲ့ ခြေထောက်က မြေကြီးနဲ့ ထိသည်မထင်။ ဖြစ်ချင်ရာဖြစ် ကတုံးတုံးပြီးလည်း ထက်ရှားကို သူရအောင် ပြန်ခေါ်မည်ဟု ဆုံးဖြတ်လိုက်၏။

"ထက်ရှား ထက်ရှားနေဦး"

ဒေါ်စိုးစိုးထက်ကို ကျော်ဖြတ်ကာ အစီအရီ ထရပ်၍ ကျောင်းဆီသို့ တန်းစီသွားကြသည့် သီလရှင်တွေကို ရှေ့ကဖြတ်တားလိုက်သည်။

"နေပါအုံး ထက်ရှားရယ်. . . ကိုကို"

စကားက ပြောရင်းရပ်သွား၏။ သီလရှင် သုံးပါးထဲမှာ ထက်ရှားကို မတွေ့ပါလား. . .

"သား. . . သား နေရှူ"

"အမေ"

နေရှူ ခုမှ အမေ့ကို သတိရ၏။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ ပန်းနုစ်ဘက်ကို ပြေးကိုင်၍ အငမ်းမရမေးမိ၏။

"အမေ ထက်ရှား ကျောင်းပေါ် ရောက်သွားပြီးလား ဟင်... ထက်ရှား သီလရှင် ဝတ်လိုက်ပြီလား... ဘယ်မှာလဲ"

"သား... သား ပြန်လာရတယ်နော်... အမေ ဝမ်းသာလိုက်တာ"

ဒေါ်စိုးစိုးထက် မျက်ရည်စို့လျက် ပြုံးနေသည်။

"သမီး သီလရှင် ဝတ်မယ်လို့ သားကို ဘယ်သူပြောတာလဲ"

"သူငယ်ချင်းတွေ လာပြောတာ... ထက်ရှား ဘယ်မှာလဲ ပြောစမ်းပါ အမေ... ကျွန်တော် အတင်းပြန်ခေါ်မှာ သီလရှင်ဝတ်ဖို့ လုံးဝခွင့်မပြုဘူး"

ဒေါ်စိုးစိုးထက် စို့နေသော မျက်ရည်ကို သုတ်၍...

"သမီးက ဟိုရှေ့က ကျောင်းအောက်မှာ"

နေရဲ့ ပြေးခဲ့ရပြန်ပြီ။

ကျောင်းအောက်မှာလည်း ဘယ်သူမှမရှိပါလား...

ရင်ခုန်မြန်နေတာနှင့် ရှာရတာ စိတ်မရှည်တော့...

"ထက်ရှား... ထက်ရှား ဘယ်မှာလဲ ဟင်"

ဘုရားရှိပ် တရားရှိပ်မှာ စောင့်ထိန်းရမှန်းလည်း မသိဘဲ လိုက်ခေါ်နေမိသည့် အဖြစ်။

"ကိုကို"

"ဟင်"

နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ထက်ရှား...

မဲနက်ပျော့အိသော ဆံပင်ဝတ်ထောက်လေးကလည်း ပုံစံမပျက် မျက်ရည်ပြည့်ဝိုင်းသော မျက်ဝန်းညိုကြီးများက ငိုချလိုက်တော့မှာကို သိ





လိုက်၍...

နေရဲ့ ထက်ရှားကို တအားပဲ ပွေ့ဖက်ထားလိုက်မိသည်။

"ထက်ရှား"

"ကိုကို"

"လွမ်းလိုက်တာ ထက်ရှားရယ်"

"ကိုကို ညာတယ်"

ထက်ရှား ရှိုက်၍လည်းငိုလျက် နေရဲ့ ခါးကိုတင်းကျပ်စွာ ပြန်ဖက်ထားသည်။

"ကိုကိုလေ... ထက်ရှားမုန်းတဲ့ ဒဏ်ကို မခံနိုင်လို့ ထွက်ပြေးနေတာပါ ထက်ရှားရယ်"

"ကိုကို အကြာကြီး ထပ်ပုန်းနေရင်း ထက်ရှား သေမှာ"

"တကယ်လား... ထက်ရှားရယ်... ကိုကို့ကို ချစ်တယ်ပေါ့နော်"

"အစကတည်းက ချစ်ပြီးသားဟာ... ကိုကိုပဲ ယုံထင်ကြောင်ထင် ဖြစ်ပြီးတော့"

"အစကတည်းက ချစ်တာက မောင်နှမချစ်လေ"

"မောင်နှမမှ မဟုတ်တာ... ဒါဆို ကိုကိုရော"

"လူလည်မလေး"

နေရဲ့ ထက်ရှား ကိုယ်လုံးလေးကို တိုး၍ဖက်ထားလိုက်၏။

"အိမ်း... ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီကလေသာမီးတွေကို မငြိမ်းနိုင်ကြလို့ ချစ်ကြကွဲကြငိုကြ နှစ်ယောက်ကြားထဲက ကလေးကလည်း ကျပ်နေလို့ ငိုရ..."

ထွက်လာတဲ့အသံက ဘုန်းကြီးသံ မဟုတ်ဘဲ...



www.burmeseclassic.com

www.burmeseclassic.com



လင်းဟိန်းရဲ့အသံ။

ကလေးဆိုသည့် အသံကြောင့် နေရွှေ ဖျတ်ခနဲသတိရကာ. . .

ထက်ရှားကိုယ်လေးကို ခွာ၍ ငုံ့ကြည့်လိုက်မိသည်။

"ဟာ. . . ထက်. . . ထက်ရှား. . . ဒီကိုယ်ဝန်က"

ထက်ရှားလည်း ခုမှသတိရကာ မျက်နှာလေး နီတိတိနှင့်. . .

"အဲဒါ ကိုကို ပျက်သွားပြီထင်တဲ့ ကလေးလေ"

"ဟင် အဲဒီတုန်းက ဘာမှမဖြစ်ခဲ့ဘူးလား"

"ဟင့်အင်း"

"ဟာ"

မင်းထက်ရှားက ပြုံးနေသည်။

နေရွှေမှာ ဝမ်းသာတုန့်ရင်လျက် မချင့်မရဲ. . .

အားလုံးအနားမှာ ဝိုင်းရပ်လိုက်ကြပြီး နေရွှေအဖြစ်ကို ရယ်ကြသည်။

"တော်တော် အားကိုးလောက်တဲ့ ဖအေနော်. . . မအေနဲ့ ဗိုက်ကိုတော့ မမြင်ဘဲ မအေကိုပဲ မြင်သတဲ့ဗျာ. . . နှစ်ယောက်ကြားမှာ က်ကောင်းလို့ ကလေးထွက်ကျမလာတာယ်"

"ခွေးကောင်"

နေရွှေ ရှက်ရှက်နှင့် ဖြိုးဝဌာ လက်မောင်းကို ဝိတ်ထိုးသည်။

"ဒီကိစ္စကို သမီးက ဘယ်သူမှ အသိမပေးဘူးကွဲ. . . သားသိမှာ ဒိုးလို့တဲ့. . . သားကို လိုက်ရှာလာကောင် ကားပေါ်က အောက်ကိုဆင်းတာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ ထက်ရှား. . . စောစောကသာသိရင် ကိုကို ဘယ်လိုမှ နေနိုင်မှာ မဟုတ်ဘူး"





"ဪ. . . ဒါဆို ကိုကိုက ကလေးမရှိလို့ ထက်ရှားကို ပစ်ထားတာပေါ့"

ထက်ရှား မျက်ဝန်းမှာ ကြေကွဲရိပ်တွေ ချက်ချင်း ထင်လာသည်။ နေရွှေ မျက်လုံးပြူးရပြန်ပြီ။

"ဒီလို မဟုတ်ဘူးလေ. . . ထက်ရှားမှာ ကိုယ်ဝန်ရှိတော့ အနားမှာ ဖအေရှိမှ တင့်တယ်မှာပေါ့. . . ထက်ရှားလည်း အားငယ်ရှာမယ်လို့ တွေးပူမိမှာ ဒါကို ပစ်ထားရင် ကိုကို လူမဆန်ဘူး ဖြစ်သွားမှာ"

"ခု ထက်ရှားကို ပစ်ထားတာကရော"

"ဒါက ထက်ရှား ကိုကို့ကို မုန်းနေတယ် ထင်လို့လား. . . ကလေးလည်း မရှိတော့ဘူးဆိုတော့ ထက်ရှား အချစ်ကိုရဖို့ ကိုကို့မှာ မျှော်လင့်ချက် မရှိတော့ဘူးလေ. . . ကိုကို ကလေးလိုချင်တာက မင်းကို ချည်နှောင်ချင်လို့ပါ ထက်ရှားရယ်"

ဒီတော့မှ ထက်ရှား မျက်နှာလေး ကြည်လင်သွားသည်။

"ယုံထင်ကြောင်ထင် မထင်နဲ့ဦး ထက်ရှား. . . ဒီကောင်မြ ညည်းဆီ ပြန်မယ်တကဲကဲ လုပ်နေလို့ ငါတို့အတင်းချုပ်ထားရတာ. . . မင်းမရှိမှ မင်းကိုချစ်တဲ့စိတ်တွေ ပေါ်လာမှာလို့ ပြောပြီး မနည်းတားဆီးထားရတာ. . . ဟီး. . . ဟီး. . . ငါတို့က လူကြမ်းတွေပေါ့"

လင်းဟိန်းက အမှန်းခံ၍ ဝင်ပြောပေးရှာသည်။

"သမီးကလည်း ကလေးနဲ့မြူဆွယ်ပြီး မခေါ်ချင်ဘူးတဲ့လေ. . . အမေတို့မှာလည်း ကြားကနေ ဘာလုပ်ရမှန်းကို မသိဘူး"

ပြော၍ ဒေါ်စိုးစိုးထက် လှည့်ထွက်သွားလေသည်။

"ဟိတ်ကောင်. . . သိလရှင်ဝတ်မယ့်လူကို လွှတ်လိုက်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



နေရွှာက ရယ်၍ ထက်ရှားပခုံးလေးကို ဖက်ထားလိုက်သည်။ အန်တီအေးကြီးကို သီလရှင်ဝတ်တာ သူမြင်ခဲ့ပြီးပြီလေ. . .

"ထက်ရှား"

"ကိုကို"

"ကိုကို့ကို ချစ်တယ်နော်"

"ချစ်တယ်. . . ကိုကို မုန်းသွားရင် ထက်ရှား ရူးသွားနိုင်တယ် သိလား"

လင်းဟိန်းနဲ့ ဖြိုးဝဥ္စာ တစ်ယောက်ကိုတစ်ယောက် လက်တို့ကာ သူတို့ကို ကျောခိုင်း၍ သုတ်သုတ်လျှောက်ကြသည်။

"လစ်တော့မယ်. . . ဟိတ်ကောင်ရေ. . . တော်ကြာ ငါတို့ စိတ်ဓာတ်ကျပြီး မပြန်တော့ဘဲ မင်းတစ်ခါတည်း သင်္ကန်းစည်းပေးနေရအုံးမယ်"

သူတို့ရယ်၍ တစ်ယောက်မျက်နှာတစ်ယောက် မော့ကြည့်မိကြသည်။

"နောက်ဆို ထက်ရှား မဆိုးတော့ဘူး. . . ကိုကို ထက်ရှားကို မထားခဲ့နဲ့တော့နော်"

"ထက်ရှားရယ်"

"လွမ်းရတဲ့ ဝေဒနာကို ကြောက်လွန်းလို့ ကိုကို ထက်ရှားလေး ကိုကို့ကို သိပ်ချစ်တယ်"

ဘုရားကျောင်းဝိုင်းထဲမှာမို့ ထိန်းသိမ်းလိုက်ခြင်းဖြင့် နေရွှာရဲ့ အနမ်းက ထက်ရှားရဲ့ဆံနွယ် နုနုလေးတွေပေါ်မှသာ. . .

ပြီးပါပြီ။

သျှင်မ

လိုမ့် နေနိုင်မှာ ။

ရည်မွန်စာပေ